၁၅၈၈၉
၁၈၀၇

လောကီ-လောကုတ် မယုတ်တိုးပွား
အကျိုးများစေရန်ရည်သန်၍

စဥ့်ပါကြီး ဆရာတော်ဘုရား
စီစဉ်ရေးသားအပ်သော

စံပြ

# သင်္ခေပမင်္ဂလာစဥ့်ကျမ်း

ဓမ္မဒါန-ပြုသည်။

စံပြ သခင်ပ မင်္ဂလာစဉ်ကျမ်း
ရေးသားသော



စဉ့်ပါကြီး-ဆရာတော်ဘုရားပုံတော်

၉၁၃၄

ဝေနေယျ သတ္တဝါတို့အား ပစ္စုပ္ပန်သံသရာ၌
လောကီ-လောကုတ္တရာ
နှစ်ဖြာသောအကျိုး တိုးပွားကြရန် ရည်သန်၍၊

ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ် စဉ့်ပါကြီးရွာ၊

အောင်သာကျောင်း ဆရာတော်-ဦးသန္တန

စီစဉ် ရေးသားအပ်သော

# စံပြ

# သင်္ခေပမင်္ဂလာစဉ်ကျမ်း

အရှင်ကုမာရ(ဓမ္မာစရိယ)၊ အရှင်ဓမ္မာနန္ဒတို့
တည်းဖြတ် သုတ်သင်သည်။

ဦးစိုးမင်း၊(ဓမ္မာစရိယ)ကြပ်-မ ပုံနှိပ်သည်။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ်(၃၂၀၃)

ပထမအကြိမ် ပုံနှိပ်ခြင်း

စာအုပ်ရေ (၁,၀၀၀)

၁၉၆၉-ခုနှစ်၊ မေလ (၂၇)ရက်။

[ဦးစိုးမင်း၊ အမှတ်-၁၇၅၊ ၂၉-လမ်း၊ ရန်ကုန်မြို့-က တင်းလွတ်ခွင့်အမှတ်(၀၇၅၄)ဖြင့် ထုတ်ဝေသည်။]

[ဒေါ်စန်းရီ၊ မှတ်ပုံတင်အမှတ်(မြဲ-၀၀၂၇)က၊ မဟာဝိဇ္ဇာ စာပုံနှိပ်တိုက်၊ အမှတ်-၂၁၄၊ လမ်း-၃၀၊ ရန်ကုန်မြို့-တွင်၊ ပုံနှိပ်သည်။]

# နိဒါန်း

## ခံပြ သဒ္ဒေပ မင်္ဂလာခဉ်းကျမ်း ဖြစ်ပေါ်လာရခြင်းအကြောင်း

**ယုံကြည်ချက်။** ။ဗုဒ္ဓဘာသာ သမ္မာအယူရှိ၍ အသိဉာဏ်ရင့်သန်ကြွယ်ဝသူတို့သည် ဘာသာရေးယဉ်ကျေးမှုဖြင့် ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို စောင့်သုံးကြကာ အရာရာတွင် ယဉ်ကျေးကြပါမူ လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာဟူသမျှကို မိမိ သူတပါး နှစ်ဦးသားတို့၏ ပစ္စုပ္ပန်သံသရာအကျိုးနှစ်မျိုး နှစ်စားအားဖြင့် ရယူနိုင်ကြလိမ့်မည်ဟု ယုံကြည်မိပါသည်။

**တောင့်တချက်။** ။ပြဆိုအပ်ခဲ့ပြီးသော ယုံကြည်ချက်ရှိသဖြင့် မြန်မာယဉ်ကျေးမှုနှင့် ကိုယ်ကျင့်ဆိုင်ရာ ကျင့်ဝတ်တရား များစွာပါသော ဘုရားဟောဖေါ် မင်္ဂလာတရားတော်မြတ်ကို လွယ်ကူစွာလေ့လာကြည့်ရှု ကျက်မှတ်မှု ပြုနိုင်ကြစေရန် မင်္ဂလာနှင့်ဆိုင်ရာ ရေးသားပြီးသော ကျမ်းစာပေါင်ရှိလင့်ကစား သီးခြားတမူ ကျမ်းတဆူ တိုးပွားလာစေ ကောင်းလေစွာ့ဟု မျှော်လင့်တောင့်တမိပြန်ပါသည်။

**ကျမ်းဂုဏ်ရည်။** ။မျှော်လင့်တောင့်တမိသည့်အတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် စဉ့်ပါကြီး ဂါမဒ္ဓ ယာပထလေးဘော်ဖြင့် မျှတသီတင်းသုံးတော်မူကာ ကျောက်ထီးတန္တ အလေးပြုထိုက်

# နိဒါန်း

သော ကျမ်းပြုဆရာတော်ဘုရားကြီးသည် တပည့်တကာ တကာမများနှင့် မင်္ဂလာတရားတော်ကို လိုက်စားလိုသူ ပုဂ္ဂိုလ်ဟူသမျှတို့ လွယ်ကူစွာ သင်အံ့ကြည့်ရှုလေ့လာ၍ ပြုနိုင်ကြစေရန် ဆိုင်ရာဆိုင်ရာ ပါဠိတော်အဋ္ဌကထာ ဋီကာ ဂဏ္ဌိစသည့်များစွာ ကျမ်းအဖြာဖြာတို့မှ ထုတ်နှုတ်ကာ အာစရိယ လဒ္ဓေါပဒေသ၊ အာစရိယမုဋ္ဌိ လက်ကိုင်ရရှိကျမ်းဂန်ညီလျက် ထုတ်ပြစီစဉ်ကာ မင်္ဂလာတရားတော်နှင့်စပ်သမျှ အရပ်ရပ်အသွယ်သွယ် သိဘွယ်ဟူသမျှတို့ကို ဤကျမ်းစာတွင် ထည့်သွင်းဖော်ပြထားပေသည်။

မင်္ဂလာတရားတော်မြတ်သည် တကမ္ဘာလုံးရှိ လူသားတို့၏ မကောင်းမှု အပြစ်ပျောက်၍ ကောင်းမှုအနှစ် ရောက်ရှိနိုင်သဖြင့် သိသင့်သိထိုက် မှတ်သင့်မှတ်ထိုက်ဘွယ် နည်းအသွယ်သွယ်တို့ကို သိရှိကြ၍ လိုက်နာ ကျင့်သုံးနိုင်ရန် လေးလေးစားစား အရေးထားကာ ကြည့်ရှုမှတ်သား လေ့လာလိုက်စား ဖတ်ကြားထိုက်သော ကျမ်းစာတစောင်ဖြစ်ကြောင်း မှတ်တမ်းတင်အပ်ပေသည်။

# အာသီသ

လောကီ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာ မင်္ဂလာကို လွန်စွာလိုလား တောင့်တကြသော အမျိုးကောင်း သားသမီးတို့သည် သန္တုဋ္ဌိ သလ္လေခ သန္တိန္ဒြိ နိပကာ စသောဂုဏ် ပိဋကတ္တယဆောက ပိဋကတ္တယကောဝိဒ ပိဋကတ္တယဝိဒူ စသော ဂုဏ်တို့နှင့်ပြည့်စုံသော ဆရာတော်ဘုရား၏ လက်ရာကောင်း ဖြစ် သော "စံပြ သခေ်ပ မင်္ဂလာစဉ်" ကျမ်းစာကို အတ္တုက္ကံသန ပရဝမ္ဘန စသည်အပြစ်များ မပါရှိဘဲ၊ မင်္ဂလာတရားသက်သက်မျှ သာဖြစ်သော ကျမ်းစာတစောင်ကို အာရုံတပါး စိတ်မသွားဘဲ ကျနသေချာကြည့်ရှုမှတ်သားနိုင်ကြပါကုန်မူ ကောင်းပါပေစွ။

ကြည့်ရှုကြကုန်ပြီး၍ မင်္ဂလာနှင့်စပ် တရားတော်မြတ်လာသည့် အတိုင်း ပိုင်ပိုင်မိမိ တိတိကျကျ သိရှိကြပြီးလျှင် ကျင့်ကြံကြိုးကုတ် အားထုတ်ပါကုန်မူကား ပစ္စုပ္ပန် သံသရာတို့၌ ကြီးပွားခြင်း အ ကြောင်း ကောင်းမြတ်သောမင်္ဂလာရှိကြောင်း ကောင်းလေစွ။

သို့ဖြစ်ပါ၍ မင်္ဂလာတရားတော်မြတ်နှင့် ဆန့်ကျင်ခြင်းမရှိကြ ကုန်ဘဲ၊ ဝါ-တရားတလမ်း ငါးတလမ်းဟု သော့သွမ်းပြန့်လွင့် ဆန့်ကျင်ခြင်းမရှိကြကုန်ဘဲ ကျင့်ကြံကြိုးကုတ် အားထုတ်ကြပါ ကုန်မူကား ကောင်းကျိုးချမ်းသာ မင်္ဂလာတို့နှင့်ပြည့်စုံကာ နိဗ္ဗာန် ရောက်ကြောင်း ကောင်းမြတ်ပါပေစွဟု အာသီသအမှု ပတ္ထနာ ပြုလိုက်ပါသည်။

နိဒါန်းပြီးပြီ။

၁၃၃၀-ပြည့်၊ နတ္တော်လဆုတ် ၁၁-ရက်၊ တနင်္ဂနွေနေ့။ ၁၅-၁၂-၆၈

# တောင်းပန်လွှာ

စကားရွေ့လှန်၊ မွားမေ့ကျန်၍
မမှန်ယိမ်းချော်၊ တိမ်းပါးသော်လည်း
သူတော်တကာ၊ သည်းခံပါဟု၊
သံသာပျောင်းပျ၊ တောင်းပန်ခ၏၊
မာန်မျှမောက်မို၊ ငါစာဆိုဟု၊
မလိုမလား၊ ပိုမလွှားတည့်။

(အဘိရူကပျို့)

ဟူသောပျို့စကားအတိုင်း ကျေးဇူးရှင် ဆံရာတော်ဘုရားကြီးသည် ထိုထိုပါဠိ အဋ္ဌကထာ ဋီကာ ဂဏ္ဌိ စရိမျှားစွာ ကျမ်းအဖြာဖြာတို့မှ ကောင်းနိုးရာရာ မှတ်သားဘွယ် အသွယ်သွယ်တို့ကို ထုတ်နုတ်၍ ပြဆိုအပ်သော ကျမ်းဂန်စကား, ပေါရာဏစကား, ဝေါဟာရစကား, တို့သည် ချွင်းချက်မရှိ မှန်ကန်ပါသည်ဟု မဆိုလိုပေ။ အကြောင်းကား နိရုတ္တိ ပဋိသ မ္ဘိဒါဉာဏ် ရကြသော ပုဂ္ဂိုလ်များ မဟုတ်သေးသောကြောင့်တည်း။ သတိလွှတ်ကင်း မေ့လျော့ခြင်း၊ ကျမ်းဂန်အယူအဆကွဲလွဲခြင်း၊ တိမ်းပါးယိမ်းပါး ရေးသားထားခြင်း၊ စကားချွတ်ချော်ခြင်းများစသည် တွေ့ရှိခဲ့သော် ကျမ်းပြုဆရာတော်၏အပြစ်ဟု မရှုမှတ်ဘဲ၊ ယခုစာရေးသူ၏ တာဝန်သာဖြစ်ကြောင်း ပညာရှင်အပေါင်း သူတော်ကောင်းတို့အား ပန်ကြားသိစေအပ်ပါသည်။

အရှင်ဓမ္မာနန္ဒ
ကျမ်းပြုဆရာတော်၏တပည့်

# ကျေးဇူးတင်လွှာ

ဤ"စံပြသခင်ပမင်္ဂလာစဉ်ကျမ်း"စာကို သြဝါဒနုမဍိဝိသော
ဓက အဖြစ် သုတ်သင်ပြင်ဆင်ပေးအော်မူသော ကံဘဲ့မြို့ မဟာ
ဗောဓိကျောင်း "သာသနဓဇသိရိပဝရ ဓမ္မစရိယ စာချဖြစ်တော်
မူသော "အရှင်ကုမာရ" မဟာထေရ်အား အထူးကျေးဇူးတင်ရှိ
၍ နှစ်ထောင့်အားရ ကျေနပ်ဝမ်းမြောက်မဆုံးဖြစ်မိပြီး အရှင်
ဘုရား၏ ပညာဂုဏ်ကိုလည်း ချီးကျူးအပ်ပါသည်။

ဝက်နက်မြို့နယ် စင့်ပါကြီးဂါမ အောင်သာကျောင်းနေ
အရှင်အာစိဏ္ဏအား သခင်ပမင်္ဂလာစဉ် ကျမ်းစာအုပ် ရိုက်နှိပ်ရန်
ရန်အတွက် လိုအပ်သော ဝတ္ထုငွေများကို ရှာဖွေစုဆောင်း
ကောက်ခံ၍ ကူညီသောကြောင့် ကျေးဇူးဥပကာရ အထူးဘဲ
တင်ရှိအပ်ပါသည်။

တဖန် စာမူကိုသုတ်သင်ပြီးခြင်း, ဝတ္ထုငွေ လုံလောက်
ခြင်းရှိသော်လည်း ဘာသာရေး စာပေခွင့်ပြုချက် ရအောင်
အားထုတ်ကူညီ၍ စာအုပ် ပြီးမြောက်သည်အထိ အစစအရာရာ
ကူညီစောင့်ရှောက်ပေးသော ရန်ကုန်မြို့(၂၉)လမ်း အောင်သုခ
ပုံနှိပ်တိုက်ပိုင်ရှင် ဦးစိုးမင်း (ဓမ္မာစရိယ)အား အထူးကျေးဇူး
တင်ရှိပါသည်။

အရှင်ဓမ္မာနန္ဒ
ကျမ်းပြုဆရာတော်၏တပည့်

# စံပြ သင်္ခေပ မင်္ဂလာစဉ်ကျမ်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။**

**ပဏာမ**

**ဗုဒ္ဓေါစ မင်္ဂလော လောကေ**
**သမ္ဗုဒ္ဓေါစာပိ လောကဂ္ဂေါ**
**ဗုဒ္ဓံသရဏ မာဂမ္မ**
**သဗ္ဗဒုက္ခာ ပမောစယ။ ။**

သုံးလောက-ဘုံအပြင်၌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်သာ၊ ကောင်းမြတ်တင့်တယ်တော်မူသော၊ မင်္ဂလာကြီးတဆူ ဖြစ်တော်မူပါပေသည်ဘုရား။ ဟုတ်မှန်လှစွာ၊ လေးသစ္စာကို၊ ဆရာမကူ၊ သယမ္ဘူဉာဏ်၊ ခွဲဝေဘန်၍၊ ကေန်ဆတ်ဆတ်၊ သိတော်မူတတ်သောကြောင့်လည်း၊ လောကသုံးခွင်၊ ဘုံအပြင်မှာ၊ အမြတ်ဆုံးဆိုတဲ့၊ မင်္ဂလာတော်မြတ်ကြီးတဆူ၊ ဖြစ်တော်မူပါပေသည်ဘုရား။ ။အမြတ်အထွဋ်၊ တမွတ်မှန်ကူ၊ မင်္ဂလာတဆူဖြစ်တော်မူသော၊ ရှင်တော်မြတ်ဘုရားကို လေးစားကြည်ညို၊ ဦးဆံပုန်၍၊ ခိုလှုံဦးတိုက်ကြကုန်သော၊ ဗြဟ္မာနတ်လူ၊ သုံးဘုံသူတို့သည်၊အလုံးစုံသော၊ ဆင်းရဲဒုက္ခတို့မှ၊ မုချမှန်စွာ၊ ကင်းလွတ်ကြရ ပါကုန်သည်ဘုရား။

တင့်တယ်ကောင်းမြတ်၊ လျှောက်ပတ်မွန်ကန်လှစွာ၊ ကြက်သရေမင်္ဂလာတော်မြတ်တို့ကို၊ အကြွင်းအကျန်မရှိ၊ မုချ ဆတ်ဆတ် သိမြင်တော်မူသော၊ မင်္ဂလာပိုင်ရှင်၊ မင်္ဂလာသခင် ဖြစ်တော်မူပါသော-မြတ်စွာဘုရားကို ဘုရားတပည့်တော်သည်၊ မင်္ဂလာအကျိုး မျှော်တာကိုး၍၊ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့၊ ကန်တော့ပါ၏၊ မင်္ဂလာသခင်-ရှင်တော်မြတ်ကြီးဘုရား။

ဘုရားတပည့်တော်ကို၊ လောကီ လောကုတ္တရာ၊ ကျမ်းစာ အဖြာဖြာ၊ အဆုံးအမ-ဩဝါဒ- အဖြာဖြာတို့ဖြင့်၊ တနုပဲ့ပြင်၊ သွန်သင်တော်မူကြပါသော၊ ဆရာသခင် ကျေးဇူးတော်အရှင်များကိုလည်း ယုံကြည်လေးစား၊ ဝတ်တွားရိုကျိုး၊ လက်စုံမိုးကာ၊ ရှိခိုးပါ၏ဘုရား။

## မင်္ဂလာစဉ် ၃၈-ပါးကို ပါဠိ,မြန်မာ,ကဗျာတို့ဖြင့် ခွဲခြားပုံ

က။ အသေဝနာစ-ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာစ-ပူဇနေယျာနံ၊ ဧတံ-မင်္ဂလ မုတ္တမံ။ ။

၁။ ဗာလ အသေဝန မင်္ဂလာ။

၂။ ပဏ္ဍိတ သေဝန မင်္ဂလာ။

၃။ ပူဇနေယျ ပူဇာမင်္ဂလာ။

(ပါဠိလို)

၁။ လူမိုက်တို့ကို မမှီဝဲ-မဆည်းကပ်ခြင်း မင်္ဂလာ။
၂။ ပညာရှိတို့ကိုမှီဝဲ-ဆည်းကပ်ခြင်း မင်္ဂလာ။
၃။ ပူဇော်ထိုက်သောသူတို့ကို၊ ပူဇော်ခြင်း မင်္ဂလာ။
(မြန်မာလို)

က။ အသေဝနာစ........ မုတ္တမံ။ ။

လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့
မမှီဝဲနှင့် ကင်းအောင်နေ
ပညာရှိကို အရှည်တွဲလို့
မှီဝဲဆည်းကပ် နည်းယူစေ
သုံးပါးရတနာ မိဘများနှင့်
ဆရာသမားကို ပူဇော်လေ
ချမ်းသာကိုပေး ဆက်ဆံရေး
မြှော်တွေးသုံးချက်ပေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။ ။
(ဆိုင်ရာကဗျာလို)

ခ ။ ပတိရူပ ဒေသဝါသောစ၊ ပုဗ္ဗေစကတပုညတာ၊
အတ္တသမ္မာ ပဏိဓိစ၊ ဝေတံမင်္ဂလ မုတ္တမံ။ ။

၁။ ပတိရူပ ဒေသဝါသ မင်္ဂလာ။
၂။ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ။
၃။ အတ္တသမ္မာ ပဏိဓိ မင်္ဂလာ။
(ပါဠိလို)

၁။ ကုသိုလ်-ပညာ၊ ဥစ္စာနှင့် နည်းပေးလမ်းပြ- အဆုံးအမ
ဩဝါဒ-ရနိုင်ရာအရပ်၌ နေရခြင်း မင်္ဂလာ။

၂။ ရှေးရှေးသောဘဝနှင့်-ယခုဘဝတို့၌၊ ဆည်းပူးအားထုတ်
ပြုလုပ်ထားသော ကုသိုလ်ရှင် အလုပ်ကံတရားရှင် ဖြစ်ရ
ခြင်း မင်္ဂလာ။

၃။ မိမိ၏ ကိုယ်စိတ်နှစ်ပါးတို့ကို၊ အလုပ်တရား၊ ကိစ္စတို့၏
အပေါ်၌ ကောင်းစွာထားရခြင်း မင်္ဂလာ။

(မြန်မာလို)

၁။ ပတိရူပ........ မုတ္တမံ။ ။

ကုသိုလ်ပညာ ဥစ္စာရဘို့
သင့်ရာဒေသ အမြဲနေ
ရှေးကတင်ကြို ပြုခဲ့ဘူးသည့်
ကောင်းမှုအထူး ရှိပါစေ
မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့
မတိန်းစေနှင့် ဆောက်တည်လေ
ဥစ္စာကိုပေး နေထိုင်ရေး
မြှော်တွေးသုံးချက်ပေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။ ။

(ဆိုင်ရာကဗျာလို)

၈။ ဗါဟုသစ္စဉ္စ သိပ္ပဉ္စ ဝိနယောစ သုသိက္ခိတော၊
သုဘာသိတာစ ယာဝါစာ ဧတံမင်္ဂလ မုတ္တမံ။ ။

၁။ ဗါဟုသစ္စမင်္ဂလာ (ဝိဇ္ဇာပညာများ)။
၂။ သိပ္ပမင်္ဂလာ (သိပ္ပံပညာများ)။
၃။ ဝိနယ သုသိက္ခိတ မင်္ဂလာ။
၄။ သုဘာသိတ မင်္ဂလာ။

(ပါဠိလို)

၁။ လောကီရေးရာ လောကုတ္တရာရေးရာတို့၌ အမှတ်အသား အကြားအမြင်ရှိခြင်း၊အကြားအမြင်များခြင်း မင်္ဂလာ။
၂။ အသက်မွေးဝမ်းကျောင်းမှု ဖူလုံအောင် စက်မှုလက်မှု စသော၊ အတတ်ပညာများကို သင်ကြား တတ်မြောက် ထားခြင်း မင်္ဂလာ။
၃။ အရာရာတို့၌ ကိုယ်ရောစိတ်ပါ ယဉ်ကျေး သိမ်မွေ့စွာ နေတတ်ထိုင်တတ်ရှိဘို့ရာ ကောင်းမွန်စွာ သင်ကြား ထားအပ်သော ရဟန်းဝိနည်း-လူ့ဝိနည်း စည်းမျဉ်းရှိရ ခြင်း မင်္ဂလာ။
၄။ ပညာရှိ သူတော်သူမြတ်တို့ နားကြားပါလျှင် ကြည်နူး ဘွယ် ဝမ်းမြောက်ဘွယ်ရှိသော စကားတို့ကို ပိုင်နိုင် ပြေလည်စွာ ပြီးပြတ်ပီပြင်စွာ ပြောဆိုတတ်ခြင်း မင်္ဂလာ။

(မြန်မာလို)

၈။ ဗာဟုသစ္စဉ္စ........ မုတ္တမံ။ ။

တတ်ကောင်းတတ်ရာ ဖတ်ဟူသမျှကို
ကြားမြင်သုတ ရှိပါစေ
အိုးအိမ်တည်ထောင်ဝမ်းစာရေးနှင့်
အသက်မွေးဘို့ အတတ်သင်လေ
လူနှင့်ဆိုင်ရာ-ကျင့်ဝတ်များကို
ကောင်းစွာသင်ကြား နားလည်စေ
မှန်ကန်ယဉ်ကျေး ချိုသာအေး
ဆိုရေးတတ်ပါစေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။ ။
(ဆိုင်ရာကဗျာလို)

---

၉။ မာတာပိတု ဥပဋ္ဌာနံ။ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာစ ကမ္မန္တာ။ ဧတံမင်္ဂလ မုတ္တမံ။ ။

၁။ မာတာပိတု ဥပဋ္ဌာန မင်္ဂလာ။
၂။ ပုတ္တဒါရဿ သင်္ဂဟ မင်္ဂလာ။
၃။ အနာကုလ ကမ္မန္တ မင်္ဂလာ။
(ပါဠိလို)

၁။ အနန္တဂုဏ်အင် ကျေးဇူးရှင် အမိအဘတို့၏ အထံပါး၌ ချဉ်းကပ်၍ မငြိုမငြင် ရွှင်လန်းကြည်သာစွာ ပြုစုလုပ်ကျွေးရခြင်း မင်္ဂလာ။

၂။ သမီးသားနှင့် ဇနီးမယားတို့ကို ဝတ်စားငွေကြေး ထိုက်သင့်အောင်ပေး၍ ကြင်နာယုယစွာ လုပ်ကျွေးထောက်ပံ့ရခြင်း မင်္ဂလာ။

၃။ ပေွလိမ်ရှုပ်ထွေး စိတ်လေးစိတ်ဖင့်စရာ မရှိကုန်သောကောင်းသော အမှုအလုပ်တို့ကို ပြုလုပ်ရခြင်း မင်္ဂလာ။

(မြန်မာလို)

ဃ။ မာတာပိတု...... မုတ္တမံ။ ။

မြင့်မိုရ်ရွှေတောင် မိဘကျေးကို
ကောင်းစွာလုပ်ကျွေး ဝတ်ကျေကျေ
ကျွေးသစ်ချကာ သားနှင့်မယားကို
မြှောက်စားချီးမြှင့် ဝတ်ကုန်စေ
အလုပ်တာဝန် မလစ်ဟင်းနှင့်
အပြစ်ကင်းအောင်လုပ်ပါလေ
စည်းစိမ်ကိုပေး ပြုစုရေး
မျှော်တွေးသုံးချက်ပေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။ ။

(ဆိုင်ရာကဗျာလို)

မင်္ဂလာစဉ်မှတ်ချက်။ ။မာတာပိတု ဥပဋ္ဌာနံ ပုဒ်၌

၁။ မာတု ဥပဋ္ဌာနံ
၂။ ပိတု ဥပဋ္ဌာနံ
၃။ ပုတ္တဒါရဿ သင်္ဂဟော

၄။ အနာကုလာစ ကမ္မန္တာ....ဟု
မင်္ဂလာလေးပါး ခွဲထားပြီး-

အာရတီ ဝိရတီ ပုဒ်၌
၁။ အာရတီ ဝိရတီ ပါပါ
၂။ မဇ္ဇပါနာစ သံယမော
၃။ အပ္ပမာဒေါစ ဓမ္မေသုဟု မင်္ဂလာ သုံးပါးယူ၍
၃၈-ပါးဟု ရေတွက်ပြတော်မူ၏။ (အဋ္ဌကထာ)

၁။ မင်္ဂလတ္ထ ဒီပနီကျမ်း။ ၂။ မင်္ဂလာသာရ ဒီပနီကျမ်း။
၃။ တွင်တေးဆရာတော် စသော ဆရာတော်များတို့ကား မာတာပိတုပုဒ်ကို သုံးပါးယူ၍၊ အာရတီပုဒ်၌
၁။ ပါပ အာရတီ။ ၂။ ပါပဝိရတီ။
၃။ မဇ္ဇပါန သံသမ ၄။ ဓမ္မ အပ္ပမာဒ ဟု
မင်္ဂလာ လေးမျိုးယူကာ ၃၈-ပါး ရေတွက်ပြတော်မူကြ၏။

မာတာပိတုပုဒ်မှာပင် မာတုဥပဋ္ဌာနံ ပိတုဥပဋ္ဌာနံ ပုတ္တသင်္ဂဟ ဒါရသင်္ဂဟ ဟု ခွဲခြားကာ မင်္ဂလာငါးပါးဟူ၍ ရေတွက်ကြသေး၏၊ သို့သော်-အဋ္ဌတိံသ-ဟု ဆိုထားသော ၃၈-ပါးသော စာချိုးသဒ္ဒါနှင့် ဆန့်ကျင်နေမည်။

အာရတီ ဝိရတီပုဒ်၌ အာရတီ အရကို မနောကံကိုပြထား၏။ ဝိရတီအရကို ကာယကံ ဝစီကံနှစ်ပါး ပြထား၏။ သို့ဖြစ်၍ အာရတီမင်္ဂလာ မနောကံ စိတ်၊ ဝိရတီမင်္ဂလာ ကာယကံ ဝစီကံ ကိုယ်-နှုတ် နှစ်ပါးဟု မင်္ဂလာ နှစ်ပါး ခွဲခြားလိုက်သည်။

(သုတ္တနိပါတ် အဋ္ဌကထာ)

၄။ ဒါနဉ္စ ဓမ္မစရိယာစ၊ ဉာတကာနဉ္စသင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံမင်္ဂလ မုတ္တမံ။ ။

၁။ ဒါန မင်္ဂလာ
၂။ ဓမ္မစရိယာ မင်္ဂလာ။
၃။ ဉာတက သင်္ဂဟ မင်္ဂလာ။
၄။ အနဝဇ္ဇ ကမ္မ မင်္ဂလာ။

(ပါဠိလို)

၁။ စွန့်ကြဲလှူဒါန်း၊ ဝေခြမ်းမျှတရခြင်း အလှူမင်္ဂလာ။
၂။ ဟုတ်မှန်ဖြောင့်မတ်၊ ကောင်းမြတ်သော အကျင့်တို့ကို ကျင့်ရခြင်း မင်္ဂလာ။
၃။ မိဘက်-ဖဘက်၊သူ့ဘက်-ကိုယ့်ဘက်တို့က စပ်တော်ကြကုန်သော၊ ဆွေမျိုးသားခြင်းတို့ကို၊ ကိုယ်အား- ဉာဏ်အား ဥစ္စာအားတို့ဖြင့် ကူညီထောက်ပင့် ချီးမြှင့်အား ပေးရခြင်း မင်္ဂလာ။
၄။ အရာရာ၌ အပြစ်ကင်းသော အမှုအလုပ်တို့ကို ပြုလုပ်အားထုတ်ရခြင်း မင်္ဂလာ။

(မြန်မာလို)

၄။ ဒါနဉ္စ........ မုတ္တမံ။ ။

သုံးတန်စေတနာ ဖြူစင်တန်းလို့
ပေးကမ်းဝေမျှ လှူနိုင်စေ
ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့

သုစရိုက်တရားကို ကျင့်ပါလေ
ဆေးမျိုးတွေကို ပြင်ပမထားနဲ့
သင်္ဂဟ တရားနှင့် ချီးမြှောက်လေ
သန့်စင်ပြစ်မျိုး လူထုအကျိုး
သည်ပိုးရှက်ဆောင်လေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။ ။
(ဆိုင်ရာကဗျာလို)

---

၈။ အာရတိ ဝိရတိပါပါ၊ မဇ္ဇပါနာစ သံယမော။
အပ္ပမာဒေါစ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ။ ။

၁။ ပါပ အာရတိ မင်္ဂလာ။
၂။ ပါပ ဝိရတိ မင်္ဂလာ။
၃။ မဇ္ဇပါန သံယမ မင်္ဂလာ။
၄။ ဓမ္မအပ္ပမာဒ မင်္ဂလာ။
(ပါဠိလို)

၁။ မကောင်းမှုတို့ကို၊ စိတ်ဖြင့် ဝေးစွာ ရှောင်ကြဉ်ခြင်း မင်္ဂလာ။

၂။ မကောင်းမှုတို့ကို ကိုယ်နှုတ်တို့ဖြင့် အထူးသဖြင့် ရှောင်ကြဉ်ရခြင်း မင်္ဂလာ။

၃။ ဘိန်း၊ ဘင်း၊ ကဇော်- လျှော်စာ သေ ရည် အ ရက် တို့ ကို (ယစ်မျိုးတို့ကို) သောက်စား-လွန်ကြူးခြင်းမှ အောင့်အည်း-စောင့်စည်းရခြင်း မင်္ဂလာ။

၄။ ဖြူစင်ဖြောင့်မှန်သော တရားတော်တို့၌ သတိ မကင်း၊ မမေ့မလျော့ခြင်း မင်္ဂလာ။

(မြန်မာလို)

၈။ အာရတိ........ မုတ္တမံ။ ။

မကောင်းမှုတွေ ဟူသမျှကို
မတွေ့ခင်က ရှောင်ကြဉ်လေ
တွေ့ကြုံလာလျှင် မလွန်ကြူးနဲ့
အထူးသဖြင့် စောင့်စည်းနေ
အရက်သေစာ မသောက်စားနဲ့
မှောက်မှားတတ်တဲ့ အရာပေ
လုပ်ကိုင်ပြောကြား သတိထား
တရားမမေ့စေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။ ။

(ဆိုင်းရာကများလို)

ဆ။ ဂါရဝေါစ နိဝါတောစ၊ သန္တုဋ္ဌီစ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ တေံမင်္ဂလ မုတ္တမံ။ ။

၁။ ဂါရဝ မင်္ဂလာ။
၂။ နိဝါတ မင်္ဂလာ။
၃။ သန္တုဋ္ဌီ မင်္ဂလာ။

၄။ ကတညုတာ မင်္ဂလာ။
၅။ ကာလေန ဓမ္မဿဝနံ မင်္ဂလာ။
(ပါဠိလို)

၁။ ဂုဏဝုဍ္ဎိ–ဝယဝုဍ္ဎိ–ဇာတိဝုဍ္ဎိ– ဂုဏ်သိက္ခာကြီးသူ· အရွယ်ကြီးသူ၊ အမျိုးဇာတ်ကြီးသူ၊ ဤသို့ ရှိသေထိုက်သော သူတို့ကို ရိုသေရခြင်း မင်္ဂလာ။
၂။ မာနတရား ဒေါသအမှားတို့ကို ပယ်ရှားပြီး၊ မိမိ၏ ကိုယ် စိတ်နှစ်ပါးကို နှိမ့်ချထားခြင်း မင်္ဂလာ။
၃။ အရာရာတို့၌ ဇာမကျယ်၊ ဂျီးမများ၊ ဂျီးမထူမူ၍၊ မိမိနှင့် ထိုက်သမျှ၊ တန်သမျှ ရသမျှဖြင့်သာ တင်းတိမ်ကျေနပ်ကာ၊ ရောင့်ရဲနှစ်သက်နိုင်ခြင်း မင်္ဂလာ။
၄။ သူပြုထားဘူးသော၊ ကျေးဇူးဥပကာရနှင့်၊ ကိုယ်ပြုထားသော၊ ပညာကမ္မခေါ်၊ ကျေးဇူးများကို၊ နှေ့ညဆင်ခြင်၊ အောက်မေ့သိမြင်နိုင်ခြင်း မင်္ဂလာ။
၅။ လောဘ ဒေါသ စသော၊တရားဆိုးတို့ကို၊ ပယ်လှန်ခွာချ ဘို့ရာ၊ သင့်လျော်လျောက်ပတ်သော အခါ၌၊ တရား တော် နာရခြင်း မင်္ဂလာ။
(မြန်မာလို)

ဆိ။ ဂါရဝေါစ........ မုတ္တမံ။ ။

အသက်သိက္ခာ ဂုဏ်ဝါကြီးက ဆည်းကပ်ခစား ရိုသေသေ မာနတံခွန် ဂုဏ်မကြွနဲ့ ကိုယ့်ကိုနှိမ့်ချအမြဲနေ

လောဘအပို့ အလိုမလိုက်နဲ့ ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ
ကိုယ့်ပေါ်ပြုဘူး ဘူ့ကျေးဇူး အထူးသိတတ်စေ
ကောင်းကျိုးဆင့်ပွား မြတ်တရား နာကြားမပြတ်ပေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။ ။
(ဆိုင်ရာကဗျာလို)

---

၈။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလ မုတ္တမံ။ ။

၁။ ခန္တီ မင်္ဂလာ။
၂။ သောဝစဿတာ မင်္ဂလာ။
၃။ သမဏာနဉ္စ ဒဿန မင်္ဂလာ။
၄။ ကာလေန ဓမ္မသာကစ္ဆာ မင်္ဂလာ။
(ပါဠိလို)

၁။ စားသောက်နေထိုင်မှု၊ ပေါင်းသင်းဆက်ဆန်မှု၊ ပြောဆိုမှု စသည်တို့၌ သည်းခံခြင်း မင်္ဂလာ။
၂။ ရှေ့နောက်မျှော်မြင်၊ ပညာရှင်တို့က၊ ကိုယ်ကျိုးကို မျှော်ထောက်ကာ၊ မေတ္တာကရုဏာနှင့် သွန်သင်နည်းပြ၊ ဆိုဆုံးမတာကို၊ မသွေမလှန် နာခံ မှတ်ယူခြင်း မင်္ဂလာ။
၃။ ကိလေသာမှု၊ ငြိမ်းအေးအောင် ပြုတော်မူတတ်သည့်၊ ရဟန်းတော်အရှင်မြတ်တို့ကို၊ ယုံကြည်ဦးတင်၊ ဖူးမြင်ဝတ်ချခြင်း မင်္ဂလာ။

၄။ ငါးရက်တကြိမ်၊ ဆယ်ရက်တကြိမ်၊ အားလပ်ခွင့်သာ၊ သင့်လျော်လျောက်ပတ်သော အခါ၌၊ သူတော်သူမြတ်၊ တရားတော်တို့ကို ဆွေးနွေးမေးမြန်း စုံစမ်းဝေဘန်ခြင်း မင်္ဂလာ။

(မြန်မာလို)

၉။ ခန္တီစ........ မုတ္တမံ။ ။

ဝတ်စားနေထိုင် ရန်ခပ်သိမ်း
စိတ်ကိုချုပ်ထိန်း သည်းခံလေ
ကျိုးကြောင်းပြည့်ဆုံ ဆုံးမစကားကို
ပြေ ကြားလာက နာလွယ်စေ
သူမြတ်ပုဂ္ဂိုလ် ဟူသမျှကို
မကြာခဏ တွေ့ဆုံလေ
သဘာဝတွေး မှန်ကန်ရေး
ဆွေးနွေးမပြတ်ပေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။ ။

(ဆိုင်ရာကဗျာလို)

၁၂။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာန သစ္ဆိကိရိယာ စ၊ ဧတံမင်္ဂလ မုတ္တမံ။ ။

၁။ တပေါ မင်္ဂလာ။
၂။ ဗြဟ္မစရိယ မင်္ဂလာ။

၃။ အရိယသစ္စာန ဒဿနမင်္ဂလာ။
၄။ နိဗ္ဗာန သစ္ဆိကိရိယ မင်္ဂလာ။
(ပါဠိလို)

၁။ ကိလေသာမျိုး တရားဆိုးကို ပူပန်ခန်းခြောက်စေတတ်သော သတိဝီရိယခေါ်သော တပေါမင်္ဂလာ။

၂။ မေထုန်ပယ်လွှင့် မြတ်သော အကျင့်တို့ကို ကျင့်ခြင်းမင်္ဂလာ။

၃။ ဖြူစင်ဖြောင့်မှန်သော သစ္စာ၄-ပါး တရားတော်တို့ကို သိမြင်ခြင်းမင်္ဂလာ။

၄။ အရဟတ္တဖိုလ် နိဗ္ဗာန်တရားတော်မြတ်ကို မျက်မှောက်ပြုခြင်း မင်္ဂလာ။

(မြန်မာလို)

**၁၂။ တပေါစ........ မင်္ဂလမုတ္တမံ။ ။**

လောကီအာရုံ ဇိမ်ယစ်မူးလို့
ပျော်မကြူးနဲ့ ခြိုးခြံလေ
မေတ္တာဗြဟ္မစိုရ် လက်ကိုင်သုံးလို့
သူမြတ်ကျင့်ထုံး ယှင်းမသွေ
လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့
အမှန်သိအောင် ကြိုးစားလေ
ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချင်း

အလင်းပေါက်နိုင်စေ
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။ ။
(ဆိုင်ရာကဗျာလို)

................

ည။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံယဿ နကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ တေမင်္ဂလ မုတ္တမံ။ ။

၁။ စိတ္တ နကမ္ပတိ မင်္ဂလာ။
၂။ အသောကမင်္ဂလာ။
၃။ ဝိရဇ မင်္ဂလာ။
၄။ ခေမ မင်္ဂလာ။
(ပါဠိလို)

၁။ လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့ကြုံ တိုက်ဆိုင်သော အခါမှာ ကိုယ်စိတ်နှစ်ဖြာ မတုန်မလှုပ်ခြင်း မင်္ဂလာ။

၂။ ကိစ္စအာရုံ အဖုံဖုံတို့၌ စိုးရိမ်ကြောင့်ကြမှု တွေးတောပူပန်မှု မရှိခြင်း မင်္ဂလာ။

၃။ မြူမှုန် အညစ်အကြေးတို့နှင့် အလားတူသော ရာဂ-ဒေါသ-မောဟ မရှိခြင်း မင်္ဂလာ။

၄။ ယောဂလေးဖြာ ကင်းရှင်းကွာ၍ ဘေးဘယာဥပါဒ်မရှိ ကင်းရှင်းခြင်းမင်္ဂလာ။
(မြန်မာလို)

ည။ ဖုဋ္ဌဿ လောကဓမ္မေဟိ.... မုတ္တမံ။ ။

ဆင်းရဲချမ်းသာ သဘာဝ
တွေ့ကြုံနေကြ လူတိုင်းပေ
ကောင်းဆိုးနှစ်တန် အစုံတွဲလို့
တလဲစီလှည့် အမြဲနေ
လောကဓံကြုံ မဖြုံတန်းပေါ့
မတုံလှုပ်စမ်းနဲ့ စိတ်ခိုင်စေ
သောကကိုထိန်း ရမ္မက်သိမ်း
အေးငြိမ်းချမ်းသာနေ
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။ ။
(ဆိုင်ရာကဗျာလို)

## ပါဠိလို မင်္ဂလာစဉ် ၃၈-ပါး

၁။ ဗါလအသေဝနမင်္ဂလာ
၂။ ပဏ္ဍိတသေဝန မင်္ဂလာ
၃။ ပူဇနေယျ ပူဇာမင်္ဂလာ
၄။ ပတိရူပ ဒေသဝါသမင်္ဂလာ
၅။ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ
၆။ အတ္တသမ္မာ ပဏိဓိမင်္ဂလာ
၇။ ဗာဟုသစ္စ(ဝိဇ္ဇာပညာ)မင်္ဂလာ
၈။ သိပ္ပ(သိပ္ပံပညာ)မင်္ဂလာ

၉။ ဝိနယ သုသိက္ခိတ မင်္ဂလာ
၁၀။ သုဘာသိတဝါစာ-မင်္ဂလာ
၁၁။ မာတာပိတု ဥပဋ္ဌာနမင်္ဂလာ
၁၂။ ပုတ္တဒါရ သင်္ဂဟ မင်္ဂလာ
၁၃။ အနာကုလကမ္မန္တ မင်္ဂလာ
၁၄။ ဒါန မင်္ဂလာ
၁၅။ ဓမ္မစရိယ မင်္ဂလာ
၁၆။ ဉာတက သင်္ဂဟ မင်္ဂလာ
၁၇။ အနဝဇ္ဇ ကမ္မ မင်္ဂလာ
၁၈။ ပါပ အာရတီ မင်္ဂလာ
၁၉။ ပါပ ဝိရတီမင်္ဂလာ
၂၀။ မဇ္ဇပါန သံယမ မင်္ဂလာ
၂၁။ ဓမ္မ အပ္ပမာဒ မင်္ဂလာ
၂၂။ ဂါရဝမင်္ဂလာ
၂၃။ နိဝါတ မင်္ဂလာ
၂၄။ သန္တုဋ္ဌိ မင်္ဂလာ
၂၅။ ကတညုတာ မင်္ဂလာ
၂၆။ ကာလ ဓမ္မဿဝန မင်္ဂလာ
၂၇။ ခန္တီ မင်္ဂလာ
၂၈။ သောဝစဿတာ မင်္ဂလာ
၂၉။ သမဏာ ဒဿန မင်္ဂလာ
၃၀။ ကာလ ဓမ္မသာကစ္ဆာ မင်္ဂလာ

၃၁။ တပေါ မင်္ဂလာ
၃၂။ ဗြဟ္မစရိယ မင်္ဂလာ
၃၃။ အရိယသစ္စ ဒဿန မင်္ဂလာ
၃၄။ နိဗ္ဗာန သစ္ဆိကိရိယ မင်္ဂလာ
၃၅။ စိတ္တာ နကမ္ပိတ မင်္ဂလာ
၃၆။ အသောက မင်္ဂလာ
၃၇။ ဝိရဇ မင်္ဂလာ
၃၈။ ခေမ မင်္ဂလာ။

ဤကဲ့သို့ မင်္ဂလာတရားတော် သုံးဆယ့်ရှစ်ပါးတို့ကို နှုတ်တွင် သွက်သွက်၊ အချက်ကျကျ ရေတွက်လို့ ပြောတတ်အောင် လေ့ကျင့်ခဏ်း ထုတ်ပေးပါလေ။

## မြန်မာလို မင်္ဂလာစဉ် ၃၈-ပါး

၁။ လူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ခြင်း မင်္ဂလာ။
၂။ ပညာရှိတို့ကို မှီဝဲ ဆည်းကပ်ခြင်း မင်္ဂလာ။
၃။ ပူဇော်ထိုက်သောသူတို့ကို ပူဇော်ခြင်း မင်္ဂလာ။
၄။ သင့်တင့် လျောက်ပတ်သောအရပ်၌ နေရခြင်း မင်္ဂလာ။
၅။ ရှေးရှေးက ပြုခဲ့ဘူးသော ကောင်းမှုရှိခြင်း မင်္ဂလာ။
၆။ မိမိကိုယ်ကို ကောင်းစွာဆောက်တည်ခြင်း မင်္ဂလာ။
၇။ များသော အကြားအမြင်ရှိခြင်း မင်္ဂလာ။
၈။ အတတ်ပညာ တတ်မြောက်ထားခြင်း မင်္ဂလာ။

၉။ ကောင်းစွာ သင်ကြားထားအပ်သော ယဉ်ကျေးလိမ္မာမှု ရှိခြင်း မင်္ဂလာ။

၁၀။ စကားအရာ၌ ကောင်းစွာပြောကြားအပ် ပြောကြားတတ်သော မင်္ဂလာ။

၁၁။ အမိအဘတို့ကို ပြုစုလုပ်ကျွေးခြင်း မင်္ဂလာ။

၁၂။ သားမယားတို့ကို စောင့်ရှောက်လုပ်ကျွေးခြင်း၊ ထောက်ပံ့ကြည့်ရှုခြင်း မင်္ဂလာ။

၁၃။ နှောက်ယှက် ရှုပ်ထွေးမှုမရှိသော အလုပ်တို့ကို ပြုလုပ်ခြင်း မင်္ဂလာ။

၁၄။ စွန့်ကြဲပေးကမ်း ဝေခြမ်းမျှတခြင်း မင်္ဂလာ။

၁၅။ တရားလမ်းမှန်တို့ကို ကျင့်ကြံအားထုတ်ခြင်း မင်္ဂလာ။

၁၆။ ဆွေမျိုးတို့ကို ကူညီထောက်ပံ့ ချီးမြှင့် အား ပေး ခြင်း မင်္ဂလာ။

၁၇။ အပြစ်ကင်းသောအလုပ်တို့ကို ပြုလုပ်ခြင်း မင်္ဂလာ။

၁၈။ မကောင်းမှုမှ စိတ်ဖြင့် ရှောင်ကြဉ်ခြင်း မင်္ဂလာ။

၁၉။ မကောင်းမှုမှ ကိုယ်, နှုတ်, နှစ်ပါးတို့ဖြင့် ရှောင်ကြဉ်ခြင်း မင်္ဂလာ။

၂၀။ သေရည်အရက်တို့ကို သောက်စားခြင်းမှ စောင့်စည်းခြင်း မင်္ဂလာ။

၂၁။ တရားတော်တို့၌ မမေ့မလျော့ခြင်း မင်္ဂလာ။

၂၂။ ရိုသေထိုက်သောသူတို့ကို ရိုသေခြင်း မင်္ဂလာ။

၂၃။ အရာရာတို့၌ ကိုယ်ရော-စိတ်ပါ နှိမ့်ချထားခြင်း မင်္ဂလာ။

၂၄။ မိမိနှင့် ထိုက်သမျှ ရသမျှသော ပစ္စည်းဥစ္စာဖြင့် ရောင့်ရဲတင်းတိမ် နှစ်သက် ကျေနပ်ခြင်း မင်္ဂလာ။

၂၅။ သူပြုဘူးသော ကျေးဇူးနှင့် ကိုယ်ပြုထားသော ကျေးဇူးများကို နေ့-ည-ကြည့်ရှု၍ အောက်မေ့သိမြင်ခြင်းမင်္ဂလာ။
၂၆။ လျှောက်ပတ်သောအခါ၌ တရားတော်တို့ကို နာကြားရခြင်း မင်္ဂလာ။
၂၇။ ဝတ်စား နေထိုင် လုပ်ကိုင် ပေါင်းသင်းမှု စသည်တို့၌ သည်းခံခြင်း မင်္ဂလာ။
၂၈။ သူတော် သူမြတ်တို့၏ ဆုံးမ စကားကို လေးစားနာယူခြင်း မင်္ဂလာ။
၂၉။ ဘုရားစကားတော်ကို နားထောင်သော ရဟန်းတော်တို့ကို ဝတ်ချ ဖူးမြင်ခြင်း မင်္ဂလာ။
၃၀။ အားလပ်ခွင့်သာသောအခါ၌ တရားတော်တို့ကို ဆွေးနွေး မေးမြန်းခြင်း မင်္ဂလာ။
၃၁။ ကိလေသာတို့ကို ပူပန် ခန်းခြောက်စေရန် သတိ-ဝီရိယ-တပ-ခေါ် အကျင့်ရှိရခြင်း မင်္ဂလာ။
၃၂။ မြတ်သောအကျင့်တို့ကို ကျင့်ရခြင်း မင်္ဂလာ။
၃၃။ အရိယာတို့၏ ဖြူစင်ဖြောင့်မှန်သော တရားတော်တို့ကို သိမြင်ရခြင်း မင်္ဂလာ။
၃၄။ အရဟတ္တဖိုလ် နိဗ္ဗာန်တရားတော်မြတ်ကို မျက်မှောက်ပြုခြင်း မင်္ဂလာ။

[လောကဓံတရား ရှစ်ပါးတို့ကြောင့်]

၃၅။ မတုန်မလှုပ်ခြင်း မင်္ဂလာ။
၃၆။ မကြောင့်ကြ မပူပန်ခြင်း မင်္ဂလာ။
၃၇။ ကိလေသာ မြူမှုန် မရှိခြင်း မင်္ဂလာ။

၈၊၂၅၄

၃၈။ ရောဂါလေးဖြာ ကင်းရှင်းကွာ၍ ဘေးဘယာ ဥပါဒ် မရှိခြင်း မင်္ဂလာ။

ဤကဲ့သို့ မြန်မာလိုလည်း လည်လည်ပတ်ပတ် ကြေကြေနပ်နပ် ရှိလေအောင် ကလေးများကို လေ့ကျင့်ခဏ်းဆင်ပေးပါလေ။ စာကြေလည်မှုရှိမှ အဓိပ္ပါယ် ပေါ်လာတတ်သည်။

မင်္ဂလာအမွှန်း ပြဆိုခြင်း

၁။ ယံ မင်္ဂလာ ဒွါဒသဟိ
စိန္တယိံသု သဒေဝကာ
သောတ္ထာနံ နာဓိဂစ္ဆန္တိ
အဋ္ဌတိံသဉ္စ မင်္ဂလံ။ ။

၂။ ဒေသိတံ ဒေဝဒေဝေန
သဗ္ဗပါပ ဝိနာသနံ
သဗ္ဗလောက ဟိတတ္ထာယ
မင်္ဂလံ တံ ဘဏာမ ဟေ။ ။

၁။ သဒေဝကာ၊ နတ်နှင့်တကွသော လူတို့သည်။ ယံမင်္ဂလံ၊ အကြင်မင်္ဂလာတရားတော်ကို။ ဒွါဒသဟိ၊ တဆယ့် နှစ်နှစ်တို့ ကာလပတ်လုံး။ စိန္တယိံသု၊ ကြံကြကုန်ပြီ။ စိန္တယန္တာပိ၊ အထပ်ထပ် အဖုံဖုံ ကြံကြပါကုန်သော်လည်း။ သောတ္ထာနံ၊ စီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်သော။ အဋ္ဌတိံသဉ္စ၊ သုံးဆယ့်ရှစ်ပါး

အပြားရှိသည်လည်း ဖြစ်သော။ တံမင်္ဂလံ၊ ထိုမင်္ဂလာ တရားတော်ကို။ နာမိဂစ္ဆန္တိ-နအမိဂစ္ဆန္တိဧဝ၊ မသိနိုင်ကြကုန် သာလျှင်တည်း။

၂။ သဗ္ဗလောကဟိတတ္ထာယ၊ အလုံးစုံသော သတ္တလောက၏ အစီးအပွားအကျိုးငှာ။ ဒေဝဒေဝေန၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ထိပ်တင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဒေသိတံ၊ ဟောကြားတော်မူအပ်သော။ သဗ္ဗပါပ ဝိနာသနံ၊ အလုံးစုံသော မကောင်းမှု ဟူသမျှတွေကို ပါယ်လှန် ဖြိုဖျက်ထတ်ထသော။ တံမင်္ဂလံ၊ ထိုမင်္ဂလာတရားတော်မြတ်ကို။ ဟော၊ လာရောက်စုပေါင်း အို....သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ဆိုကြကုန်စို့။

(ဤဂါထာကား–ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူအပ်သော မင်္ဂလသုတ်တော်ကို၊ ယုံကြည်လေးစားစွာဖြင့် ရွတ်အံ့ဖြန့်ဆိုကြရာ၊ ရှေးရှေးသောဆရာကြီးများတို့ သီကုံး ရေးသားတော်မူခဲ့ကြသော အမှန်းတင် နိဒါန်းဂါထာများဖြစ်ပါသည်)

## မင်္ဂလာနိဒါန်း ပြဆိုခြင်း

၃။ ဧဝံမေသုတံ၊ ဧကံသမယံ- ဘဂဝါ သာဝတ္ထိယံ၊ ဝိဟရတိ ဇေတဝနေ အနာထပဏ္ဍိကဿ အာရာမေ။

၃။ ဘန္တေကဿပ၊ အရှင်မဟာကဿပ။ မေမယာ၊ ဘုရားတပည့်တော်သည်။ ဣဒံသုတ္တံ မင်္ဂလသုတ်ခေါ် ဤဒေသနာတော်ကို။ ဘဂဝတော၊ ရှင်တော်မြတ်ဘုရား၏။ သမ္မုခါ၊ ရှေ့တော်မျက်မှောက် ထံတော်အောက်မှ....။

ဧဝံသုတံ၊ ဤသို့နားကြားလိုက်ရပါ၏။
ဧဝံဥပလက္ခိတံ၊ ဤသို့မှတ်သားလိုက်ရပါ၏။
ဧဝံဥပဓါရိတံ၊ ဤသို့ဆောင်ထားလိုက်ရပါ၏။

ဧကံသမယံ၊ တပါးသောအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သဌေး၏။ အာရာမေ၊ မွေ့လျော်ဘွယ်ရာ ဖြစ်သော။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရတိ၊ နေတော်မူ၏။

၄။ အထခေါ အညတရာ ဒေဝတာ၊ အဘိက္ကန္တာယ ရတ္တိယာ၊
အဘိက္ကန္တ ဝဏ္ဏာ၊ ကေဝလကပ္ပံ ဇေတဝနံ ဩဘာ
သေတွာ။ ။

၄။ အထခေါ၊ ထိုသို့နေတော်မူသောအခါ၌။ အညတရာ၊ အမျိုးအမည်အားဖြင့် မထင်ရှားသော၊ ဒေဝတာ၊ နတ်သားသည်။ အဘိက္ကန္တာယ၊ ညဉ့်ဦးယံလွန်ပြီးသော၊ ရတ္တိယာ၊ သန်ကောင်အခါ၌။ အဘိက္ကန္တဝဏ္ဏာ အလွန်နှစ်သက်ဘွယ်သော အဆင်းရှိသည်ဖြစ်၍။ ကေဝလကပ္ပံ၊ အလုံးစုံသော။ ဇေတဝနံ၊ ဇေတဝန်ကျောင်းတော်ကို။ ဩဘာသေတွာ-ကိုယ်ရောင်ကိုယ်ဝါ ထိန်လင်းဖြာစေ၍....။

၅။ ယေနဘဂဝါ တေနုပသင်္ကမိ ဥပသင်္ကမိတွာ ဘဂဝန္တံ
အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ ဧကမန္တံ ဌိတာခေါ
သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။ ။

၅။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထိုဘုရားရှိတော်မူရာအရပ်သို့။ ဥပသင်္ကမိ၊

ကပ်လေ၏။ဥပသင်္ကမိတွာ၊ ကပ်လေပြီး၍။ဘဂဝန္တံ၊မြတ်စွာဘုရားကို။ အဘိဝါဒေတွာ၊ အလွန်ရိုသေစွာရှိခိုးပြီး၍။ ဧကမန္တံ၊ တင့်အပ် လျောက်ပတ်သောအရပ်၌။ အဋ္ဌာသိ၊ ရပ်လေ၏။ ဧကမန္တံ၊ တင့်အပ် လျောက်ပတ်သော အရပ်၌။ ဌိတာခေါ၊ ရပ်ပြီးသော။သာဒေဝတာ၊ ထိုနတ်သားသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဂါထာယ၊ ဂါထာဖြင့်။ အဇ္ဈဘာသိ၊ ဤသို့ နားတော်လျှောက်ပေ၏။

(ဧဝံမေသုတံကစ၍ ဂါထာယ အဇ္ဈဘာသိ တိုင်အောင်သော ပါဠိများသည်လည်း မင်္ဂလသုတ် မဟုတ်သေးပေ။ အရှင်မဟာကဿပ- မဟာထေရ်မြတ်က အရှင်အာနန္ဒာ မထေရ်ကို ကထံဘာသိတံ ဧနသုတံ၊ ကဒါသုတံ- စသောအားဖြင့် မင်္ဂလသုတ်ဒေသနာတော်ကို အဘယ်သူကို ဟောပါသနည်း၊အဘယ်သူသည် နာကြားပါသနည်း။အဘယ်အရပ်မှာ ဟောပါသနည်း။ အဘယ်အချိန်မှာ ဟောတော်မူပါသနည်းဟု၊ပထမသံဂါယနာ တင်ခါနီးမှာ၊ မင်္ဂလသုတ္တန်ကို သံဂါယနာ တင်ကြဘို့ရာ မေးမြန်းစိစစ်နေကြပုံ ဖြစ်ပေသည်။ အမေးအဖြေ ပြုပုံကိုဆိုလိုသည်။)

## သိကြားမင်း မင်္ဂလာတရားတောင်း ပြဆိုခြင်း

ဗဟူဒေဝါ- မနုဿာစ၊ မင်္ဂလာနိ အစိန္တယုံ
အာကင်္ခမာနာ သောတ္ထာနံ ဗြူဟိ မင်္ဂလမုတ္တမံ။ ။

ဘန္တေဘဂဝါ၊ ဘုန်းတော် ကြီးတော်မူသော အရှင်မြတ်ဘုရား။ ဗဟူ၊ များစွာကုန်သော။ ဒေဝါစ၊ နတ်ပြဟ္မာတို့သည်လည်းကောင်း။မနုဿာစ၊လူတို့သည်လည်းကောင်း။သောတ္ထာနံ၊ ပစ္စုပ္ပန်သံသရာ ဘဝ နှစ်ဖြာ တို့၌ ချမ်းသာသည်၏ အဖြစ်ကို။

အာကာသ်မာနာ၊ မြေ်မြင်တောင့်တ လိုလားကြကုန်သည်ဖြစ်၍။ မင်္ဂလာနိ၊ စီးပွားချမ်းသာခြင်းအကြောင်း ဖြစ်ကုန်သော မင်္ဂလာတရားတော်တို့ကို။ ဒွါဒသဟိ၊ တဆယ့်နှစ်နှစ်တို့ ကာလပတ်လုံး။ အစိန္တယုံ၊ကြံကြကုန်ပြီ။ ဥတ္တမံမင်္ဂလံ၊ ထူးမြတ်လှစွာ မင်္ဂလာကို။ တွံ၊ အရှင်ဘုရားသည်။ ဗြူဟိ၊ ဟောတော်မူပါ အရှင်ဘုရား။

(ဤဂါထာကား— လူနတ်ဗြဟ္မာ သတ္တဝါတို့သည်၊ မင်္ဂလာအကြောင်းကို သူပြောဆိုသော မင်္ဂလာက မှန်သည်၊ ငါပြောဆိုသောမင်္ဂလာက မှန်သည်၊ သူပြောသော မင်္ဂလာမှအစစ် ငါပြောသောမင်္ဂလာမှအစစ် စသည်ဖြင့် မင်္ဂလာအကြောင်း အငြင်းပွားနေကြ၍ သိကြားမင်းက မြတ်စွာဘုရားကို မင်္ဂလာစစ် မင်္ဂလာမှန် ဟောကြားတော်မူပါရန် တောင်းပန်လျှောက်ထားသောမင်္ဂလာတရားတောင်းဂါထာ ဖြစ်ပါသည်။)

အထူးမှာ။ ။မင်္ဂလသုတ်တော်ကို ဟောကြားတော်မူပါရန် လျှောက်ထား တောင်းပန်လာသည်မှာ သိကြားမင်းအစစ်အမှန် ပေတည်း၊အဘယ့်ကြောင့်ဆိုသော်-ဒသနိပါတ်ဇာတ်အဋ္ဌကထာ၌ အညတရာ ဒေဝတာတိ- သက္ကော ဒေဝရာဇာဟု လာရှိလေသည်။ အညတရာ ဒေဝတာတိ- အညတရာဒေဝတာ ဟူသည်ကား၊ ဝါ-မထင်ရှားသော နတ်သားဟူသည်ကား၊ သက္ကော ဒေဝရာဇာ၊ သိကြားနတ်မင်းပေတည်း။ ဤသို့ ကျမ်းဂန်များ၌ ထင်ရှားစွာ လာရှိပေသည်။ ရှေးရှေးသော ဆရာကြီးများသည် မင်္ဂလာသံပေါက် ရေးစပ်တော်မူကြရာမှာ—

သက္ကသိကြား၊ တောင်းပန်ငြား၊
ဟောကြားဒေသနာ။ ။ဟူ၍စပ်တော်မူကြသည်။

အလွန်ရှေးကျသော မင်္ဂလာသုတ် ပေမူတို့၌လည်း....

ဘောဒေဝပုတ္တာ=ငါ့ထံရောက်လာ သန်ကောင်ခါ၌၊ မင်္ဂလာ တရား၊ မှတ်သားသိလို၊ တောင်းပန်ဆိုသည့်၊ ဒ့ါယကာနတ်သား အို....မိုးသိကြား။ ။ဤသို့- ရှေးပေမူ မင်္ဂလာသုတ် နိဿယတို့၌ ဂုဏဝန်, ပညာဖန်,သီလဝန်အစုံကျော် ဆရာတော်ဘုရားကြီးများ သည် နောင်လာ-နောက်သားတို့ အမှန်တရားကို မှတ်သားသိရှိကြ စေရန် ရည်သန်၍ အနက်ဆံရှည်ရှည်ပေး၍ လေးလေးကြီး ရေး သားတော် မူခဲ့ကြပါသည်။

ငါးရာငါးဆယ် ဒသနိပါတ် မဟာမင်္ဂလ ဇာတ်တော်၌လည်း မင်္ဂလာတရား တောင်းပန်လာသည်မှာ သိကြားမင်း ဟုတ် ကြောင်း ဖွင့်ဆိုထားသည်။

ထို့ကြောင့် သာဝတ္ထိပြည်မှန် ဇေတဝန် ကျောင်းတော်၌ သန်ကောင်ယံအချိန်မှာ မင်္ဂလာတရားတော် ဟောတော်မူပါရန် တောင်းပန်လာသည်မှာ သိကြားမင်း အစစ်အမှန် ဖြစ်ပေသည် ဟု မှတ်သားကြလေ။

## လူမိုက် ပညာရှိနှင့် ပူဇော်ထိုက်သော ပုဂ္ဂိုလ်တို့ကို ခွဲခြားပြဆိုခြင်း

က။ အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ။ ။

### ဒေဝပုတ္တ-နတ်သား

၁။ ဗာလာနံ၊ သူမိုက်တို့ကို၊ အသေဝနာစ၊ မဆက်ဆံ မပေါင်း သင်း မဆည်းကပ်ရခြင်းသည်လည်းကောင်း။

၂။ ပဏ္ဍိတာနံ၊ ပညာရှိသောသူတို့ကို။ သေဝနာစ၊ ဆက်ဆံပေါင်းသင်း၊ ဆည်းကပ်ရခြင်းသည်လည်းကောင်း။

၃။ ပူဇနေယျာနံ၊ ပူဇော်ထိုက်သောသူတို့ကို။ ပူဇာစ၊ ပူဇော်ရခြင်းသည်လည်းကောင်း။ အတ္ထိ-ရှိ၏။

ဧတံ၊ ဤတရားသုံးပါးသည်။ ဥတ္တမံ မင်္ဂလံ၊ ကျင့်သူအပေါင်း မြင့်မြတ်ကြီးပွားကြောင်း မင်္ဂလာမည်၏။

---

## ဗာလအရ ပြဆိုခြင်း

ဗာလ လူမိုက်ဆိုသည်မှာ ဗာလာတိ - ဣဓလောကတ္ထဥ္စ၊ ပရလောကတ္ထဥ္စ၊ အဇာနန္တာ ဣဓ ဗာလောနာမ။ ဗာလာတိ၊ ဗာလဟူသည်ကား။ ဣဓလောကတ္ထဥ္စ၊ ဤလောက၏ အကျိုးကိုရင်း။ ပရလောကတ္ထဥ္စ၊ နောင်တမလွန်လောက၏ အကျိုးကိုရင်း။ အဇာနန္တာ၊ မသိကြသောသူတို့သည်။ ဣဓ-ဤအရာ၌။ ဗာလောနာမ၊ ဗာလမည်၏၊ ဝါ-သူမိုက်မည်၏။(ဓမ္မပဒ အဋ္ဌကထာ ဗာလဝဂ်)

---

## လူမိုက်၏ လက္ခဏာမှာ

၁။ ဒုစ္စိန္တိတစိန္တီ- မကောင်းသော ကြံစည်မှုတို့ကို ကြံစည်လေ့ရှိသောသူ။

၂။ ဒုဗ္ဘာသိတ ဘာသီ၊ မကောင်းသော ပြောဆိုမှုကိုကို၊ ပြောဆိုလေ့ ရှိသောသူ

၃။ ဒုက္ကဋကမ္မကာရီ၊ မကောင်းသော အမှုအလုပ်တို့ကို၊ ပြုလုပ်လေ့ ရှိသောသူ။

တော် ဗာလဿ လက္ခဏံ-ဟု လာရှိသောကြောင့်၊ ဤလက္ခဏာ များ ပါရှိသောသူ၊ ဤလက္ခဏာအတိုင်း ကျင့်သုံးနေသောသူကို၊ ဗာလဟူ၍၊ သူမိုက်ဟူ၍၊ လူမိုက်ဟူ၍ မှတ်ပါလေ။

(အင်္ဂုတ္တရ တိကနိပါတ် စိန္တိသုတ်)

ထိုကဲ့သို့သော၊သူမိုက်-လူမိုက်တို့ကို၊ ဝေးစွာရှောင်ကွင်းကြပါ။ ထိုသို့ဝေးစွာ ရှောင်ကွင်းပြီး၊ မပေါင်းသင်း၊ မဆက်ဆံဘဲ နေခြင်းသည်၊ ဗာလ-အသေဝန မင်္ဂလာမည်၏ဟု မှတ်ပါလေ။

ဗာလ — သူမိုက်၊ လူမိုက်
အသေဝန — မမှီဝဲနှင့်
အဘာဇန — မဆည်းကပ်နှင့်
အသာဓါရဏ — မဆက်ဆံနှင့်ဟု၊ ဖွင့်ဆိုကြသည်။

ဗာလ လူမိုက်ကို

| | | |
|---|---|---|
| မမှီဝဲလျှင် | .... | ကြီးပွားကြောင်းမင်္ဂလာ မည်၏။ |
| မဆည်းကပ်လျှင် | .... | |
| မဆက်ဆံလျှင် | .... | |

### ပဏ္ဍိတအရ ပြဆိုခြင်း

ပဏ္ဍိတ ပညာရှိဆိုသည်မှာ သီလဂုဏ်,သမာဓိဂုဏ်,ပညာဂုဏ်, ခမာဂုဏ်နှင့် ပြည့်စုံသော ပညာရှိ,ပညာရှင်တို့ကို ပဏ္ဍိတ ပညာရှိ ဟု ခေါ်သည်။

### ပညာရှိ၏ လက္ခဏာမှာ

၁။ သုစိန္တိတ စိန္တိ၊ ကောင်းသော အကြံကို ကြံစည်လေ့ ရှိသောသူ။

၂။ သုဘာသိတ-ဘာသိ၊ ကောင်းသောပြောဆိုမှုကို ပြောဆိုလေ့ ရှိသောသူ။

၃။ သုကတ-ကမ္မကာရီ၊ ကောင်းစွာပြုလုပ်အပ်သော၊ အမှုတို့ကို ပြုလုပ်လေ့ရှိသောသူ။

ဤလက္ခဏာသုံးပါးနှင့် ညီပါလျှင် ပဏ္ဍိတ ပညာရှိဟု ခေါ် သည်။

တီဏိမာနိ ဘိက္ခဝေ-ပဏ္ဍိတဿ- ပဏ္ဍိတလက္ခဏာနိ။

အင်္ဂုတ္တရ နိကာယ- တိကင်္ဂုတ္တရ စိန္တိသုတ် ၁၀၀-၁၀၁-မှာရှု၊ စင်စစ်မှာ၊ ကောင်းတာကြံ၊ မှန်တာလုပ် ဟုတ်တာပြော၊ သဘော ဖြောင့်စွာ အရာရာ၌ သတိ-ပညာ-သမာဓိရှိ၍၊ အဂတိလေးပါး မလိုက်စားဘဲ သနားကြင်နာတတ်၊ တရားစောင့်တတ် သည်းခံ တတ်သော ပုဂ္ဂိုလ်ကို ပဏ္ဍိတခေါ်သည်၊ ထိုဆိုခဲ့ပြီးသော အင်္ဂါ တို့နှင့် ပြည့်စုံ၍၊ နေထိုင်ကျင့်သုံးသောသူတို့ကို အမြဲတစေ၊ မှီဝဲ ဆက်ဆံကာ နေထိုင်ခြင်းသည် ပဏ္ဍိတ သေဝန မင်္ဂလာမည်၏။

ပဏ္ဍိတ - ပညာရှိ
သေဝန - မှီဝဲလေ
ဘဇန - ဆည်းကပ်လေ
သာဓာရဏ - ဆက်ဆံလေ-ဟု ဖွင့်၏။

**ပဏ္ဍိတ-ပညာရှိကို**

မှီဝဲလျှင် ....
ဆည်းကပ်လျှင် ....
ဆက်ဆံလျှင် ....
} ခုရော-နောင်ပါ ကြီးပွားကြောင်း မင်္ဂလာ မည်၏။

## အတွိတ်ရာဇဝင်—ထောက်ထားလျှင်

တိုင်းခရိုင် နိုင်ငံတော်ကို စိုးစံအုပ်ချုပ် - မင်းလုပ်တော်မူကြသော ဘုရင်များသည်။

၁။ သာသနာပိုင် ဆရာတော်
၂။ သက်တော်ရှည် ဝန်ကြီး
၃။ အဂ္ဂသေနာပတိ ဝန်ကြီး
၄။ ပုရောဟိတ် ပုဏ္ဏား

ထိုပုဂ္ဂိုလ်ကြီး လေးဦးတို့ကို ကိုးကွယ်ဆည်းကပ်ဘို့ ရာ။ တင်မြှောက် ခန့်ထားခြင်းသည် ပဏ္ဍိတာနုဋ္ဌ သေဝန မင်္ဂလာတရားတော်အရ တိုင်းရေး–ပြည်ရေး - ထီးရေး နန်းရေး - သာသနာရေးတို့အတွက် (တနည်း) လောကီရေး - လောကုတ္တရာ ရေး တို့အတွက်၊ အဘက်ဘက်က မလစ်မလပ် ငြိမ်ဝပ်ပိပြား ကြီးပွားချမ်းသာဘို့ရာ နည်းပေးလမ်းပြ ဘောင်ချ ပံ့သွင်းပေးရေးတို့အတွက် ကိုးကွယ်ဆည်းကပ်သည်ဟု မှတ်ပါလေ။

ကြီးပွားရေး အလိုရှိကြသော ပြည်သူများ သတိထားဘွယ်။ ရှာရေးရပ်ရေးစသော အရေးကိစ္စအထွေထွေတို့အတွက်၊စည်းဝေးတိုင်ပင်ကြသော အခါမှာ ဥက္ကဋ္ဌတင်မြှောက်၊ အတွင်းရေးမှူး အမှုဆောင် စသည် တင်မြှောက်ကြရာတွင် ကောင်းသောအကျိုးကျေးဇူးရှိသောစကား၊ နည်းလမ်းစည်းမျဉ်း ကြီးပွားချမ်းသာခြင်းရှိသောစကား၊ ဩဝါဒ- မိန့်ခွန်းသံများကို နာခံမှတ်သားဘို့ရာ ဩဝါဒရိပ်, စကားရိပ်, ပညာရိပ်များကို ခိုလှုံအားထားကြဘို့ရာ တင်ထားကြကုန်၏။

ဤသို့ တင်မြှောက်ကြရာမှာ ပညာရှိလက္ခဏာ လူကြီးအင်္ဂါ တို့နှင့် ပြည့်စုံညီညွတ်သော သူကိုသာ တင်မြှောက် သင့်ကြ၏။ ပညာရှိလက္ခဏာ၃မှာ- ဤပုဒ်၌ပင် ရေးသားပြီးဖြစ်၏။

## လူကြီးအင်္ဂါမှာ

၁။ ခမာ၊ သည်းခံမှုရှိရမတဲ့။ ၂။ ဇာဂရိယ၊ နိုးကြားမှု ရှိရမတဲ့။ ၃။ ဥဋ္ဌာန၊ ထကြွလုံ့လ ရှိရမတဲ့။ ၄။ သံဝိဘာဂ၊ ဝေဘန်မှု ရှိရမတဲ့။ ၅။ ဒယာ၊ သနားကြင်နာမှု ရှိရမတဲ့။ ၆။ ဣက္ခဏာ၊ ထောက်ရှုငဲ့မြော်မှု ရှိရမတဲ့။ ။

ဤအင်္ဂါခြောက်ပါးသည် ဦးစီးနာယက ဥက္ကဋ္ဌ အကြီးအမှူး ချုပ်တို့၏ အင်္ဂါဟူ၍ မှတ်ပါ။

ထကြွနိုးကြား၊ သနားသည်းခံ၊ ဝေဖန်ထောက်ရှု၊
ဤခြောက်ခု၊ ကြီးသူကျင့်ဘို့ရာ။ (ပေါရာဏလင်္ကာ)

ဤကဲ့သို့ မဟုတ်ပါဘဲ မြိန်ရာဟင်းကောင်း ခင်ရာဆွေမျိုးဆို သလို လက်လှည့်သင့်ရာ နီးစပ်ရာ ခင်မင်ရာတွေကို တင်မြှောက် ထားမိကြ၍ တယောက်အတွက်နဲ့ အများပြည်သူတို့မှာ စီးပွား ရေး,ပညာရေး,နေထိုင်ရေးမှစ၍-အစစအရာရာတို့၌ အောက်တန်း နောက်တန်း ကျနေမှုများသည် မျက်မြင်ဘဲဖြစ်နေကြ၏။

................

## ပူဇနေယျ အရပြဆိုခြင်း

၃။ ပူဇော်ထိုက်သောသူဆိုသည်မှာ။ပူဇနေယျ၊ပူဇနေယျန္တိ၊ သဗ္ဗဒေါသ ရဟိတတ္တာ။ သဗ္ဗဂုဏသမန္နာ ဂတတ္တာစ၊ ဗုဒ္ဓါဒီနံ၊ ပူဇာရဟာနံ ဠိကာ။ ။

ဤသို့ ကျမ်းဂန်များ၌ လာသောကြောင့်၊ အလုံးစုံသော အပြစ်ကင်းပြီး အလုံးစုံသော ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံတော်မူကြကုန်သော ဘုရားအစရှိကုန်သော ပူဇော်ထိုက်ကုန်သော-သူတို့ကို ပူဇော်ခြင်းသည် ပူဇနေယျမင်္ဂလာ မည်၏။

၁။ ဘုရား၊ မစ္စေကဗုဒ္ဓါ- တရား သံဃာ အရိယာ။

၂။ ဘိုးဘွား,မိဘ-စသော အသက်ကြီး၍ စာရိတ္တမဏ္ဍိုင်ခန့်ခိုင် တည်ကြည်သူ။

၃။ ခုရောနောင်ပါ ဘဝသံသရာတို့၌ (ပစ္စုပ္ပန် တမလွန်အဖြစ် နှစ်တန်တို့၌ မကောင်းသော အကျိုးအပြစ်တွေကို ဖယ်ခွါချပြီး ကောင်းသော အကျိုးအနှစ်တွေကို ဆည်ကာပြတတ်တဲ့ ဆရာသခင် အနန္တကျေးဇူးရှင်)။

ထိုပုဂ္ဂိုလ်ကြီးတို့ကို စေတနာရှိရှိ ယုံယုံကြည်နှင့် ကျေးဇူးတော်တွေကို မျှော်ခေါ်၍ ပူဇော်ကြပါလေ။

## ဤသို့ပူဇော်ကြရာ၌

ဒွေ မာဘိက္ခဝေ ပူဇာ ကတမာ ဒွေ အာမိသပူဇာစ ဓမ္မပူဇာစ ဣမာခေါ ဘိက္ခဝေ ဒွေ ပူဇာ။ ။

အဓိပ္ပါယ်ကတော့ ချစ်သားရဟန်းတို့ ပူဇော်သောနည်းဟာ နှစ်ပါးရှိဘယ် အဘယ်နှစ်ပါးလဲဆိုတော့

၁။ ပစ္စည်းဝတ္ထု လှူဒါန်းဘွယ် ပူဇော်ဘွယ်တို့ဖြင့် ပူဇော်ခြင်း အာမိသ ပူဇော်နည်း။

၂။ ကိုယ်ကျင့်ဘာရား ခေါ်သော ကျင့်ဝတ် ပဋိပတ်တို့ဖြင့် ပူဇော်ခြင်း ဓမ္မပူဇော်နည်း။

ရဟန်းတို့ပူဇော်နည်းဟာ ဤနှစ်ပါးတည်းဟု ဟောတော်မူ၏။

## အာမိသပူဇာ ပူဇော်နည်း

ရတနာသုံးပါး ပူဇော်ရာမှာ ပန်းဘယ်ပွင့် ရေချမ်းတအိုးကစပြီး မိမိတို့စေတနာ သဒ္ဓါတရားအလျှောက် ပူဇော်ခြင်းသည် အာမိသ ပူဇော်ခြင်းမည်၏။

မိဘဆရာသမား ပူဇော်ကြရာမှာ လဘက်တထုပ် ကွမ်းတရာ ပုဆိုးအင်္ကျီ အဝတ်အထည် အသုံးအဆောင်စသော စွမ်းနိုင်ရာကို ပေးကမ်းပူဇော်ခြင်းသည် အာမိသပူဇော်ခြင်းမည်၏။

အင်္ဂုတ္တရနိကာယ်-သန္တာဂါရဝဂ်-၉၂။

အထူးမှာ ။ ။ မိဘဘိုးဘွားစသော ကြီးသောသူများကို ပေးကမ်း ပူဇော်ကြရာ၌ လဘက်တထုပ် ငှက်ပျော်မှုံ့သရီစာ ထမင်းဦး ဟင်းဦး ဦးဦးဖျားဖျား ပေးကန်းပူဇော်ကြသောအခါ မှာ ဝတ်သုံးကြိမ်ချကာ ပေးကမ်းပူဇော်ကြပါ၊ အကျိုးကျေးဇူး ကြီးမားပြီး မြင့်မြတ်သောမင်္ဂလာဖြစ်၍ ဘေးအန္တရာယ်ကင်းရှင်း အေးငြိမ်းနိုင်ပါသည် သိကြားမင်းဖြစ်နိုင်ကြောင်း အင်္ဂါ ခုနှစ် ပါးထဲမှာလည်း။ ကုလေဇေဋ္ဌပစာယိနံ - ဟူ၍ရင်း။ ကုလေဇေဋ္ဌ ပစာယနကမ္မံ- ဟူ၍ရင်း။ ဓမ္မပဒ အပ္ပမာဒဝဂ် မာဃဝတ္ထု-အမျိုး အဆွေထဲ၌ ကြီးသောသူများကို ပူဇော်မှု၊ရိုသေမှုရှိမှ သိကြားမင်း ဖြစ်နိုင်ပါသည်ဟု ဆိုလိုသည်။ ဤကား အာမိသပူဇော်ပုံ။

## ဓမ္မပူဇာ ပူဇော်နည်း

အဘိဏှသုတ်၊ အနတ္တလက္ခဏသုတ်၊ မဟာသတိ ပဋ္ဌာနသုတ် စသော သုတ်များကို ရွတ်ဖတ် ပြန် ဆို၍ ပူဇော်ခြင်း၊ သမထ ဝိပဿနာ သူတော်သူမြတ်တို့ ကျင့်စဉ်တရားတော်များကို ကျင့်ကြံ

အားထုတ်၍ ပူဇော်ခြင်းစသည်တို့သည်၊ ဓမ္မပူဇာ-တရားတော်ဖြင့် ပူဇော်ခြင်းမည်၏။ ဘုရားဝတ်တက်၊ စာပြန်၊ စာအံ၊ ရွတ်ဖတ်ခြင်းများလည်း ဓမ္မပူဇာ၌ပင်တည်း။ ရှေးရှေးသော ဆရာတော်ကြီးများသည် ဝတ်တက်၊ ဝတ်ကပ်၊ စာပြန်၊ စာအံ ရွတ်ဘတ်၍ အပြီးအဆုံးမှာ.... ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ၊ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ၊ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ ဟူ၍ မိမိ၏ ကိုယ်ကျင့်တရား ပဋိပတ္တိများဖြင့် ဘုရား,တရား,သံဃာကို ပူဇော်တော်မူကြပါသည်။ ဤသို့ ပူဇော်ခြင်းသည် ဓမ္မပူဇာ တရားတော် ပူဇော်သည်မည်၏။

ဤအာမိသပူဇာ၊ ဓမ္မပူဇာ တို့တွင်—အာမိသ ပစ္စည်းဝတ္ထုများကို လှူဒါန်းပူဇော်ခြင်းထက် ဓမ္မဘရားတော်ကို မြဲကန်းကောင်ရော် ပူဇော်ခြင်းက ပိုလွန်၍ မြတ်သည်ဟု ဟောတော်မူ၏။

> ဧတဒဂ္ဂံ ဘိက္ခဝေ ဣမာသံ ဒွိန္နံ ပူဇာနံ ယဒိဒံ ဓမ္မပူဇာ
> ဟူ၍ ဟောတော်မူ၏။ (အင်္ဂုတ္တိုရ်-သန္တာဂါရဝဂ်)

ဓမ္မပဒ အဋ္ဌကထာ-ဓမ္မပူဇာ မဟာထေရ်များ၊
သာဝတ္ထိပြည် အတ္တဒတ္ထမထေရ်ဝတ္ထု အတ္တဝဂ်
သာဝတ္ထိပြည် ဓမ္မာရာမ မထေရ် ဝတ္ထု ဘိက္ခုဝဂ်
ဝေသာလီပြည် တိဿမထေရ်ဝတ္ထု သုခဝဂ်

ဤမထေရ်များသည် ဓမ္မပူဇာမှုဖြင့် ပူဇော်ခြင်းကို ပြုတော်မူကြပါသည်။ အတုယူဘွယ် ကောင်းလှသည်။

ထိုမဟာထေရ်မြတ်တို့၏ ဝတ္ထုတော်ကို မင်္ဂလာ ပါရဂူကျမ်းသို့ရောက်မှ ထင်ရှားစွာ ပြပါလိမ့်မည်။

၁။ ပတိရူပ ဒေသဝ ါသောစ ပုဗ္ဗေစ ကတပုညတာ၊
အတ္တသမ္မာ ပဏိဓိစ တေံမင်္ဂလ မုတ္တမံ။ ။

## ဒေဝပုတ္တ နတ်သား

၁။ ပတိရူပ ဒေသဝ ါသောစ၊ သင့်လျော်လျောက်ပတ်သော အရပ်၌ ကပ်ရပ်မှီတင်း နေထိုင်ရခြင်းသည်ရင်း။
၂။ ပုဗ္ဗေ၊ ရှေးရှေးဘဝ ရှေးကာလက၊ ကတပုညတာစ၊ ပြုဘူးသော ကောင်းမှုရှင်၏ အဖြစ်သည်ရင်း။
၃။ အတ္တသမ္မာ ပဏိဓိစ မိမိ၏ ကိုယ် စိတ် နှစ် ပါး တို့ကို ကောင်းသော အလုပ်တရား၌ ထားရခြင်း သည်ရင်း။ အတ္တိ၊ ရှိ၏။

တေံ၊ ဤတရား သုံးပါးသည်။ ဥတ္တမံ-မင်္ဂလံ၊ ကျင့်သူအပေါင်း မြင့်မြတ်ကြီးပွားကြောင်း မင်္ဂလာမည်၏။

## ပတိရူပဒေသအရ ပြဆိုခြင်း

ပတိရူပေါတိ-အနုစ္ဆဝိကော၊ သုတ္တနိပါတ် အဋ္ဌကထာ။

ပတိရူပေါတိ ပတိရူပဟူသည်ကား။ အနုစ္ဆဝိကော၊ လျော်ကံ လျောက်ပတ်သော အရပ်တည်း။

နေထိုင်ဘို့ရာ မိမိနှင့် တင့်အပ် လျောက်ပတ် လျော်ကံသော အရပ်ကို။ ပတိရူပ၊ အရပ်ဟု ခေါ်သည်။

ပတိရူပ၊ သင့်လျော်လျောက်ပတ်သော။
ဒေသ၊ မြို့ရွာ နိဂုံ ဇနပုဒ်ဖြစ်သော အရပ်။
ဝါသ၊ ထိုအရပ်တို့၌ နေထိုင်ခြင်း။

၁။ ကုသိုလ်တရားရမှု၊
၂။ အတတ်ပညာ ရမှု
၃။ အဆုံးအမ ဩဝါဒရမှု
၄။ စီးပွား ဥစ္စာရမှု

ထိုလေးပါးတို့ ရနိုင်ရာအရပ်သည်။ ပတိရူပ-အရပ်မည်၏။

ထိုသင့်လျော် လျောက်ပတ်သောအရပ်၌ နေရခြင်းသည် ပတိရူပ ဒေသဝါသ-မည်၏။

မိမိ၏ ကိုယ်ပိုင်ဉာဏ်ဖြင့်သော်ရင်း၊ ပညာရှိ ဆရာ မိဘစသော သူတို့၏ ညွှန်ကြားမှုဖြင့်သော်ရင်း၊ ဆိုခဲ့ပြီးသော လေးပါးသော တရားတို့ရနိုင်ရာ အရပ်၌ နေထိုင်ရခြင်းသည် ပတိရူပဒေသဝါသ-မင်္ဂလာမည်၏။ ခုရောနောင်ပါ နှစ်ဖြာသော ဘဝတို့၌ ကြီးပွား ချမ်းသာကြောင်းဟူ၍ မှတ်ပါလေ။

နီတိ ဆရာတို့ကလည်း တမျိုးတဖုံ ဖွင့်ဆိုကြသေး၏။

## ပုဗ္ဗေစ ကတပုညတာအရ ပြဆိုခြင်း

ပုဗ္ဗေစ ကတပုညတာ။ ပုဗ္ဗေတိ အတီတာသု ဇာတီသု ကတ ပုညတာတိ ဥပစိတကုသလာ။ သုတ္တနိပါတ် အဋ္ဌကထာ။

ပုဗ္ဗေသု အတီတာသု ဇာတီသု ကတံပုညံ ယေနသောတိ ကတ ပုညော ကတပုညဿဘာဝေါ ကတပုညတာ၊ ဗုဒ္ဓါဒိ* အာရဗ္ဘ ဥပစိတ ကုသလာ။ (ဋီကာ) ။

ရှေးရှေးသော ဘဝများစွာ သံသရာက ဘုရား အစရှိသော ပုဂ္ဂိုလ်မွန်၊ ပုဂ္ဂိုလ်မြတ်တို့၏ ဂုဏ်တော် ကျေးဇူးတော် တွေကို အာရုံပြုကာ ယုံကြည်လေးမြတ်စွာဒါနစသော ကုသိုလ်ကောင်းမှု တို့ကို ဆည်းပူး ပြုလုပ် အားထုတ်ခဲ့ကြ ခြင်းသည် ပုဗ္ဗေစ ကတ ပုညတာ မင်္ဂလာမည်။

## အထူးမှာ

ရှေးရှေးသော ဘဝမှသာ မဟုတ်သေး၊ ယခုဘဝ၌ပင် သီလ၊ သမာဓိ၊ပညာ စသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော် မူကြကုန်သော ပုဂ္ဂလ ဝိသေသခေါ် သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးတို့ကို ယုံကြည်လေးမြတ်စွာ ဆည်းပူးအားထုတ် ပြုလုပ်လှူဒါန်းထားဘူးသော ကောင်းမှုကံကြောင့် ခံစား,စံစားကြရသော အကျိုးတရားများသည် ပုဗ္ဗေစ ကတပုညတာ-မင်္ဂလာမည်၏။

၁။ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့ကို ရှေးဦး အစက ယုံကြည်လေးစားမှုဖြင့် လှူဒါန်း ကော်ရော် ပူဇော်ဦးတိုက်မှု လေးစားမှု တို့ကြောင့် ယခုဘဝမှာပင် အကျိုးကျေးဇူး ခံစားကြရကုန်၏။

၂။ ပိဋကတ်တော် ပရိယတ္တိ ပညာများကို လေးစား ရိုသေစွာ ဝိရိယစိတ်ဖြင့် ဆည်းပူး အားထုတ် ပြုလုပ် ကြိုး စား မှု တို့ကြောင့် တတ်မြောက် ကျွမ်းကျင်တော်မူကြကာ။

အဂ္ဂမဟာ ပဏ္ဍိတဂုဏ်၊ တိပိဋကဓရဂုဏ်၊ အဘိဝံသဂုဏ်၊ သိရောမဏိ ဌေ ာသကာဂုဏ် ဓမ္မာစရိယဂုဏ် ဤသို့ အစရှိသော ဂုဏ်တို့၏ အရှိန်အာနိသံသကို ခံစားတော် မူကြရကုန်၏။

၃။ လောကီဘက်၌ လောကီသိပ္ပံခေါ်သော ရူပဗေဒ၊ ရုက္ခဗေဒ၊ ဓာတုဗေဒ၊ အင်ဂျင်နီယာ၊ သင်္ချာပါရဂူ၊ သင်္ချာကထိက စသော စက်မှု, လက်မှု,နုတ်မှု ပညာများကို ကြိုးစား အားထုတ်ကာ သင်ကြား တတ်မြောက်ကြ၍၊ ဗိုလ်မှူးချုပ်ကြီး၊

မင်းကြီး၊ ဆရာဝန်ကြီး၊ အရေးပိုင်၊ နယ်ပိုင်၊ ဝန်ထောက် စသော ရာထူးဌာနန္တရ ဂုဏ်တို့၏ အရှိန်အာနိသံသ ကျေးဇူး များ ခံစားရကုန်၏။

ထိုဂုဏ် ကျေးဇူးများကို ခံစားကြရသော ကျေးဇူးများသည် လည်း ပုဗ္ဗေစ ကတပုညတာ- မင်္ဂလာနှင့် ပြည့်စုံသူများ ဖြစ်ပါ သည်။

## အဘယ့်ကြောင့်ဆိုသော်

ပုဗ္ဗသဒ္ဒါသည် ပုဗ္ဗေ၊ သွေး,ပြည် ဟူသော အနက်၌ရင်း။
အဂ္ဂေ၊ အဦးအဖျားဟူသော ။
အာဒေါ၊ အစဟူသော ။
ပုဗ္ဗဒိသေ၊ အရှေ့အရပ်ဟူသော ။
ကာလေ၊ အခါဟူသော အနက်၌ရင်း။

ဤသို့စသောအားဖြင့် အနက်များ ထွက်ပါသည်။

ပုဗ္ဗကရဏံ၊ ရှေးဦး ပြုလုပ်အပ်သည်။ ပုဗ္ဗသရေ၊ ရှေ့သရ သည်။ ဤသို့ စသည် စဉ်းစားကြပါလေ။

ရှေးမဆွ ရှေးဦးအစက ပြုလုပ်ထားမှုသည် ပုဗ္ဗကတ၊ ပုဗ္ဗေ ကတဟု ခေါ်သည်။ ခုရောနောင်ပါ နှစ်ဖြာသော ဘဝတို့၌ ကြီး ပွားချမ်းသာမှုကို လိုလားသောသူသည်။ ပုဗ္ဗကတ၊ ပုဗ္ဗေကတ ခေါ်သော (ရှေးဦးတင်ကြို ပြုလုပ်ထားမှုကို)အားထုတ်ကျိုးစား ကြပါလေ။

စိတ်ကောင်း, ဇွဲကောင်း, ဆန္ဒ ကောင်းဖြင့် ရှေးဦးတင်ကြို ပြုလုပ်မှုများသည် လောကီ လောကုတ္တရာ နှစ်ဖြာသော ကြီးပွား ချမ်းသာကြောင်းဟု ယုံယုံကြည်ကြည် မှတ်ယူကြပါလေ။

## အတ္တ သမ္မာ ပဏိဓိ အရ ပြဆိုခြင်း

အတ္တသမ္မာ ပဏိဓိ၊ မိမိ၏ ကိုယ်စိတ် နှစ်ပါးတို့ကို အလုပ်တရား၌ ကောင်းစွာထားခြင်း။ အတ္တာနမေဝ ပထမံ၊ ပဋိရူပေ နိဝေသယေ၊ ဓမ္မပဒ အတ္တဝဂ်။ အတ္တာနမေဝ၊ မိမိ၏ ကိုယ်စိတ် နှစ်ပါးကိုသာလျှင်။ ပထမံ၊ ရှေးဦးစွာ။ ပဋိရူပေ၊ သင့်တော်ကောင်းမြတ် လျောက်ပတ်သော အရာ၌။ နိဝေသယေ၊ ထားရာ၏။ မိမိကိုယ်စိတ် နှစ်ပါးတို့ကို ကောင်းသောအာရုံ အလုပ်တရား၌ ကောင်းစွာထားခြင်းသည်။ အတ္တသမ္မာ ပဏိဓိ- မင်္ဂလာမည်၏။

ကိုယ်ပြုကိုယ်ခံ ကိုယ်သာစံ နှစ်ဘန်ကံတရား။
ကိုယ့်ဝန် ကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ်သွား။
ဘယ်သူမပြု မိမိမှု။
ကိုယ့်မီးကိုယ်မွှေး၊ ကိုယ့်မီးကိုယ့်လောင်။
တရားရှာ ကိုယ်မှာတွေ့။

ဤပေါ်ရာဏ စကားများသည်၊ အတ္တသမ္မာ ပဏိဓိ- မင်္ဂလာချို့ယွင်းချက်ကို ရည်မှန်း၍ ပြောဆိုတော်မူကြသော စကားများဟု မှတ်သားရာ၏။

ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူခဲ့သောဓမ္မပဒ အတ္တဝဂ်ကို ဘောင်ချ ပုံသွင်းပေးသကဲ့သို့ ဖြစ်ပေသည်။ အလွန်တရာပင် မှန်ကန်လှပေသည်။

ထို့ကြောင့်။ ။အတ္တသမာ ပဏိဓိ=မိမိရဲ့ကိုယ်ကို ကောင်းစွာ
စောင့်ရှောက်ပါတဲ့။

အတ္တာဟိအတ္တနောနာထော= မိမိရဲ့ကိုယ်ကိုသာ အားကိုးပါ၊ အားထား ကိုးကွယ်ပါတဲ့။

အတ္တာနဉ္စေ ပိယံဇညာ=မိမိရဲ့ ကိုယ်ကိုသာ မိမိ၏ ချစ်စရာ ခင်မင်စရာဘဲ့ဟု သိပါတဲ့။

မိမိ ငရဲမကျရလေအောင် မိမိအယူမှန်ဖြစ်ပြီး အယူမှားကြီး မဖြစ်ရလေအောင်၊ မဖွယ်မရာ အပါယ်စာ အပါယ်သွားကြီးမဖြစ် ရလေအောင် မိမိဟာ တဘဝထက် တဘဝ၊ တစထက်တစ အထက် တန်း ရောက်ရလေအောင်၊ မိမိရည်သန် ကြံရွယ်ထားသော ပန်း တိုင်ကို လှမ်းကိုင်ဆွတ်ခူးနိုင်ရအောင် အတ္တသမ္မာ ပဏိဓိ- မင်္ဂလာ တရားတော်ကြီးကို၊ ဇမ္ဗူရာဇ်ရွှေစင်ကို ကွင်းပြီး စိန်သွင်းပြုလုပ် ထားသော နားမှာ အမြဲတန်း ပန်ဆင်ထားတဲ့ စိန်နားဂတ်၊ စိန် နားပန်ကဲ့သို့။ စေဘနာသန်သန်ကြီးထားပြီး လိုက်စား ကျင့်သုံး ကြပါလေ။ အားထုတ် ကြိုးစားကြပါလေ။ ဓမ္မပဒ အဋ္ဌကထာ အတ္တဝဂ်မှာလဲမိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်ဘို့မိမိ၏ကိုယ် စိတ်နှစ်ပါးတို့ကို ကောင်းသော အလုပ်တရား၌ ကောင်းစွာထား ဘို့၊ မိမိကိုယ်ကို ကောင်းစွာ စောင့်ထိန်းကြလို့ ကောင်းမြတ် သော အကျိုးထူးတွေ ခံစားရပုံ၊ မိမိကိုယ်ကို ကောင်းမွန်စွာ မထိန်းသိမ်းနိုင်၊ မစောင့်ရှောက်နိုင်ကြလို့ မို့ အကျိုးထူး၊အကျိုး မြတ် ချမ်းသာထူး၊ ချမ်းသာမြတ်တွေမှ ဆုံးရှုံးကြရ၊ လွဲကြရပုံ တွေ များစွာပင် ပါရှိလေသည်။

(အလိုရှိကြပါက ထိုကျမ်း ထိုဝဂ်ကိုသာ ကြည့်ရှုကြ ပါလေ။)

၈။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ ဝိနယောစ သုသိက္ခိတော၊
သုဘာသိတာစ ယာဝါစာ၊ ဧတံ မင်္ဂလ မုတ္တမံ။

## ဒေဝပုတ္တ နတ်သား။

၁။ ဗာဟုသစ္စဉ္စ၊ အကြားအမြင်များသော သူ၏ အဖြစ်သည် လည်းကောင်း။

၂။ သိပ္ပဉ္စ၊ လက်မှုပညာ အစရှိသော အပြစ်ကင်းစင်သော အတတ်တို့ကို တတ်ရခြင်းသည်လည်းကောင်း။

၃။ သုသိက္ခိတော၊ ကောင်းစွာ သင်ကြားအပ်၊ ကျင့်အပ်သော ဝိနယောစ၊ ရဟန်းဝိနည်း၊ လူ့ဝိနည်း တရားသည် လည်းကောင်း။

၄။ သုဘာသိတာ၊ ကောင်းစွာ ဆိုအပ် ပြောအပ်သော။ ယာဝါစာ၊အကြင်စကားသည်။ အတ္ထိ၊ ရှိ၏။ သာဝါစာစ၊ ထိုစကားသည် လည်းကောင်း၊ အတ္ထိ-ရှိ၏။

ဧတံ၊ဤတရား လေးပါးသည်။ဥတ္တမံ မင်္ဂလံ၊ကျင့်သူအပေါင်း မြင့်မြတ် ကြီးပွားကြောင်း မင်္ဂလာမည်၏။

## ဗာဟုသစ္စအရ ပြဆိုခြင်း

ဗာဟုသစ္စ၊ ဗဟုသုတ များသော အကြားအမြင် အမှတ်အသား ပညာရပ်များကို ဗဟုသုတရှိသည်ဟု ခေါ်ဆိုရသည်။ ယခုနိုင်ငံတော် အစိုးရမင်းများတို့ သုံးစွဲနေကြသော သုတေသန ဌာန၊ သုတေသနပြယုဂ်၊ သုတေသန လုပ်ငန်းစဉ်ဟု ခေါ်ဝေါ် သုံးစွဲနေကြသော စကားများသည် ဗဟုသုတ- မင်္ဂလာ ကြီး၏ အားကိုးရာ အားကိုးကြောင်း လမ်းကောင်းကြီး ပေတည်း။ ရှင်တော်ဗုဒ္ဓ ဟောဘော်ပြခဲ့သည့်၊လောကုတ္တရာ ကျမ်းစာများမှာ

လည်း။ သုတံ ပညာယ ဝနုနံ။ သုတံ၊ အကြားအမြင် အမှတ်အသားသုတသည်။ ပညာယ၊ ကမ်းတဘက်ရောက်၊ တတ်မြောက်သောပညာ၏။ ဝနုနံ၊ ကြီးပွားကြောင်း ပေတည်း။ (ထေရပါဠိတော်-၂၅၀) အမှတ်အသား အကြားအမြင်၊ စုဆောင်းရှာဖွေမှုခေါ်တဲ့ ဗဟုသုတသည်။ ပညာ၏ အခြေခံ၊ ပညာ ကြီးပွားကြောင်းဟုမှတ်ပါ။ ပညာရင့်သန် ကြီးပွားလာသော အခါမှာ တွေ့သမျှ ကြားသမျှသော အမှတ်အသား သုတတို့၏ ကောင်းမကောင်း, မှန်မမှန်၊ ဟုတ်သည် မဟုတ်သည်ဆိုတဲ့ ကိစ္စရပ်တွေကို ဝေဘန် ဆုံးဖြတ်နိုင်ပါသည်။

ပညာသုတဝိနိစ္ဆိနီ၊ပညာ အဟုတ်အမှန်ကို အတိအကျသိနိုင်သော ပညာသည်။ သုတဝိနိစ္ဆိနီ၊ ကြားသမျှ ကြုံတွေ့ရသမျှသော ဗဟုသုတတို့၏ ကောင်းမကောင်း မှန်မမှန် ကိစ္စတွေကို ဝေဘန် ဆုံးဖြတ်နိုင်၏။ (စတ္တာလီသနိပါတ်)။

ဤကဲ့သို့ အကြားအမြင် များအောင် လောကီရေးရာ လောကုတ္တရာရေးရာ ကျမ်းစာအဖြာဖြာတို့ကို မှတ်သားနာယူကြတာ ဗဟုသုတ ပြည့်ဝစုံလင်အောင် လိုက်စား အားထုတ်ကာ နေထိုင်ခြင်းသည် ဗဟုသုတမင်္ဂလာမည်၏။

ဗဟုသုတကို ဗုဒ္ဓရှင်တော်မြတ်က လိုရာကိုသုံးနိုင်သော လက်နက်ကောင်းကြီးတခုဟု ဟောတော်မူခဲ့ပါသည်။

ချစ်သားတို့၊ ခြင်္သေ့-သစ်-ကျား-စသော ဘေးရန်ဥပါဒ်တွေ ထူထပ်များပြားလှစွာသော - စုံမြိုင် - ကန္တာရ ခရီးစခန်းကြီးကို ဖြတ်သန်းသွားလာသောသူသည် ထိုခြင်္သေ့, သစ်,ကျား, များကို နိုင်နိုင်နင်းနင်း ပယ်လှန်ဖြိုဖျက်နိုင်သော သေနတ်,ဒါး, လှံ,လေး

မြွားစသော လက်နက်ကောင်း များစွာတို့ကို ကိုင်ဆောင်၍ သွားလာကြပါလျှင် ချမ်းသာစွာ လွတ်မြောက် အောင်မြင်နိုင်သကဲ့သို့ ချစ်သားတို့ ထို့အတူသာလျှင် ကိလေသာ ဘေးရန်တွေ့ ဆုံလှုသော သံသရာခရီးခဲ့သို့ သွားလို- ကူးလို လွတ်မြောက် လိုကြသောသူတို့သည် ပိဋကတ်သုံးပုံမှ သီလသမာဓိ ပညာ ဗဟုသုတများကို ကျင့်သုံးမှတ်ယူ၍ ကိုင်ဆောင်ကာ ကူးကြပါလျှင် ချမ်းသာစွာ ရဲဘင်းစွာ လွတ်မြောက်၍ နိဗ္ဗာန်ပေါက် အကျိုးကျေးဇူး ရရှိကြပေမည်။ ဗဟုသုတ များပြားပြည့်စုံသော ဆရာကောင်းတပည့် အရိယာ သာဝကများသည် အကုသိုလ်ကို ပယ်စွန့်၍ ကုသိုလ်ကို ပွားများအားထုတ်တတ် နာယူ ကျင့်သုံးတတ်ပေမည်။

အပြစ်ရှိတာကိုပယ်စွန့်၍ အပြစ်မရှိတာကို နာယူပွားများတတ် ပေမည်။ မိမိ၏ကိုယ်ကို အကုသိုလ် အညစ်အကြေး ကင်းအောင် ဆောင်တတ် နေတတ်ပေမည်။

သုတဝါမန္တိ သုတမေဝအာဝုဓံ၊ သုဘာဝုဓေါဘိက္ခဝေ အရိယ သာဝကော အကုသလံ ပဇဟတိ ကုသလံ ဘာဝေတိ သာဝဇ္ဇံ ပဇဟတိ အနဝဇ္ဇံ ဘာဝေတိ၊ သုဒ္ဓ မတ္တာနံ ပရိဟရတိ။

(သုတ်ပါဠိတော်)

သုတသည် လောကီနယ် လောကုတ္တရာနယ် နယ်နှစ်နယ်တို့၌ မပါက မဖြစ်၊ မရှိကမဖြစ်သောကြောင့် အရာရာမှာ ဆားမပါ ကဲ့သို့ များစွာ အရေးပါ အရာရောက်လှပါသည်။

စရဏတရားတဆယ့်ငါးပါးမှာလည်းသုတသည် ဗါဟုသစ္စဟု အင်္ဂါတပါး ပါဝင်လေသည်၊ စရဏတရား တဆယ့်ငါးပါးကို

ရေတွက်ရာ၌ သုတကို ထည့်သွင်းရေတွက်ပါမှ တဆယ့်ငါးပါး ပြည့်လေသည်။

အပ္ပသုတာယံ ပုရိသော ဗလိဗဒ္ဒေါ ဝ ဇီရတိ

(ဓမ္မပဒ-ဋ္ဌ-ဇရာဝဂ်)

အကြားအမြင် ဗဟုသုတ မရှိသောသူသည် နွားလားနှင့် တူသည်ဟု ပုံနှိုင်းတော်မူသည်။ သုတ ပွားများအောင် သုတ ရှိကြ အောင် ကြိုးစားကြပါလော့။

## သိပ္ပအရ ပြဆိုခြင်း

သိပ္ပဥ္စ၌ အတတ်ပညာဟူသည်မှာ ဂိဟိသိပ္ပ၊ ပဗ္ဗဇိတသိပ္ပ၊ တနည်း အာဂါရိယသိပ္ပ၊ အနာဂါရိယသိပ္ပဟု နှစ်မျိုးရှိလေသည်၊ (အာဂါရိယသိပ္ပံ မဏိကာရ သုဝဏ္ဏကာရာဒိ အနာဂါရိယသိပ္ပံ စီဝရ ဝိစရဏာဒိ။ (သုတ္တနိပါတ် အဋ္ဌကထာ)။

၁။ အိမ်ရာတည်ထောင်သော လူတို့၏ အတတ်ပညာကို အာဂါရိယသိပ္ပ၊ ဂိဟိသိပ္ပဟုခေါ်သည်။ လူတို့အတတ် ပညာဟု ဆိုလိုသည်။

၂။ အိမ်မထောင်သော ရဟန်းတော်တို့၏ အတတ်ပညာကို အနာဂါရိယ သိပ္ပ၊ ပဗ္ဗဇိတ သိပ္ပဟု ခေါ်သည်။ ရဟန်း တော်တို့ အတတ်ပညာဟု ဆိုလိုပါသည်။ ဤသို့လျှင် အတတ်ပညာသည် အကျဉ်းအားဖြင့် နှစ်ပါးရှိသည်။

၁-နံပါတ်ပြ အာဂါရိယ အိမ်ရာတည်ထောင်ကြသော လူဝတ် ကြောင်တို့၏ အတတ်မှာ ကျောက်သံပတ္တမြား ရွှေထည်ငွေထည် ပြုလုပ်ရောင်းဝယ်မှု လဲလှယ်ဖလှယ် ပြင်ဆင်ပွတ်တိုက်မှု သွေးမှု ခွဲခြမ်းမှု အတတ်ပညာ ဓါတုဗေဒ အာယုဗ္ဗေဒ ဝေဒ အတတ်

အင်ဂျင်နီယာ စက်မှုလက်မှုအတတ်၊ ပန်းချီ, ပန်းရံ, ပန်းပု, ပန်းတိမ်, ဗိသုကာစသော လက်မှုပညာအတတ်။

ဆေးဆရာ စာဟော အဘိသိက် သဘင်သည် အဆိုကျော် စသော နှုတ်မှုပညာအတတ်၊ ဤသို့သောအတတ်တို့ကို အာဂါရိယသိပ္ပ ဂိဟိသိပ္ပ လူတို့၏အတတ်ပညာဟုမှတ်ပါလေ။ ငယ်စဉ်အခါ ပညာရှာဆိုတာလို ငယ်ရွယ်စဉ်ကစ၍ မယားကျွေးမှု သားကျွေးမှု တခုပညာ ကိုယ်စီပါရမယ်ဆိုတဲ့ ရှေးပေါရာဏ စကားအတိုင်း အသက်မွေးဝမ်းကျောင်းမှု အတတ်ပညာ တခုခု ပါကြရအောင် ကြိုးကြိုးစားစား သင်ထားပါမှ လူ့ဘောင် လောကလူ့ဌာနမှာ ရှေ့တန်းက နေနိုင်ကြရမယ်။ ကြိုးစားကြပါ။

ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ် ဆောက်သဘွယ်လျှင်၊ လိုရာထွင်းဖေါက်၊ ဖြတ်တောက် လိုရာ၊ ပြီးနိုင်စွာ၏။ ။

ပ ညာ မ သုံး၊ နှလုံးမပြောင်း၊ လက် ရုံး ကောင်း က၊ တကြောင်းမျှသာ၊ ရူးပမာသို့၊ လိုရာကိစ္စ၊ မျှားမကျဘူး ဟု၊ စပ်ဆိုတော်မူကြသည်။ (မဃဒေဝ)

၂-နံပါတ်ပြ အနာဂါရိယသိပ္ပ ပဗ္ဗဇိတသိပ္ပ ခေါ်သော ရဟန်းတော်တို့၏ အတတ်ဆိုသည်မှာ ရဟန်းတော်တို့သည် မိမိတို့ ဝတ်ရုံသုံးဆောင်တော်မူကြသော၊ သင်္ကန်းတော်တို့ကို ဆိုးရည် မှုန် အရောင်မှုန် ချုပ်ပုံချုပ်နည်း အလျားအနံ အနားပတ်စသော သင်္ကန်းသုံးထည်၊ သင်္ကန်းကိုးထည်၊ မြေသပိတ် သံသပိတ် အကြီး၏ ပမာဏ အငယ်၏ပမာဏ မီးဖုတ်ပုံ မီးဖုတ်နည်းမှစ၍ သင်္ကန်း သပိတ် ပရိက္ခရာစသော အပ်မအပ် တော်မတော် ရဟန်းတော်တို့

ပြုသင့်ပြုကောင်းသော အတတ်ပညာများသည် အနာဂါရိယ သိပ္ပ ပဗ္ဗဇိတသိပ္ပ ရဟန်းတို့၏ အတတ်ပညာမည်၏။

လူများသည် လူတို့၏အတတ်ပညာများကို တတ်မြောက်ကျွမ်းကျင်အောင် သင်ထား၊ တတ်ထားကြပါမူ၊ သိပ္ပဉ္စ ခေါ်သော မင်္ဂလာတရားတော်နှင့် ညီညွတ်လေသောကြောင့် ကြီးပွားရာ ကြီးပွားကြောင်း မင်္ဂလာတရားကောင်းမည်၏။

ရဟန်းတော်များသည်း ရဟန်းတော်တို့ဘက်က တတ်ကောင်း တတ်အပ် တတ်သင့်သော ပညာရပ်များကို သင်ထားပါက သိပ္ပ မင်္ဂလာမည်၏။ သင်္ကန်းနှင့်စပ်သော ဖြတ်မှု၊ စပ်မှု၊ ချုပ်ဆိုမှု၊ စသော ရဟန်းတို့သိပ္ပပညာရပ်များကို တတ်ကျွမ်းနားလည်ပြီး၊ သိပ္ပမင်္ဂလာနှင့် ပြည့်စုံသော ရဟန်းမှသာလျှင် ကထိန်သင်္ကန်းနှင့် ထိုက်တန်၍ ကထိန်သင်္ကန်းကို ခံယူပြီးလျှင် ကထိန်ခင်းထိုက်၏ဟု ဝိနည်းပါဠိတော် အဋ္ဌကထာ စသည်တို့မှာ လာရှိပါသည်။သတိပြုပါ၊ ဆင်ခြင်စေဘန်ကြပါ။

## ဝိနယ သုသိက္ခိတအရ ပြဆိုခြင်း

ဝိနယောစ သုသိက္ခိတော၊ ရဟန်းတော်များ ရဟန်းဘက်ဆိုင်ရာ ကျင့်သုံးစောင့်ထိန်းကြရမည့် ရဟန်းဝိနည်း၊ စည်းကမ်း။ လူများမှာလဲ- လူ့ဘက်ဆိုင်ရာ နေထိုင်သွားလာရေး၊ ပြုလုပ်ဆက်ဆံရေး စသော လူ့ဝိနည်းခေါ် စည်းကမ်း ဥပဒေသ များ ကို ကောင်းစွာ သင်ကြားထားအပ်၏။

အာဂါရိယ ဝိနယော ဒသ အကုသလ ကမ္မ ပထံ ဝိရမဏံ
အနာဂါရိယ ဝိနယောစ သတ္တာပတ္တိက္ခန္ဓေ အနာပဇ္ဇနံ။ ။

(သုတ္တနိပါတ် အဋ္ဌကထာ)

ဒသ အကုသလ ကမ္မပထ ဝိရမဏံ၊ ဆယ်ပါးသော အကုသလ ကမ္မပထ တရားကို ရှောင်ကြဉ်ခြင်းသည်။ ဝါ-မပြုလုပ် မလွန်ကျူး ခြင်းသည်။ အာဂရိယ ဝိနယော အဂါရိယ ဝိနည်းမည်၏။ ဝါ-လူတို့၏ကျင့်ဝတ်မည်၏။ စ- လူ့ဝိနည်းမှတပါး ရဟန်းဝိနည်းကို ဆိုဦးအံ့။ သတ္တာပတ္တိက္ခန္ဓေ· ခုနှစ်ဖုံသော အာပတ် အစုတို့ကို။ အနာပဇ္ဇနံ၊ မလွန်ကျူးခြင်းသည်။ အနာဂါရိယ ဝိနယော၊အနာဂါရိယဝိနည်းမည်၏။ ဝါ-ရဟန်းဝိနည်း မည်၏။

၁။ ပါဏာတိပါတ=သူ့အသက်သတ်ဖြတ်ခြင်း။
၂။ အဒိန္နာဒါနာ=သူတပါးဥစ္စာကို ခိုးယူခြင်း။
၃။ ကာမေသု မိစ္ဆာစာရ=ကာမဂုဏ်တို့၌ မှားသော အကျင့် ကျင့်ခြင်း။
၄။ မုသာဝါဒ=မုသားပြောဆိုခြင်း။
၅။ ပိသုဏာဝါစာ=ဝန်တိုမုန်းထား ဂုံးစကားပြောခြင်း။
၆။ ဖရုသဝါစာ=အယုတ်တမာ အကြမ်းစကားပြောခြင်း။
၇။ သမ္ဖပ္ပလာပဝါစာ=အနှစ်သာရမရှိ သိမ်ဖျင်းသော စကား ကို ပြောခြင်း။
၈။ အဘိဇ္ဈာ=သူ၏စည်းစိမ်ကို ကြံစီခြင်း လောဘတရား။
၉။ ဗျာပါဒ=သူတပါး ပျက်စီးကြောင်းဖြစ်သော ဒေါသ။
၁၀။ မိစ္ဆာဒိဋ္ဌိ=မှားယွင်းသော အယူဝါဒ။

ဤ အကုသလ ကမ္မပထတရား ဆယ်ပါးကို မလွန်ကျူးမူ၍ စောင့်စည်း ကျင့်သုံးခြင်းသည် အာဂါရိယ လူတို့၏ ဝိနည်းကျင့်ဝတ်၊ လူတို့၏ စည်းကမ်းမည်၏။ ကျင့်ဝတ်စည်းကမ်း ခေါ်သော လူ့ဝိနည်း တရားမြတ်နှင့် ညီညွတ်ခဲ့ပါလျှင် လူတွင် လူမြတ်၊ လူ

ကောင်းဖြစ်ပါ၍ အံပါယ်တံခါးကို မုချပိတ်နိုင် ပါသည်။ စူဠသောတာပန်လို့လဲ ခေါ်ဆိုနိုင်ပါသည်။ ကျင့်ကြံကြိုးကုတ်အားထုတ်လိုက်စား ကြပါလေ။

ရဟန်းတော်များမှာလည်း အာပတ်ခုနှစ်ပုံနှင့် သီလကြီး လေးပါးဟု ဆိုအပ်သော ရဟန်းဝိနည်းတရား ရဟန်းကျင့်ဝတ် စည်းကမ်းများကို စောင့်ထိန်းလုံခြုံပါက ဝိနယ သုသိက္ခိတ မင်္ဂလာကြီးအစစ် အမှန်ပင်ဖြစ်ပါ၍ မုချ နိယျာနိက နိဗ္ဗာန်သို့ ဖြောင့်ဖြောင့်ကြီး ကြွသွားတော် မူရမည်သာတည်း။

အာပတ် ခုနှစ်ပုံ။

၁။ ပါရာဇိက၊
၂။ သံဃာဒိသိက်၊
၃။ ထုလ္လစ္စည်း၊
၄။ ပါစိတ်၊
၅။ ပါဋိဒေသနီ၊
၆။ ဒုက္ကဋ်၊
၇။ ဒုဗ္ဘာသိက်၊

ဤကား အာပတ် ခုနှစ်ပုံဖြစ်သည်။

သီလကြီးလေးပါး ဆိုသည်ကား

၁။ ပါတိမောက္ခသံဝရသီလ၊ ပါတိမောက်ကို စောင့်စည်းမှု။
၂။ ဣန္ဒြိယသံဝရသီလ၊ စက္ခုစသော ဣန္ဒြေတို့ကိုစောင့်စည်းမှု။
၃။ အာဇီဝ ပါရိသုဒ္ဓိသီလ၊ ဝိနည်းတော်အတိုင်း အသက်မွေးစင်ကြယ်မှု။

၄။ ပစ္စယ သန္နိဿိတသီလ၊ ရသမျှသော ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာဆင်၍ ဆင်ခြင်သုံးဆောင်မှု။

ဤသို့လျှင် လူများက လူ၏ကျင့်ဝတ် ဝိနည်း စည်းကမ်း၊ ရဟန်းတော်များက ရဟန်းတို့၏ ကျင့်ဝတ် ဝိနည်း စည်းကမ်းများကို ကောင်းစွာ သင်ကြားခြင်းသည် ဝိနယသုသိက္ခိတ မင်္ဂလာမည်၏။ ဝိနယသုသိက္ခိတ မင်္ဂလာတရားတော်နှင့် ကိုက်ညီစွာ နေထိုင်ကျင့်သုံးကြပါလျှင် ပစ္စုပ္ပန်၊ အနာဂတ် ဘဝနှစ်ရပ် ဘဝနှစ်ပါးတို့၌ ကြီးပွားချမ်းသာကြောင်းဟု ယုံကြည်စွာ မှတ်သားကြပါလေ။

## သုဘာသိတဝါစာအရ ပြဆိုခြင်း

သုဘာသိတာစ ယာဝါစာ၊ ကောင်းသောစကားကို ကောင်းသော အချိန်ကာလ၌ ကောင်းစွာ ပြောကြားခြင်းကို သုဘာသိတဝါစာဟု ခေါ်သည်။ ဤသို့ စကားကောင်းကို ကောင်းသော အချိန်၌ ကောင်းမွန်စွာ ပြောကြားမှုကိုပင်၊ သုဘာသိတ ဝါစာ မင်္ဂလာဟု ဆိုသည်။

## စကားအရာ အင်္ဂါလေးတန်

၁။ သုဘာသိတ ဝါစာ၊ ၂။ ဓမ္မဝါစာ၊
၃။ ပိယဝါစာ၊ ၄။ သစ္စဝါစာ။

၁။ သုဘာသိတဝါစာ၊ ကောင်းသော စကားကို သာလျှင် ပြောဆိုသည်၊ မကောင်းသောစကားကို မပြောမဆို။

၂။ ဓမ္မဝါစာ၊ ဟုတ်မှန်သော စကားကိုသာလျှင် ပြောဆို၏၊ မဟုတ်မမှန်သော စကားကို မပြောမဆို။

၃။ ပိယဝါစာ၊ ချစ်ဘွယ်သော စကားကိုသာလျှင် ပြောဆို၏၊ ချစ်ဘွယ်ကင်းသော စကားတို့ကို မပြောမဆို။
၄။ သစ္စဝါစာ၊ မှန်ကန်သော စကားကိုသာလျှင် ပြောဆို၏၊ မမှန် မကန်သော စကားတို့ကို မပြောမဆို၊

ဤလေးပါးကို အင်္ဂါလေးတန်ဟု ခေါ်သည်။

(စတုက္ကနိပါတ်)=(ဝင်္ဂီသ သံယုတ်အဋ္ဌကထာ)

## သံပေါက်

သုဘာ ဝမ္မ၊ ပိယ သစ္စာ၊ ဤလေးဖြာကို၊ ချီသာ ရှင်ပြ၊ ပြောတတ်ကမူ၊ စကားအရာ၊ အင်္ဂါလေးတန်၊ အဘိုးတန်၏။

သုဘာသိတာဝ၊ လောကိယ လောကုတ္တရဟိတ သုခါ ဝဟတ္တာ။ (သံယုတ်အဋ္ဌကထာ)

လောကီအကျိုးစီးပွားချမ်းသာ လောကုတ္တရာအကျိုး စီးပွား ချမ်းသာများကို ဆောင်စွမ်းနိုင်သော စကားသည် သုဘာသိတ ဝါစာမည်၏။

## တနည်းအားဖြင့် သော်ကား

၁။ ကာလဝါစာ၊ သင့်တော်သော အခါကာလမှပြောဆိုခြင်း။
၂။ သစ္စဝါစာ၊ ဟုတ်ရာမှန်ကန်ရာကိုသာ ပြောဆိုခြင်း။
၃။ သဏှဝါစာ၊ ပြောသောအခါမှာ သိမ်မွေ့ ညက်ညောစွာ ပြောဆိုခြင်း။
၄။ အတ္ထဝါစာ၊ အကျိုးစီးပွားနှင့်စပ်သည်ကိုသာပြောဆိုခြင်း။
၅။ နဒုဋ္ဌဝါစာ၊ မကောင်းသော စကားကို မပြောမဆိုခြင်း။

ဤအင်္ဂါငါးပါးနှင့် ကိုက်ညီအောင် ပြောဆိုခြင်းသည် သုဘာသိတဝါစာ မည်၏။ ထို့ကြောင့် သုဘာသိတဝါစာ ဖြစ်

ကြရလေအောင် ပြေပြေပြစ်ပြစ် ချစ်ဘွယ်ပျော့ပြောင်း ကောင်းသော စကားအရာ နားခံသာအောင် ပျားသကာကဲ့သို့ နားသာအောင် ပြောဆိုကြလေ။ အရပ်ရပ် အရွာရွာ ဒေသန္တရသွားလာ ဆက်ဆံမှု၊ မင်းစိုးရာဇာ ရဟန်းသံဃာတော်တို့နှင့် နေထိုင်ပြောဆိုမှု စသည်တို့၌ သုဘာသိတဝါစာ၊ ဓမ္မဝါစာ၊ ပိယဝါစာ၊ သစ္စဝါစာခေါ်သော စကားအရာ အင်္ဂါလေးတန်ဟာ အလွန်တရာ အရေးပါ အရာရောက်သည်။ ပြောဆိုမေးမြန်းမှုတို့ကို အတုယူပြီး အတတ်သင်ခါ လိုက်စားလေ့ကျင့် ကြပါလေ။ အပြော အဆိုမတတ်တော့ ဟောင်တီးဟောင်ဖွာ အနေအထိုင်မတတ်တော့ ပြာရိပြာရာဆိုတဲ့ ရှေးပေါ်ရာဏာစကားကို လေးစားဆင်ခြင်ကြရာ၏။

---

ဿ။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာစ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။

**ဒေဝပုတ္တ နတ်သား**

၁။ မာတာပိတု၊ မိခင်,ဘခင် အနန္တ ကျေးဇူးရှင်ကို။ ဥပဋ္ဌာနဥ္စ၊ လုပ်ကျွေး မွေးမြူရခြင်းသည်ရင်း။

၂။ ပုတ္တဒါရဿ ဇနီးမယားနှင့် သမီးသားကို။ သင်္ဂဟောစ၊ ဝတ်စား၊ငွေကြေး သင့်လျော်အောင်ပေး၍၊ ကျွေးမွေး ထောက်ပံ့ ရခြင်းသည်ရင်း။

၃။ အနာကုလာ၊ ပွေလိမ်ရှုပ်ထွေးခြင်း မရှိ ကုန် သော။ ကမ္မန္တာစ၊ လယ်လုပ် ကုန်သွယ် ရောင်းဝယ် မလှုယ်ခြင်း စသောအမှုတို့သည်ရင်း။ အတ္တိ၊ရှိ၏။

တော်၊ ဤတရားသုံးပါးသည်။ ဥတ္တမံ မင်္ဂလံ၊ ကျင့်သူအပေါင်း မြင့်မြတ်ကြီးပွားကြောင်း မင်္ဂလာမည်၏။

## မာတာပိတု ဥပဋ္ဌာနအရ ပြဆိုခြင်း

မာတာပိတု ဥပဋ္ဌာန်နှံ၊ မိခင်ဖခင်တို့၏ အနန္တဂုဏ် ကျေးဇူး တွေကို ဥပမာ ဒီစုံစုံပေး၍ ရေးသားဖေါ်ပြပါသော်လည်း ကုန် ဆုံးနိုင်ဘွယ်မရှိ။ မာတာပိတုဂုဏော အနန္တော၊ မိခင် ဖခင် တို့၏ စောင့်ရှောက် ကျွေးမွေးခဲ့ကြသည့် ကျေးဇူး အဆုံးမရှိဘူး မကုန် နိုင်ဘူးဆိုတာသဲ ဗုဒ္ဓဘာသာတိုင်း သိရှိထားပြီး ဖြစ်ကြပါသည်။

## ထို့ကြောင့် အတိုချုပ်အားဖြင့်

၁။ မိဘတို့ကို ကိုယ်ဒဏ္ဍာ ဆင်းရဲမှုမရှိရလေအောင်။

၂။ မိဘတို့၏စိတ်ဒုက္ခ မဖြစ်ရ၊မဆင်းရဲရ၊မပူပန်ရလေအောင် စေတနာရှိရှိဖြင့် ရိုရိုသေသေ ကြင်ကြင်နာနာ ယုယကြည်သာ ခင်မင်စွာ လုပ်ကျွေးပြုစုကြပါ။ စိတ်မကွက်ကြပါလေနဲ့၊ မိမိတို့၏ စေတနာ သဒ္ဓါတရား နည်းပါးမှုကြောင့် မြတ်စွာဘုရားကို ဆွမ်း တော်မဘင် မလှူဒါန်းပါလျှင် ကုသိုလ်မရမှုသာ ရှိပါသည်။ ငရဲ တော့မကြီးပါဘူး။ မမွေ့သင့် မမွေ့အပ် မမွေ့ကောင်း မမွေ့ထိုက် သောအနန္တ ကျေးဇူးတော်ရှင် မိဘများကို မပြုစုကြဘဲ မျက်နှာ လွှဲ ပစ်ပယ်ထားကြပါမူ ငရဲကြီးနိုင်ပါသည်။ သတိပြုကြပါ။

ဗုဒ္ဓရှင်တော်မြတ်ကလဲ လောကကြီးတွင် ကျေးဇူးဆပ်၍မကုန် နိုင်သူ နှစ်ဦးရှိသည်ဟု ဟောတော်မူပါသည်။ အဘယ်သူနှစ်ဦးတို့ နည်းဟူမူ၊အမိအဘတို့တည်းဟုဟောတော်မူပါသည်။အမိအဘတို့ သည် ဂုဏ်ထူးဝိသေသရှိကြပေသည်၊ အဘယ်ကဲ့သို့သော ဂုဏ်ထူး ဝိသေသများရှိပါသလဲ ဆိုလျှင်....

ဗြဟ္မာတိ မာတာပိတရော၊ ပုဗ္ဗာစရိယာတိ ဝုစ္စရေ။
အာဟုနေယျာ စ ပုတ္တာနံ၊ ပဇာယ အနုကမ္ပကာ။

အင်္ဂုတ္တရနိကာယ် ဒေဝဒူတဝဂ် သဗြဟ္မကသုတ္တ = ၁၃၀-၁၃၁ အင်္ဂုတ္တရနိကာယ ၃၇၂·ဗြဟ္မသုတ်မှာလဲ အလားတူ ဟောတော်မူပါသည်။ ရှုကြပါလေ။

၁။ အမိအဘတို့သည် ဗြဟ္မာဆိုသော ဂုဏ်ထူးဝိသေသ။
၂။ အမိအဘတို့သည် ပုဗ္ဗာစရိယဆိုသော ဂုဏ်ထူးဝိသေသ။
၃။ အမိအဘတို့သည် အာဟုနေယျဆိုသော ဂုဏ်ထူးဝိသေသ။
၄။ အမိအဘတို့သည် ပုဗ္ဗဒေဝတာဆိုသော ဂုဏ်ထူးဝိသေသ။

ဤသို့သော ဂုဏ်ထူးဝိသေသ ရှိတော်မူကြသော အမိအဘတို့ကို လောကီရေးရာ အားဖြင့် မကောင်းနံ့ကို ဖုံး ဟန့် ကာကွယ် အခုယ်အမွှေး လိမ်းကြန်ပေးခြင်း။ ရေပူရေအေး လိုရာကိုချိုး၍ ပေးခြင်း၊ ခြေဆုပ်လက်နယ်ပြုခြင်း၊ အဝတ်အစား ပေးခြင်း၊ အဖျော်ယမကာမှစ၍ ကြည်သာအောင် သရီစာပေးခြင်း၊ အိပ်ရာခင်းပေးခြင်း စသည်တို့ဖြင့် ပြုလုပ်စောင့်ရှောက်ရာ၏။

သတ္တတိနိပါတ် သောဏနန္ဒဇာတ်တော်
မဟာနိပါတ် သုဝဏ္ဏသာမဇာတ်တော်
ကောဒသနိပါတ် မာတုပေါသက ဆင်မင်းဇာတ်တော်
စသည်တို့၌—

အလောင်းတော်များ မိခင်, ဘခင် လုပ်ကျွေးပုံအကြောင်းများစွာပင် ပါရှိလေသည်။ ထိုဇာတ်တော် စသည်တို့ကို ကြည့်ရှုမှတ်သားကာ မိဘများကို လုပ်ကျွေးကြပါလေ။

ဗြဟ္မာတိစသော ပါဠိတော်အရ ဗြဟ္မာမည်ပုံမှာ....

၁။ ဗြဟ္မာတို့သည် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဆိုသည့် ဗြဟ္မဝိဟာရ တရားကို လက်ကိုင် ထားသကဲ့သို့၊ အမိအဖတို့သည် သားသမီးတို့အပေါ်၌ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဆိုတဲ့ ဗြဟ္မဝိဟာရတရား လေးပါးကို လက်ကိုင် ထားကြလေသည်။

## မေတ္တာထားပုံ

မိဘတို့သည် အမိဝမ်း၌ ကလလရေကြည် တည်သည်မှစ၍ မွေးဖွားသည်တိုင်အောင် ပုလ္လင်္ဂ၊ အဓမ္မ သောအခါ အေးလှန်းသောရေကို သောက်ခြင်း။ အနေအထိုင်, အသွားအလာ, အကုံးအကွမှစ၍ ရှောင်ကြဉ်ခြင်းသည် မိဘတို့၌မှီ၍ ဖြစ်လာသော သားသန္ဓေ, သမီးသန္ဓေတို့ကို ယောကျ်ား,မိန်းမ အဖြူအမဲ မသဲကွဲခင်ကပင် မေတ္တာ ထားရပေသည်။

## ကရုဏာနှင့် မုဒိတာထားပုံ

မိဘတို့သည် သားသမီး မွေးဖွားသည်မှစ၍၊ ကရုဏာတရားဖြစ်ပွားလာရပေသည်။

ဖွားမြင်ပြီးခါ၊ ရောက်လေပါလည်း၊ နုနယ်နီထွေး၊ သားငယ်လေးကို၊ ပိုက်ထွေးချီပိုး၊ ဂျပိုးခြင်မှက်၊ မနှိပ်စက်အောင်၊ ရွက်ဆောင်စောင့်ရှောက်၊ နေပြောက်မထိုး၊ လေဆိုးမတိုက်၊ သန်းမကိုက်ရန်၊ အတန်စောင့်ကြပ်၊ မျက်ပြတ်မခံ၊ သားငယ်ထံသို့၊ လိုက်ပြန်ပါလျက်၊ ဝါးထုတ်ကျွေးရာ၊ နေရပါသည်၊ များစွာကရုဏာ ပွားရာတည်း။ (ဟု ဆိုသော လင်္ကာအရ)

ရင်ဝယ်ပေါက်ဖွား၊ သမီးသားတို့ မပြောတတ် မဆိုတတ်ရှိသေးတဲ့ အရွယ်ကို ယုယပိုက်ထွေး ချီပိုးရွက်ဆောင်ရ၊ ဂျပိုးခြင်မှက် မကိုက်ခဲကြရအောင် စောင့်ရှောက်ကြ၊ နေပြောက်မထိုးရ၊ လေဆိုးလေကြမ်း မတိုက်ခတ် ရလေအောင် ပြုစုကြ၊ သန်းမကိုက်အောင် ကြင်နာကြ။ ဤသို့စသောအားဖြင့် ဝမ်းမြောက် ကြည်သာနှင့် ချစ်ခင်လှစွာ စောင့်ရှောက်ကြရှာလေသည်။

မိဘတို့သည် အလုပ်အကိုင်တွေ မည်မျှလောက်ပင် ရှုတ်ပွေနေစေကာမူ အလုပ်ကိုစွန့်လွှတ်ပြီး၊ သားငယ်၊ သမီးငယ်တို့ ငိုယိုသံကြားရာအရပ်သို့ လာခဲ့ကြရသည်။ ဥပမာအားဖြင့် မိဘတို့သည် ထမင်းစားသောက်နေခိုက် ပုခက်တွင်းက ကလေးသူငယ် ငိုယိုတဲ့အခါ ထမင်းစားမှု ရပ်ဘန်ပြီး၊ သားသူငယ်၊ သမီးသူငယ်တို့၏ အလိုကို လိုက်ကြခါ၊ ချော့မော့ရလေသည်။ သားသူငယ်၊ သမီးသူငယ် ငိုယိုကာ ချော့မော့၍ မရပါလျှင် မိဘတို့သည် ထမင်းကို ဆက်လက်စားသောက်မှု မရကြရှာတော့ဘူး။ ဒါကို "သားငယ်ထံသို့ လိုက်ပြန်လာလျက် ဟုဆိုသည်။ သားသမီးများကို သန့်စွမ်းမှု၊ ထွားကြိုင်းမှု၊ အင်အားပြည့်မှုဆိုပြီး နို့ချောက်ဘူး နို့ဆီဘူး နွားနို့ များများထွက်သော နို့စားနွားမများ ဝယ်ယူပြီးကာ ငွေကုန်ကြေးကျ ကလေးဝဘို့၊ ဘေးမခဘို့၊ အေးမြဘို့ဆိုပြီး အနည်းနည်း အဖုန်ဖုန် အစုံစုံ အဖြာဖြာ မွေးမြူကြ ရှာလေသည်။ မိဘတို့သည် သားသမီးများတို့ အလွန်တရာ ကြင်နာချစ်ခင် ကြရှာလို့ ငယ်စဉ်တောင်ကြေး ဟိုခလေးတုံးက မထိုင်တတ်-ထိုင်တတ်၊ မသွားတတ်-သွားတတ် အချိန်ဆီက သနားတတ်ကြ၍ ဝါးဖတ်ကို ဆားခတ်ပြီး အနားကတ်ကာ ခွန့်ကြမွေးကျွေး ခဲ့ကြရှာလေသည်။

ရင်ဝယ်ပေါက်ဖွား သားသမီးတို့၏ မွေးကတ်တတ်၊ လှန်တတ်၊ ပြုံးရယ်တတ်သော အခါမှစ၍ အချိန်အရွယ်ရောက်ပြီး အိုးအိမ်တည်ထောင်နိုင်သော အချိန်အခါ တိုင်အောင် မိဘလုပ်သူတို့က သားသမီးများကို အရိပ်ကြည့်ပြီး ဝမ်းမြောက် ဝမ်းသာ မုဒိတာဖြစ်ကြရလေသည်။

## ဥပေက္ခာ ထားပုံ

သားသမီးတို့ အိုးအိမ်ထောင်ကြပြီးလျှင် မိဘတို့သည် သားသမီးတို့၏ စားမှု၊ သောက်မှု၊ ဝတ်မှု၊ သွားလာမှုတို့ အတွက် အတော်အတန် စိတ်ချရကြရှာလေပြီ။ အိုးအိမ်တောင် တည်ထောင်သောသူတို့သည် မိမိတို့၏ လူမှုရေး အဆင့်အတန်း စီးပွားရေး အဆင့်အတန်းမှီအောင် တဦးအပေါ် တဦး အားကိုးအားထား ပြုထားကြရသည့်အတွက် မိဘတို့တာဝန် အထိုက်အလျောက် ပေါ့သွားပါ၍ လျစ်လျူရှုရာ ရောက်နေသောကြောင့် ဥပေက္ခာထားသည်ဟု ခေါ်ရပေသည်။

## ၂—ပုဗ္ဗာစရိယ မည်ပုံ

အမိအဘတို့သည် ရင်ဝယ်ပေါက်ဖွား သားသမီးတို့ကို စကားပြောတတ်သော အချိန် အရွယ်ကစပြီး၊ ဒီဟာကအဖေ၊ ဒီဟာက အမေ၊ဒီဟာက အဘိုးအဘွား၊ ဦးကြီးဦးလေး၊အကိုအမ၊ ရဟန်းသံဃာစသော သိရှိဘွယ်တို့ကို သိရှိနားလည်အောင် ဒီအလုပ်ကို မလုပ်နှင့် အပြစ်ဖြစ်တတ်သည် စသည်တို့ကို သင်ကြား ပြသတတ်ကြသောကြောင့် ပုဗ္ဗာစရိယ မည်ကြသည်။ လူဆရာ-ရဟန်းဆရာတို့သည် နောက်မှ သင်ကြားပြသကြသောကြောင့် ပစ္ဆာစရိယဟု အမည်ရကြသည်။

## ၃—ပုဗ္ဗဒေဝတာမည်ပုံ

ဝိသုဒ္ဓိနတ်, ဥပပတ္တိနတ်, သမ္မုတိ နတ်တို့တွင် ဘုရား ရဟန္တာ အရှင်မြတ်တို့ကို ဝိသုဒ္ဓိနတ်ဟုခေါ်၍ ကိုယ်ဆင်ရှား ဘုံးကနဲဖြစ်ပေါ်လာသောနတ်ကို ဥပပတ္တိနတ်ဟု ခေါ်သည်။ တိုင်းပြည်အုပ်ချုပ်သော ဘုရင်မင်းများကို သမုတိနတ်ဟု ခေါ်ဆိုရလေသည်။ ယင်းနတ်တို့တွင် အမိအဘတို့သည်ဝိသုဒ္ဓိနတ်နှင့် တူကြရပေသည်၊ ဝိသုဒ္ဓိနတ်ခေါ်သော ဘုရား,ရဟန္တာတို့သည် သတ္တဝါအများတို့အပေါ်၌ ကျောသား ရင်သား မခွဲခြားနားဘဲ အကျိုးကျေးဇူးကို အစဉ်တစိုက် အလိုရှိတော်မူကြသကဲ့သို့ အမိအဘ တို့သည်လည်း သားသမီးတို့၏အပေါ်၌ အကျိုးကျေးဇူး ဖြစ်ထွန်းမှုအတွက် အမြဲတစေ အလိုရှိကြပေသည်။

## ၄—အာဟုနေယျမည်ပုံ

ဘုရားရဟန္တာတို့သည် လူ,နတ်,ဗြဟ္မာ သတ္တဝါတို့၏ အဝေးအရပ်မှ ဆောင်ယူ လာအပ်သော သူ့ဘွယ်ဝတ္ထု ပစ္စည်းစုတို့ကို ခံယူတော်မူခြင်းငှာ ထိုက်တော် မူဘိသကဲ့သို့- အမိအဘ တို့သည်လည်း သားသမီးတို့၏ ပူဇော်ယုယ စောင့်ရှောက် မြတ်နိုးကြခြင်းကို ခံယူခြင်းငှာ ထိုက်တော်မူကြပါပေသည်။

ဤကဲ့သို့ မိဘတို့၏ ဂုဏ်ထူးဝိသေသနှင့် ကျေးဇူးတရား တို့ကို သူတော်စင် ပုဂ္ဂိုလ်တို့သည်၊ မိဘတို့အပေါ်၌ လောကီရေးရာအားဖြင့် ကျေးဇူးဆပ်ကြပါကုန်။ လောကုတ္တရာရေးရာ အားဖြင့် ကျေးဇူးဆပ်ပုံများကို အကျဉ်းအားဖြင့် ပြဆိုပေအံ့။

၁။ သဒ္ဓါတရားမရှိသေးသော မိဘတို့ကို သဒ္ဓါတရားနှင့် ပြည့်စုံရလေအောင် နည်းပေးလမ်းပြ တိုက်တွန်းမှု။

၂။ ကိုယ်ကျင့်သီလ မရှိသေးသော မိဘတို့ကို ကိုယ်ကျင့်သီလနှင့် ပြည့်စုံရလေအောင် နည်းပေးလမ်းပြ တိုက်တွန်းမှု။
၃။ ဝန်တိုမစ္ဆရိယ ရှိသော မိဘတို့ကို ပေးကမ်း စွန့်ကြဲမှုဆိုတဲ့ ဒါနတရား ဖြစ်ပွားလှူဒါန်း လာချင်အောင် နည်းပေးလမ်း ပြ တိုက်တွန်းမှု။
၄။ အသိအလိမ္မာ နည်းပါးလှစွာသော မိဘတို့ကို အသိဉာဏ် ပညာ တိုးပွားထက်သန်လာအောင် နည်းပေးလမ်းပြ တိုက် တွန်းမှု။

အထက်ပါတရားလေးပါးနှင့် ပြည့်စုံအောင် ပြောပြတိုက်တွန်း ကြသော သားသမီးတို့သာ အမျိုးကောင်းသား၊ အမျိုးကောင်းသမီး ကေန်စင်စစ် အမှန်ဖြစ်ရပေသည်။

## သုတေသီတ-သုတကာမီ-သုတဂဝေသီ ပုဂ္ဂိုလ်တို့ ကျက်မှတ်စရာ စာလင်္ကာ

အံ့လောက်ဘွယ်ရာ၊ မိမာတာနှင့်၊ ပိတာဇဖ၊ မြတ်ဂုဏ အား၊ ဆပ်ငြားပါလို၊ မိကိုလက်ျာ၊ ဖမှာလက်ဝဲ၊ အမြဲ ထန်းလျက်၊ ပခုံးထက်တွင်၊ သို့စင်နှစ်ပါးလုပ်ကျွေးကြလည်း၊ ရှေးကကျွေးဘူး၊ မွေးကျေးဇူးကို၊ အထူးမြဲနိုင်၊ မပြေ နိုင်တည်း။ (ဤကား လောကီကျေးဇူး ဆပ်ပုံတည်း။)
အင်္ဂုတ္တရနိကာယ ဒုကနိပါတ သမစိတ္တဝဂ္ဂ ၆၃-

လောကုတ္တရာပြင့် ကျေးဇူးဆပ်ပါ။ မိဘကျေးဇူး၊ ကြွေး အထူးကို၊ ကြည်နူးတုံကာ၊ ဆပ်လိုပါမူ၊ သဒ္ဓါကင်းပ၊ သီလမမြူ၊ အရှုမပေး၊ ကင်းဝေးသုတ၊ မိင့်ငံ့ဘတို့၊ ဖြောင့်ဖျချီသာ၊ စေတနာဖြင့်၊ သဒ္ဓါစကား၊ မြတ်တရား

နှင့်၊ စုံပြား လေအောင်၊ ကြိုးစားဆောင်က၊ မြားမြောင် ထွေထွေ၊ ကျေးဇူးကြေမည်၊ ဆပ်လေသူတော် လမ်းစဉ်တည်း။

ဘုရား တရား သံဃာကို မလှူမတန်း မဖူးမျှော်လျှင် ဥပုသ် သီလ မစောင့်ရှောက်-မဆောက်တည်ပါလျှင် ကုသိုလ်မရရုံမျှသာ ရှိသည်၊ အမိအဘတို့အပေါ်၌ ဆိုဆဲကြိမ်းမောင်းမှု၊ ပြန်လှန် ပြောဆိုမှု ပြုမှသာ အကုသိုလ်ဖြစ်သည် မဟုတ်ပါ။ ပြုစုစောင့် ရှောက်သင့်သော တာဝန် ဝတ္တရားများတို့ ပျက်ကွက်ခဲ့လျှင် အလို လို အကုသိုလ်ဖြစ်တော့သည်သာ ၎င်းကိုပင် "ကတ္တဗ္ဗာ ကရဏ" အကုသိုလ်ဟု ခေါ်သည်။ [ကတ္တဗ္ဗ မိဘတို့အပေါ်၌ ပြုအပ်, ပြု သင့်,ပြုထိုက်သော ဝတ္တရားကို အကရဏ မပြုခြင်းကြောင့် ဖြစ်ရ သော အကုသိုလ်]။ မိဘတို့အပေါ်၌ ပြုအပ်,ပြုသင့်,ပြုထိုက်သော တာဝန်ဝတ္တရားကို ပြုလုပ်ခြင်းကြောင့် အသက်ရှည်ခြင်း၊အဆင်း လှခြင်း စသော အကျိုးတို့ကို ဖြစ်စေတတ်သော ကတ္တဗ္ဗ ကရဏ ကုသိုလ်ဖြစ်ရလေသည်။

သာမန်လူတို့ကို မဆိုထားဘိ သာသနာတော်ထမ်း ရဟန်း တော်များပင် အမိအပေါ်၌ နှိပ်ပေးခြင်း နင်းပေးခြင်းစသော အတွေ့အထိတို့ကို ချန်လှပ်၍ အားလုံး ပြုသင့်ပြုထိုက်သော တာ ဝန်တွေကို ပြုလုပ်သင့်သေး၏၊ ဘုရားရှင် ခွင့်ပြုတော်မူပုံမှာ မိဘ များတို့ အဝတ်အစား ပါးရှားနွမ်းနယ်နေကြပါမူ သင်္ကန်းကိုပင် ပေးကမ်း၍ စောင့်ရှောက်သင့်ကြောင်း ဟောတော်မူသေး၏။

အနုဇာနာမိ ဘိက္ခဝေ မာတာပိတုန် စီဝရံ ဒါတုံ၊ ဟူ၍ ခွင့်ပြုတော်မူ၏။ (ဝိနည်း မဟာဝါ ပါဠိတော်)

**မိဘမေတ္တာ။** ။ သားတို့ရှုပ်ရည် သိတာမည်သား၊ ရေကြည်ချမ်းမြ၊ တပေါက်ကျက၊ မိဘတို့ဝမ်း၊ ငြိမ်းစတမ်းတည်းဟု။ ။ ပညာရှိတို့ စပ်ဆိုတော်မူခဲ့သည့်အတိုင်း မိဘတို့၏မေတ္တာသည် သားသမီးများအပေါ်၌ ထားရှိပုံမှာ အလွန်မှန်သော မေတ္တာစစ်မေတ္တာမှန် ဖြစ်ပေသည်။

**သားသမီး တို့၏ သဘောထား။** ။မယှဉ်းမှန်လှ ဤလောက၌ မိဘကိုပင် ဥစ္စာမြင်မှ၊ ခင်မင်မြတ်လေး၊ သားတို့မှ၏၊ ရွေးပဲ မရှိ၊ မိဘတို့အား သမီးသားလည်း၊ ထံပါးနီးရပ်၊ မကပ်လိုလျှင်း၊ ရှောင်ကြကွင်း၏ဟု စပ်ဆိုတော်မူကြလေလည်း။

ဤကဲ့သို့သော စိတ်ထားရှိသော သားသမီးများအဖို့ ပစ္စုပ္ပန်သံသရာဝယ် ရင်လေးဘွယ် အသွယ်သွယ်တို့နှင့်သာ ကြုံကြရပေမည်။မိဘများအနေနှင့် စဉ်းစားခဲ့ပါလျှင် သနားစရာပင်ကောင်းလှချေ၏။ မိဘများကို အထူးတလည် ရိုရိုသေသေ ယုယုယယ ကြင်ကြင်နာနာ ပြုစုစောင့်ရှောက်ကြရန် အထူးပင် တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။

## ပုတ္တဒါရဿ သင်္ဂဟအရ ပြဆိုခြင်း

သားသမီးနှင့် မယားဇနီးတို့၏ အပေါ်မှာ မမြှောက်ပင့်လွန်း အလိုမလိုက်လွန်း တင်းတင်းမာမာနှင့် အာဏာမပြလွန်းဘဲ အနေအထိုင်မှန်မှန် စည်းကမ်းကျကျနှင့် ဝတ်စား ငွေကြေး ထိုက်သင့်လျော်ကန်အောင် ဆင်ပြင်ကျွေးမွေး၍ တရားတော်နှင့် လျော်ညီစွာ စောင့်ရှောက် ထောက်ပံ့ခြင်း အားပေးခြင်း ပြုလုပ်စီမံကာ နေထိုင်ခြင်းသည် ပုတ္တ ဒါရဿ သင်္ဂဟ မင်္ဂလာမည်၏။

အချို့သော ခင်ပွန်းယောကျ်ား ဘခင်မိုက်များတို့သည် ဇနီးမယားအပေါ်မှာရင်း၊ သမီးသားအပေါ်မှာရင်း၊ အားရှိအားမဲ့

(အားကြီးသူက အားနည်း၊ သူ မျက်နှာငယ်သူကို) ကြီးနိုင် ငယ် ညှဉ်းဆိုတဲ့ သဘောမျိုးနဲ့ နှိပ်စက်ညှဉ်းပန်း အနိုင်ကျင့်ကာ အာဏာပြလွန်းကြသည်။ ဘယ်သင်္ချိုင်း ဘယ်အိမ်မသွားနဲ့ ဘယ်သူနဲ့ အတူမနေနဲ့ ဘယ်ပွဲမလိုက်နဲ့ ဘာကိုမဝယ်နဲ့ ဘာကိုမလုပ်နဲ့ မဖီးမလိမ်းနဲ့ မဝတ်မဆင် မသချင်နဲ့ဟု စသည်ဖြင့် အမြဲတို သဝင်တိုကာ ချုပ်ချယ်စီးပိုးမှုတွေ များတတ်ကြသည်။

ဤကဲ့သို့ မဖွယ်မရာ ချုပ်ချယ်အာဏာပြခြင်းသည် ညှဉ်းပန်း နှိပ်စက်ကြခြင်းသည် မိမိတို့၏ စိတ်ခနေစိတ်ထား ရိုင်းစိုင်း ကောက် ကျစ်မှုများကို မိမိတို့ပင် ဖေါ်ပြကြေညာသည် မည်ပေသည်။ မယားရှိ လင်နှင့် သားသမီးရှိ ဘခင်များတို့ ကိုယ်၏သမီးသားနှင့် ဇနီးမယားများအပေါ်၌ ဆင်ခြင်ထောက်ထားကာ သနားကြင် နာကြပါ။ ဗာလ အသေဝန တရားတော်အရကို မဆိုလို၊ ဗာလ အသေဝန တရားတော်အရကဘော့ မပေါင်းအပ်တဲ့ သူကို မပေါင်းနဲ့ မဆည်းကပ်အပ် အတူမနေအပ် မဆက်ဆံအပ်တဲ့ သူ များကို မဆည်းကပ် အတူမနေ မဆက်ဆံလေနဲ့ဟု ဟောတော်မူ သည်။ သတိပြု၍ စဉ်းစားပါလေ။

မိမိတို့၏ အိမ်ရှင်မတို့အပေါ်မှာ ပြုကျင့်ရမည့်ဝတ္တရားများကို ရှင်တော်ဗုဒ္ဓ ဟောပြတော်မူခဲ့သည်မှာ....

## လင်၏ကျင့်ဝတ်ငါးပါး

မထေမဲ့ကင်း၊ အဝနှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စား ဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင်လင်ကျင့်ရာ။

၁။ **တင်းမာခက်ထန်သော ဣန္ဒြေ မျက်နှာဆိုးနှင့် မထေ မဲ့မြင် မပြုခြင်း။ (တိုင်ပင်နှီးနှောမှုရှိပါစေ)။**

၂။ မိမိ၏ရုဆောင်းရရှိသော ကြေးငွေဥစ္စာတို့ကို အိမ်ရှင်မ ဇနီးသယ်အား လုံခြုံအောင် သိမ်းထုပ် သိုမှီးရန်အတွက် ယုံယုံကြည်ကြည် အပ်နှံထားရခြင်း။

၃။ မိမိသည် စီးပွားဥစ္စာကိုယ်ခန္ဓာနှင့် အကျင့်စာရိတ္တတရားများ ပျက်ပြားဆုံးရှုံးစေတတ်သော မှားယွင်းသော မိစ္ဆာစာရအမှုများကို မပြုမကျင့်ရခြင်း။ဝေးစွာ ကွင်းရှောင်ရခြင်း။

၄။ သူတို့နှင့် ထိုက်တန်သင့်လျော်သော ဝတ်စားတန်ဆာ အထည်အလိပ်များကို ဆင်ယင်ပြုပြင်ပေးရခြင်း။

၅။ မြတ်မြတ်နိုးနိုး ချစ်ခင်သောစိတ်မျိုးနဲ့ ကြင်ကြင်နာနာ မယားမှတ်မှတ် လင်မှတ်မှတ်ဆိုတဲ့ သဘောမျိုးထားပြီး နေထိုင်ကျင့်သုံးရခြင်း။

ဤကျင့်ဝတ်တရား ငါးပါးနှင့် အိမ်ရှင်မ ဇနီးသည်တို့အပေါ်မှာ ကျင့်သုံးနေထိုင်ပါလေ။

(သုတ္တန်ပိဋကတ် သုတ်ပါထေယျ သိင်္ဂါလသုတ်)

## သားသမီးများ အပေါ်မှာလဲ

က။ ငယ်ကပညာ မသင်ရှာ ကြီးသော်ခက်မည်မှတ်။
ခ။ ပညာမရ အိမ်ထောင်ကျ ဒုက္ခရောက်မည်မှတ်။
ဂ။ ဂဏန်းမသင် လာဘ်မမြင် *ကူးလျှင့်ရှုံးမည်မှတ်။

*ကူးလျှင်ဆိုသည်မှာ ကုန်ကူးလျှင် ကုန်ရောင်းကုန်ဝယ် ပြုလုပ်လျှင်ဟု ဆိုလိုသည်။

ဤလင်္ကာသံပေါက် စာလေးသုံးပုဒ်၏ အဓိပ္ပါယ် အရမှာ.... မိမိ၏ သားသမီးများကို ငယ်ရွယ်စဉ် ပညာသင်ရမည့် အချိန်မှာ— နေ့မှန်-ရက်မှန် ပညာသင်ပေးစေရန် အတွက် ဘုန်းတော်ကြီး ကျောင်း၊ အတန်းကျောင်းများသို့ အပ်ပို့ပေးရခြင်း၊ သားသမီး များ ကျောင်းလိုက်မှန်၊ ကျောင်းနေလို၊ပညာသင်လို လာအောင် ဆုံးမပြောကြား နားသွင်းပေးရခြင်း ကျောင်းနေ ကျောင်းလိုက် ပျင်းသော သားသမီးကလေးသူငယ်များကို လိုက်အောင် မိမိဉာဏ် မှီသောနည်း တနည်းနည်းဖြင့် သုံးပေးရမည်။ ဤပြုရမည့် ကိစ္စ တို့ကို မပြုမလုပ်ကြပါလျှင် မိမိတို့သားသမီးများ ကြီးပြင်းလာကြ သောအခါမှာ ပညာမရှိသူ၏ နှင့်ထမ်း ဆိုသော ရှေးပေါ်ရာဇာပုံ အတိုင်း ပညာမရှိသော သူတို့ကို ပညာရှိသောသူ လယ်သောသူ တို့က လှည့်စားပြောဆိုရာကို ခံကြရမြဲဓမ္မတာပေတည်း။ ထိုအခါ မှာ အရပ်ရပ်ကိစ္စတို့က အောက်တန်း ခနောက်တန်းကျကာ ဆင်းရဲ ကြရမည်သာတည်း။ ထို့ကြောင့် "ငယ် က ပ ညာ မသင်ရှာ" စသည်ကို ဆိုခဲ့ရပေသည်။

အရေးအမှတ် အတွက်အချက်၊ ဂဏန်းသင်္ချာ ပညာများမရှိခဲ့ မသင်ခဲ့ကြရသူများမှာ=၁၁-ကို ၁၀၁-ရေး၊၁၀၁-ကို ၁၀၀၁- ရေး၊ဤကဲ့သို့ အမှားမှားအမှောက်မှောက်တွေ့ကြုံကြရလို့ အမြတ် အစွန်း မရမရှိသည့်ပြင်၊ ဗူးထဲကရေပါ-လျော်ရင်းနစ်တဲ့လျော်၊ တန် ဘိုးထက် လက်ခက ကဲဆိုတာလို ဖြစ်ကြရပေသည်။ ထို့ကြောင့် အတွက်အချက်, စာရင်းကိုင်ပညာ, ဂဏန်းသင်္ချာ, အင်ဘွတ် ကွက်ရှင်းပညာ,အက္ခရာသင်္ချာတို့ကို သင်ကြားတတ်မြောက် ထား ကြဘို့ရာ မိဘတို့တာဝန်ပေတည်း။ "ဂဏန်းမသင်- လပ်မမြင်" စသော လင်္ကာသံပေါက်ကို ရေးသားရပေသည်။

ဤကဲ့သို့ သမီးသားနှင့် ဇနီးမယားတို့ အပေါ်မှာ ပညာသင်ပေးရေး၊ နေထိုင်ရေး၊ ပြောဆိုရေး စသည်တို့ကို ပြုလုပ် စီမံပေးခြင်းသည် ပုတ္တဒါရဿ သင်္ဂဟော မင်္ဂလာမည်၏။

## အနာကုလာစ ကမ္မန္တအရ ပြဆိုခြင်း

**အနာကုလာစ ကမ္မန္တာ။** ရှေးနောက်မျှော်မြင် ပညာရှင်တို့၏ ပြစ်တင်ကဲ့ရဲ့ဘွယ်မရှိသော ကောင်းရာကိုကြံ၊ မှန်ရာကိုလုပ်၊ ဟုတ်တာကိုပြောကာ ကောင်းရောင်း, ကောင်းဝယ် ကုန်သွယ်လယ်လုပ်မှုတို့ကို ဆိုသည်။ ထိုသို့ပြုလုပ်ရာမှာလဲ(ဝန်နှင့်အား၊ များနှင့်လေး) (အိုးနှင့်ဆန်၊ တန်ရုံကောင်းသည်)ဆိုတဲ့ ရှေးပေါ်ရာကျစကားလို နိုင်ဝန်ကိုချီ၍ နိုင်လောက်ရုံ ပြုလုပ်ခြင်းသည်သာ ကောင်းပေသည်။

တောင်သူလယ်ယာ လုပ်ကိုင်စားသောက်ကြသော ကိုတောင်သူတို့သည် ထွန်ရှင်းတွေများစွာ၊ လူငှားကြေးစားတွေ များစွာနဲ့ လုပ်ကိုင်ပြီး အလုပ်ပြီးစီးသောအချိန်၌ ပေးစရာတွေကို ပေးဘို့အချိန်မှာ ထွန်ခ,ထယ်ခ, စိုက်ပျိုး ရိတ်သိမ်းခ, ရိတ်နယ်သယ်ဆောင်ခတွေကို နှုတ်ပေးလိုက်တဲ့အခါမှာ ဦးကြီး တောင်သူနှင့် ကူလီအလုပ်သမားများ ဝေဘန်ကြည့်လိုက် ပါလျှင် ဘုန်းတော်ကြီးတွေ ကျောင်းသားများကို ငှက်ပျောသီး တလုံးစီခဝ စုံဝေပေးလိုက်သကဲ့သို့၊ အညီအမျှ လောက်သာ ရကြတော့သည်။ တောင်သူက စိတ်ဆင်းရဲ,လူဆင်းရဲဆိုဘဲ့ ဒုက္ခပိုသေး၏။

ကုန်ရောင်း ကုန်ဝယ် ပြုလုပ်ကြသောအခါမှာလဲ ကိုယ်၏ အင်အားနှင့်မတန်အောင် သောင်းသိန်းချီကာ အလုပ်တွေကို အကြီးအကျယ် လုပ်ကြ၏။

အမျိုးစုံအောင်ဆိုပြီး ကုန်ပစ္စည်းတွေကို အမျိုးမျိုး ဝယ်ယူသယ်ဆောင်ခါ မနိုင်မနင်း မပြီးမပြတ်နှင့်၊ အပွေပွေ အရှုပ်ရှုပ် အထွေးထွေးနှင့် စိတ်ဆလးစိတ်ဖင့်စရာတွေနှင့် အရင်းငွေကသည်း ပျောက်၊ အမြတ်အစွန်းဆိုတဲ့ ငွေကသည်း မပေါ်ဘဲ၊ အလဲ့လဲ့ အချော်ချော်နှင့် ပွေလိမ်ရှုတ်ထွေး စိတ်လေးစရာတွေ ဖြစ်ကြရ၏။

ကိုယ်ပြုလုပ်မှုကြောင့် အများရော ကိုယ်ပါ ဆင်းရဲမှု မရှိကြရလေအောင်၊ ရှုပ်ထွေးမှု မဖြစ်ကြရလေအောင် လယ်လုပ် ကုန်သွယ်မှုစသည်တို့၌ သပ်သပ်ရပ်ရပ် ပြတ်ပြတ်ရှင်းရှင်း အပြစ်ကင်းသောအလုပ်၊ ကိုယ်ပိုင်နိုင်ရုံသောအလုပ်၊ တန်ရုံသော အလုပ်တို့ကို လုပ်ခြင်းသည် အနာကုလာစ ကမ္မန္တာ မင်္ဂလာမည်၏။

(ကိုယ့်ဝမ်းနာ ကိုယ်သာသိ၊ ကိုယ့်အကြောင်း ကိုယ်သာသိ) ဆိုတာလို အရာရာအလုပ်ကိစ္စဟူသမျှ ဒုမင်္ဂလ-သုမင်္ဂလခေါ်သော သာရေးနာရေးကိစ္စ၊ လှူဒါန်းကြရာတို့၌ သူများအားပေး တိုက်တွန်းညွှန်ပြတိုင်း မလိုက်နာပါလေနှင့်၊ အားပေးသူ ညွှန်ပြတိုက်တွန်းသူဆိုတာ စာဟောဆရာလို ပါးစပ်စိုက်လေထုတ်ပြောရုံသာ ရှိပါသည်၊ မိမိရှဲမနေ ကြေးငွေ စွမ်းအားကိုသာ ကြည့်၍ လုပ်ပါလေ။ အားပေးလမ်းပြ၊ ရှေ့ဆောင်တိုက်တွန်းမှု ကောင်းသောကြောင့် သိုင်းသိုင်းဝိုင်းဝိုင်း မော်မော်ကြွားကြွား ကြီးကြီးကျယ်ကျယ် ပြုလုပ်ကြပါလျှင် မိမိရှိသော ဥစ္စာကုန်ဆုံးကာ ကြွေးစီးကြွေးတင်မှုတွေ အဖတ်တင်ပြီး ကိုယ်ရောစိတ်ပါ ပွေထပ်ရှုပ်ထွေးမှုတွေ ကျန်ရစ်မှာ အမှန်သေချာသည်။

(အလှူကုသိုလ်ပြုကြတဲ့ ဗုဒ္ဓဘာသာတွေ သတိပြုကြလေ)

၈။ ဒါနဉ္စ ဓမ္မစရိယာစ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံမင်္ဂလမုတ္တမံ။

## ဒေဝပုတ္တ နတ်သား

၁။ ဒါနဉ္စ၊ စွန့်ကြဲပေးကမ်း လှူဒါန်းဝေငှ မြတ်ဒါနသည်ရှင်း။
၂။ ဓမ္မစရိယာစ၊ ကုသိုလ် ကမ္မပထတရား ဆယ်ပါးတို့ကို လိုက်စား ကျင့်ကြံရခြင်းသည်ရှင်း။
၃။ ဉာတကာနံ၊ ဆွေမျိုးပေါက်ဖေါ် စပ်တော်သောသူတို့ကို။ သင်္ဂဟောစ၊ သင်္ဂြိုဟ်ထောက်ပံ့ မစ ချီးမြှင့်ရခြင်းသည်ရှင်း။
၄။ အနဝဇ္ဇာနိ၊ ကဲ့ရဲ့စရာမငြိ အပြစ်မရှိကုန်သော။ ကမ္မာနိစ၊ ဥပုသ်စောင့်ခြင်း၊ လမ်းပြုပြင်ခြင်း၊ ရေတွင်းရေကန်တူးဖေါ် ပြင်ဆင်ခြင်းစသော အမှုတို့သည်လည်းရှင်း။ အတ္ထိ၊ ရှိ၏။

ဧတံ၊ ဤလေးပါးသော တရားသည်။ ဉတ္တမံ-မင်္ဂလံ၊ ကျင့်သူ အပေါင်း မြင့်မြတ်ကြီးပွားကြောင်း မင်္ဂလာမည်၏။

## ဒါနဉ္စအရ ပြဆိုခြင်း

ဒါနဉ္စ တရားသဖြင့် ရရှိအပ်သော ကိုယ်ပိုင်ပစ္စည်းဝတ္ထုများ ကို ရောင်းချလဲထပ်ခြင်းမဟုတ်ဘဲ စေတနာဖြူဖြူဖြင့် ပေးလှူစွန့်ကြဲခြင်းကို ဒါနဟုခေါ်သည်။

(ချစ်ပေး,ကြိုက်ပေး,ကြောက်ပေး-စသည်ကား ဒါန မဟုတ်)

၁။ ပေးလှူက ဒါန။
၂။ ရောင်းချက ကီဏ။
၃။ လဲလှယ်က ပါရိဝတ္တက။

ကျောင်းသား ကျောင်းသူခြင်း ကျောက်တန် ခဲတန် ပိုရှန် သူက မရှိသောသူကို ငွေမယူဘဲ ကြည်ဖြူစွာ ပေးကမ်းခြင်းများ လည်း၊ ဒါနပင်တည်း။ အသေးစိတ် နှာဘူး, လျက်ဆားထုပ် ဟင်းရွက် ဟင်းသီးကာစ၍ ရာဘန်,ထောင်တန်၊သောင်းတန်,သိန်း တန်ထိအောင် ဘုရားတည် ကျောင်းဆောက်မှုစသည်တို့မှာလည်း ဒါနပင်တည်း။ နည်းသည်ဖြစ်စေ များသည်ဖြစ်စေ စေတနာ သဒ္ဓါတရားခေါ်တဲ့ စိတ်ကောင်းကို ရှေ့ထားပြီး လှူဒါန်း ပေး ကမ်းကြပါမူ သံသရာ ခရီးတခွင်မှာ စင်စင် ကြယ် ကြယ် ကြီး အကျိုးထူးတရား ခံစားရမည်မှာ ဧကံမုချသာတည်း။

ထိုကဲ့သို့မတွန့်မတို ရှိရှိသေသေ စေတနာ သဒ္ဓါတရားရှိရှိဖြင့် စွန့်ကြဲပေးကမ်း ဝေချမ်းမျှတမှု၌ စိတ်နှလုံးခတ် ဖြူစင်စွာနှင့် မွေ့လျော်ပျော်ပိုက်၍ နေခြင်းသည် ဒါနဥ္စမင်္ဂလာမည်၏။

အဆုံးသတ် အနားသတ် မရှိသေးသော သံသရာစခန်း၌။
အရိပ်အသွင်လို ခရီးစဉ်မပင်ပန်းကြရအောင်။
ဒါနခဏ်းကို ရှင်လန်းစွာ အားထုတ်ကြလေ။ ။

ဇာဗရထား သင်္ဘောတို့နှင့် ခရီးသွားကြရာ မိမိကရှေးဦးစွာ ရောက်၍ နေရာကောင်း နေရာမြင့်ရာကို ရထားကြပါက ကြီး သောသူ ရဟန်းတော်မြတ်တို့ နောက်မှရောက်၍ မကောင်းရာ နိမ့်ရာကို နေထိုင်တာ မြင်ကြပါမူ မိမိ၏ နေရာကို ရိုသေစွာ ယုံကြည်စွာ ဖယ်ပေးလှူဒါန်းကြပါမူ အာမိသဒါနဟု ခေါ်ဆို ရ၍ ကုသိုလ်ဖြစ်ပါသည်။ သတိပြုပါလေ။

## ဓမ္မ စရိယအရ ပြဆိုခြင်း

ဓမ္မစရိယာမင်္ဂလာ။ ကုသိုလ် ဓမ္မ ပထ တရား ဆယ်ပါးနှင့် ညီညွတ်စွာ ကျင့်သုံး နေထိုင်ခြင်းသည် ဓမ္မစရိယာ မင်္ဂလာမည်၏။

## ကုသိုလ်ကမ္မပထတရားဆယ်ပါး

၁။ ပါဏာတိပါတာ ဝိရတိ ။ ။ သူတပါးတို့၏ အသက် ဝိဉာဏ်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်မှု။

၂။ အဒိန္နာဒါနာ ဝိရတိ။ အရှင်မသဒ္ဓါ အရှင်မပေးသော သူတပါးတို့ ဥစ္စာပစ္စည်းတို့ကို ခိုးယူ လုယက် ခြင်း မှ ရှောင်ကြဉ်မှု။

၃။ ကာမေသုမိစ္ဆာစာရာ ဝိရတိ။ ကာမဂုဏ်တို့၌ မှားရှင်း လွန်ကြူး ညစ်ညူးသောအပြစ်မှ ရှောင်ကြဉ်မှု။

၄။ မုသာဝါဒ ဝိရတိ။ မဟုတ်မမှန် ချွတ်လွဲသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု။

၅။ ပိသုဏာဝါစာ ဝိရတိ၊ ဂုံးတိုက်ဂုံးချော အသင်းခွဲသော စကားတို့ကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု။

၆။ ဖရုသဝါစာ ဝိရတိ၊ ယုတ်မာကြမ်းတမ်းသော စကား တို့ကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု။

၇။ သမ္ဖပ္ပလာပ ဝါစာဝိရတိ၊ သေးနုပ် သိမ် ဖျင်း သော စကားတို့ကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု။

၈။ အနဘိဇ္ဈာ၊သူတပါးဥစ္စာကိုမငြိတွယ်ခြင်း မကြံစီခြင်း။

၉။ အဗျာပါဒေါ၊ သတ္တဝါတပါး၌ မပြစ်မှားခြင်း ချစ် ကြည်အေးမြခြင်း အဒေါသစေတနာ။

၁၀။ သမ္မာဒိဋ္ဌိ၊ကောင်းသော အမြင်မှန်ဟူသော အယူဝါဒ။

ဤကုသိုလ် ကမ္မပထတရား ဆယ်ပါးတို့နှင့် ကိုက်ညီအောင် လိုက်နာကျင့်သုံးနေထိုင်ခြင်းသည် ခမ္မစရိယာမင်္ဂလာမည်၏။

(ကိုက်ညီအောင် နေထိုင်ကျင့်သုံးပါလေ။)

## ဥာတကာနဥ္ သင်္ဂဟအရ ပြဆိုခြင်း

ဥာတကာနဥ္စသင်္ဂဟော။ မိဘက်-ဘဘက်တို့မှ တော်စပ်ကြကုန်သော ဆွေမျိုးသားချင်းတို့ကို

၁။ ဥာဏဗလ အနုဂ္ဂဟ

၂။ ကာယဗလ အနုဂ္ဂဟ

၃။ ဓနဗလ အနုဂ္ဂဟ

ဤအနုဂ္ဂဟတရား သုံးပါးတို့ဖြင့် ချို့ယွင်းလစ်လပ်မှု မရှိကြရလေအောင် စောင့်ရှောက် ထောက်ပံ့ခြင်းကို ဥာတကာနဥ္စ သင်္ဂဟမင်္ဂလာဟုခေါ်သည်။

၁။ ဥာဏဗလ အနုဂ္ဂဟ။ ဆွေမျိုးဥာတကာတို့ ကြီးပွား ချမ်းသာဘို့အရေး အထက် တန်း ရောက်ဘို့ အရေး အောက်မကျနောက်မကျဘို့အရေး အကြံပေး နည်းနာပြမှုဖြင့် အားပေးအားမြှောက် ထောက်ပံ့မှုကို ဥာဏဗလ အနုဂ္ဂဟဟု ခေါ်သည် (ဥာဏ အသိဥာဏ် ဗလ အားအင် အစွမ်း အနုဂ္ဂဟ အားပေးချီးမြှောက်ခြင်း၊ သုံးပုဒ်လုံးပေါင်းသော် ဥာဏဗလ အနုဂ္ဂဟ အသိဥာဏ်အားစွမ်းမှုတို့ဖြင့် ချီးမြှောက်ကူညီခြင်းသည် အားပေးထောက်ပံ့သည်ဟု ခေါ်ဆိုရလေသည်)။

၂။ ကာယ ဗလ အနုဂ္ဂဟ။ ဆွေမျိုး သားခြင်းတို့၏ ကိစ္စကြီးငယ် အသွယ်သွယ်တို့၌ ဆောင်ရွက်အားထုတ် ပြုလုပ်ဘွယ်တို့ကို ကိုယ်တိုင်ကိုယ်ကျ ရွက်ဆောင်ပြုလုပ် အားထုတ်ကူညီခြင်းသာမှု နာမှုတို့၌ လူရော လှည်းနွားပါ၊ လမ်းမရွေး ကိစ္စမရွေး ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်အားထုတ် ပြုလုပ်ခြင်းကို ဆိုပေ

သည်။ ပုဂံခွက်ရောက် အိုးဖျာစသော ပရိဘောဂများကိုငှားခြင်း ဆေးကျောသုတ်သင်ခြင်း ပြန်ပို့ခြင်းစသော လုပ်ငန်းတာဝန်များကို ကိုယ်ဖိ,ရင်ဖိ,ကိုယ်တိုင်ကိုယ်ကျအားထုတ်မှုကိုကာယဗလ အနုဂ္ဂဟဟု ခေါ်သည်။

(ကာယ=ကိုယ်ကိုယ်တိုင်၊ ဗလ=အားအင်အစွမ်း၊ အနုဂ္ဂဟ= ဆောင်ပေးခြင်း ချီးမြှောက်ခြင်း၊ သုံးပုဒ်ပေါင်းသော် ကာ-ဗလအနုဂ္ဂဟ ကိုယ်တိုင်စွမ်းအားဖြင့် အားပေး ချီးမြှောက်ခြင်းဟု ဆိုလိုသည်။)

၃။ ဓနဗလ အနုဂ္ဂဟ။ ဆွေမျိုးသားချင်းထဲမှာ သာရေး, နာရေးခေါ်သော သုမင်္ဂလ ဒုမင်္ဂလ ကိစ္စများသော်၎င်း။ အခြားသော မင်းရေးစိုးတာ အမှုအခင်းများ သော်၎င်း၊ ပေါ်ပေါက်ကြုံတွေ့ခဲ့ကြသော် ဥစ္စာကြေးငွေတို့ကို အတိုးအညွန့် အမြတ်အစွန်း မယူမူကြဘဲ ချေးငှားပေါင်နှံကာ၊ ဥစ္စာကြေးငွေ စသည်တို့ဖြင့် ကူညီအားပေး ထောက်ပံ့ခြင်းသည်။ ဓနဗလ အနုဂ္ဂဟ မည်၏။

(ဓန- ဥစ္စာကြေးငွေ- ဗလ-စွမ်းအား အနုဂ္ဂဟ ချီးမြှောက်ထောက်ပံ့ခြင်း၊ သုံးပုဒ်လုံးပေါင်းသော် "ဓန ဗလ အနုဂ္ဂဟ" ဥစ္စာကြေးငွေ စွမ်းအားဖြင့် ချီးမြှောက် ထောက်ပံ့သည် ကူညီအားပေးသည်ဟု ဆိုလိုသည်။)

ဤအနုဂ္ဂဟ တရား သုံးပါးတို့နှင့် ဆွေမှတ်မှတ် မျိုးမှတ်မှတ် သိတတ်စွာ ကူညီထောက်ပံ့ အားပေးချီးမြှောက်ခြင်းသည် ဉာတကာနဉ္စ သင်္ဂဟမင်္ဂလာ မည်၏။

## အနဝဇ္ဇာနိ ကမ္မာနိအရ ပြဆိုခြင်း

အနဝဇ္ဇာနိ ကမ္မာနိ။ အကုသိုလ်တရားကို ကြောက်လန့်ပြီး၊ ကုသိုလ်တရားတို့ကို အားထားခင်မင် သူတော်စင် ပညာရှင်တို့ ကဲ့ရဲ့ ရှုံ့ချမှုကင်းသော အမှုကိစ္စ အလုပ်တရားတို့ကို အစ, အလယ်, အဆုံး နှလုံးဖြူစွာ စေတနာရှိရှိ အပြစ်မရှိသော ကုသိုလ်ကောင်းမှုစသော လုပ်ငန်းတို့ကို ပြုလုပ်မှုကို ဆိုသည်။ စာဘတ် အသင်းဖွဲ့ခြင်း၊ ဝတ်အသင်းဖွဲ့ခြင်း၊ သူနာပြုအသင်းဖွဲ့ခြင်း၊ ကိစ္စကြီးငယ် အသွယ်သွယ်တို့၌ မဖယ်မညင်း စ, လယ်အဆုံး ပြုလုပ်မှု လုပ်ပေးမှု ကူညီဆောင်ရွက်မှုများသည် အနဝဇ္ဇ ကမ္မ မင်္ဂလာမည်၏။

[ယခုခေတ်တွင် တော်လှန်ရေးအစိုးရက လခစား အမှုထမ်း အရာထမ်း တယောက်ခန့်မည်ဆိုလျှင် တလ ဖြစ်စေ ၂-လ၊ ၃-လ၊ ဖြစ်စေ လစာမပေးဘဲ အလုပ်လုပ်စေခြင်း၊ အချို့ အဝက်ပေး၍၊ လုပ်အားပေးစေခြင်း၊ အတန်းကျောင်းများတွင် စနေ- တနင်္ဂနွေ သို့မဟုတ် အဖိတ်ဥပုသ်နေ့ကျောင်းပိတ်သောရက်များ၌ လမ်းပန်း ပြုပြင်ခြင်း၊ အသင်းဆိုင်တို့၌ စာရင်းစစ်ခြင်း စသော "လုပ်အား ပေး"မှု မှန်သမျှကို အနဝဇ္ဇ ကမ္မ မင်္ဂလာဟု ခေါ်ဆိုရပေသည်။]

---

၈။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာစ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ။

### ဒေဝပုတ္တ နတ်သား၊

၁။ ပါပါ၊ မကောင်းအာရုံ အဖုံဖုံမှ။ အာရတီစ၊ စိတ်နှလုံးဖြင့် စောင့်သုံးဆင်ခြင် ရှောင်ကြဉ်ရခြင်းသည်ရင်း။

၂။ ပါပါ၊ အကုသိုလ်အစု၊ မကောင်းမှုမှ။ ဝိရတိစ၊ ကာယဝစီ၊ နှစ်လီဒွါရ ဝိသေသဖြင့် လုံးဝကင်းရှင်း ရှောင်ကြဉ်ရခြင်း သည့်ရင်း။

၃။ မဇ္ဇပါနာ၊ သေရည်အရက် သောက်ခြင်းမှ။ သံယမောစ၊စိတ်ကိုချုပ်တည်း စောင့်စည်းရခြင်းသည့်ရင်း။

၄။ ဓမ္မေသု၊ ကုသိုလ်ကောင်းမှု အစုစုတို့၌။ အပ္ပမာဒေါစ၊သတိမကင်း စိတ်ဆောင်းသွင်း၍ မမေ့မလျော့ရခြင်းသည့်ရင်း။ အတ္ထိ၊ ရှိ၏။

တော်၊ ဤတရားလေးပါးသည်။ဥတ္တမံ-မင်္ဂလံ၊ ကျင့်သူအပေါင်း မြင့်မြတ် ကြီးပွားကြောင်း မင်္ဂလာမည်၏။

## ပါပ အာရတီအရ ပြဆိုခြင်း

**ပါပ အာရတိ။** အာရတီနာမ ပါပေ **အာဒီနဝ** ဒဿာဝိနော မနသာဧဝ အနဘိရတိ။ အာရတီနာမ၊ ဝေးစွာရှောင်ကွင်းခြင်း အာရတီမည်သည်ကား။ပါပေ၊ **မကောင်းသောအမှု၌။ အာဒီနဝ** ဒဿာဝိနော၊ အပြစ်ဟု ရှုလေ့ရှိသောသူ၏။ မနသာဧဝ၊ စိတ်နှလုံးဖြင့်သာလျှင်။ အနဘိရတိ၊ မမွေ့မလျော်ခြင်းပေတည်း။

(သုတ္တနိပါတ် အဋ္ဌကထာ)

အကုသိုလ်အစု မကောင်းသော အမှုတို့၌ စိတ်ဖြင့်ရှောင်ကြဉ်ခြင်းသည်။ တနည်း-အကုသိုလ် ပြုလုပ်ဘို့ရာ၌ စိတ်ဖြင့် မမွေ့ မလျော်ခြင်းသည်။ ပါပအာရတီ မင်္ဂလာမည်။

သူတပါး၏အသက် သူတပါးတို့၏ စည်းစိမ်ချမ်းသာ၊ သူတပါးတို့၏ အိမ်ယာများကို(မနော၁မစွန်းနဲ့၊ မနော၁မကွက်နဲ့၊ မကြံစည်ကြနဲ့)လို့ ရှေးရှေးပညာရှင်ကြီးများတို့ ဆုံးမစကားကို မိန့်ကြားတော်မူကြလေသည်။ ဤကဲ့သို့ ဩဝါဒစကား ပြောကြား ဆုံးမတော် မူကြခြင်းသည် ပါပအာရတီ မင်္ဂလာ တရားတော်ကြီးကို မြှော်ကိုးထောက်ထား၍ ပြောကြားဆုံးမတော် မူကြသည်ဟု မှတ်ကြပါလေ။

ပါပဝိရတီ။ အလုံးစုံသော အကုသိုလ်အစု မကောင်းမှုမှ ဏာယကံ-ဝစီကံခေါ်သော ကိုယ်မှု့နှုတ်မှု နှစ်ပါးတို့ဖြင့် အထူးဝိသေသ ကင်းရှင်းအောင် ကွင်းရှောင်ကြဉ်ဖယ်ခြင်းကို ဆိုသည်။

ဝိရတိနာမ တမ္မဒ္ဒါရ ဝသေန၊ ကာယဝါစာဟိ ဝိရမဏံ။
သာစေသာ ဝိရတိနာမ။ (သုတ္တနိပါတ် အဋ္ဌကထာ)

ဝိရတိနာမ၊ အထူးသဖြင့် ရှောင်ကြဉ်ခြင်း ဝိရတိ မည်သည်ဏား။ ကမ္မဒ္ဒါရဝသေန၊ ကမ္မဒ္ဒါရ၏ အစွမ်းအားဖြင့်။ ကာယဝါစာဟိ၊ ကိုယ်နှုတ်တို့ဖြင့်။ ဝိရမဏံ၊ ရှောင်ကြဉ်ခြင်းသည်။ဝိရတိနာမ၊ ဝိရတိမည်၏။

ထို့ကြောင့် ပစ္စုပ္ပန် တမလွန်နှစ်တန်သော ဘဝတို့၌။ နစ်မွန်းဆင်းရဲခြင်းကို ပေးတတ် ဖြစ်စေတတ်သော၊ အကုသိုလ် အစု၊ မကောင်းညစ်ကြုံ ဒုစရိုက်မှုတို့ကို မလွန်ကျူး မပြုလုပ်ဘဲ၊ ကြဉ်ဖယ်ရှောင်ကွင်း၍ ကင်းကင်းကြီး နေထိုင်ခြင်းသည်။ ပါပဝိရတီ မင်္ဂလာမည်၏။

**မကောင်းမှု ဟူသမျှကို**

၁။ မနောကံခေါ် စိတ်ဖြင့်ရှောင်ကြဉ်က ပါပအာရတီ။

၂။ ကာယကံ ဝစီကံနှစ်ပါးတို့ဖြင့် ရှောင်ကြဉ်က ပါပဝိရတီ။

(ဤသို့သော အထူးကိုလဲ သိကြလေ။)

ဤ ပါပ အာရတီနှင့် ပါပ ဝိရတီနှစ်ပုဒ် အကြောင်း ထူးခြားပုံကို နောက်လာမည့် မင်္ဂလာ ပါရဂူရောက်မှ ဝတ္ထုသာဓကနှင့် ပြပေအံ့။

* ဤ၌ အဋ္ဌကထာမှာ— ပါပအာရတီနှင့် ပါပဝိရတီ ခွဲခြား၍ အာရတီ ဝိရတီမည်ပုံကို ပြထားသောကြောင့် မင်္ဂလာနှစ်ပါး ခွဲခြား၍ ပြလိုက်ရပေသည်။ ဤသို့ နှစ်ပါး ခွဲခြားပြမှုလဲ အဋ္ဌတိသ သချာနှင့် မင်္ဂလာသုံးဆယ့်ရှစ်ပါး ပြည့်စုံမည်။

**မဇ္ဇပါနာစ သံယမောအရ ပြဆိုခြင်း**

**မဇ္ဇပါနာစ သံယမော။** သတိလစ်ဟင်း အရှက်ကင်း၍ မူး ယစ်မေ့လျော့ ခြင်းကို ဖြစ်စေတတ်သော ဘိန်းဘင်း ကဇော်၊ လျှော်စာသေအရက်တို့ကိုမသောက်စား မလွန်ကျူးမိရအောင်စိတ် ကို ချုပ်တီး၍ အောင့်အည်း စောင့်စည်းထားခြင်း၊ မသောက် မစားခြင်းကို မဇ္ဇပါန သံယမ မင်္ဂလာဟုခေါ်သည်။မဇ္ဇသဒ္ဒါအရ ရစ်မူးမေ့လျော့စေတတ်သော အစားအစာ စသည်များကိုလည်း မသောက်စား မလွန်ကျူးသင့်ပေ ရှောင်ကြဉ်ကြလေ။

**ဝါးဖျက်တော့-ဝါးမြက်အရှုတ်။**
**ရှင်ဖျက်တော့-ဇေက်သုတ်။**
**လူဖျက်တော့-အရက်အလုပ်။**

ဤပေါရာဏ ပုံတိုအတိုင်းပင် ဝါးမြက်အရှုတ်ကို ဓါးနှင့်ခုတ်လျှင် ဓါးပဲ့တတ်,ကျိုးတတ်,ပျက်စီးတတ်သည်။

ရှင်သာမဏေများမှာလဲ–ဇဇဂ်သုတ် ပရိတ်တော်ကို အံရွတ်ပြန်ဆိုကြရမှာ အတူပုဒ်တွေ ထပ်ခါထပ်ခါ ပါသောကြောင့် မမှတ်မိနိုင်၊ မပြန်နိုင်၊မရနိုင်ကြ၍ ကျောင်းတော်က ထွက်ပြေး ပျက်စီးကြရ၏။

အကုသိုလ်ကို မကြောက်ကြ၍ မိမိကိုယ်ကို စောင့်ထိန်းတားဆီးမှု မရှိကြသောသူတို့သည် အရက်သေရည် သောက်စား လွန်ကြူးမှုတွေကြောင့် ငွေကုန် ထောင်ကျ ငတ်မွတ် ပြာထိုင်ကြခါ ကောင်းမြတ်ရာ သုဂတိနှင့်လွဲပြီး ငရဲကျကာ ပျက်စီးကြရသည်။

ထို့ကြောင့် ဘုရားမကြိုက်၊ အများမကြိုက် မင်းပြစ်ထိုက်ဇာတောင်းရာသုဂတိနှင့်လွဲ၍ ငရဲကျပြီး ဘဝများစွာ သံသရာမှာ အရှုးအနှမ်းစသော မကောင်းကျိုးများကိုသာ ဖြစ်စေ ရစေတတ်သော အရက်, ထန်းရည်, ဘိန်းဘင်းကဇော်၊ လှော်စာ စသော ယစ်မျိုးသေစာများကို ဝေးစွာ ကွင်းရှောင်ကြလေ။

## အပ္ပမာဒေါစ ဓမ္မေသုအရ ပြဆိုခြင်း

**အပ္ပမာဒေါစဓမ္မေသု။** ဓမ္မေသူတိ ကုသလေသု(အဋ္ဌကထာ) လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာသုခကို ဖြစ်စေတတ် ရောက်အောင်ပို့ဆောင်တတ်သော ကုသိုလ်ကောင်းမှု အစုစုတို့၌ လိုက်စားကျင့်သုံးကာ မမေ့မလျော့ မပေါ့မဆ သတိမကင်း ကောင်းမွန်စွာ နေထိုင်ခြင်းသည်။ ဓမ္မေအပ္ပမာဒ မင်္ဂလာမည်၏။

သဒ္ဒါထုံးစံ ဂါထာထုံးစံမို့ အပ္ပမာဒေါ စ ဓမ္မေသုပုဒ်ကို ဓမ္မအပ္ပမာဒဟု ပြန်ဆိုရလေသည်။ အိပ်ရာဝင် အိပ်ရာထတို့၌ ဘုရားပုတီး ဆည်းကပ် ရှိခိုးခြင်း၊ တတ်သမျှ မှတ်သမျှ တရားပေစာ သံပေါက် လင်္ကာများကို ရွတ်ဘတ် သရဇ္ဈာယ်ခြင်း၊ သမထ ဝိပဿနာ ဘာဝနာများကို ကြွမ်းကျင် တတ်စွမ်းသမျှ ဆင်ခြင်ပွားများ အားထုတ်ခြင်း၊ ရှုမှတ်သုံးသပ်ခြင်း၊ ပုတီးစိတ်၊ မေတ္တာပို့သ အမျှအတမ်းပေးဝေခြင်း စသော ကုသိုလ်ကောင်းမှု အစုစုတို့၌ သတိကို လက်ကိုင်ထားပြီး လေးစားမှန်ကန်စွာ နေထိုင်ခြင်းသည် ဓမ္မအပ္ပမာဒ မင်္ဂလာမည်၏။ (**သတိရှေ့ ဒေါသနောက်၊ ဒေါသရှေ့ထားက မှားတတ်သည်။ သွားလဲသတိနဲ့၊ စားလဲ သတိနဲ့၊ သတိကို လက်ကိုင်ထားကြရမည်**)ဆိုတဲ့ ရှေးပေါရာဏ စကားများဟာ ဓမ္မအပ္ပမာဒ မင်္ဂလာ တရားတော်ကြီး၏ အရင်းခံပေတည်း။

ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအဆူဆူတို့ နိဗ္ဗာန်ကြွတော်မူတယ် ဝင်စံတော်မူတယ်ဆိုတာလဲ ဒီအပ္ပမာဒ တရားတော်ကြီးကို လက်ကိုင်ထားပြီး ကြွသွားတော် မူကြသည်ဟု မှတ်ကြလေ။ အပ္ပမာဒတရားကြီးကား အလွန်တရာ အရာကျယ်၏ ခရီးရောက်၏။ ရှေ့တော်သွား ရှေ့တော်ပြေးကြီးဖြစ်၏။ ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူသော ပိဋကတ်သုံးပုံကို အလုံးစုံသိမ်းကျုံး၍ လိုရင်းကို ချုံးလိုက် ကြုံ့လိုက်သည်ရှိသော် အပ္ပမာဒ တရားတလုံးသာ ခေါင်ဆုံး ထိပ်သီး စိန်ဖူးကြီးသဖွယ် ပေါ်လာရပေသည်။

ထို့ကြောင့်....သကလံ ဟိ တေပိဋကာ ဗုဒ္ဓဝစနံ၊
အာဟ ရိတွာ ကထိယမာနံ၊
အပ္ပမာဒမေဝ ဩတရတိ။
(ဓမ္မပဒ အဋ္ဌကထာ အပ္ပမာဒဝဂ်)

ဘုရားအစရှိသော ပညာရှိကြီးတို့သည် အပ္ပမာဒတရားကိုသာ လျှင် ချီးမွမ်းတော် မူကြကုန်၏။ အဘယ့်ကြောင့် ဆိုသော်.... ခပ်သိမ်းသော လောကီ လောကုတ္တရာ တရားထူး တရားမြတ်တို့ကို ရအောင် ပြုတတ်သောကြောင့်တည်းဟု ဖြေသေ။

ဗုဒ္ဓါဒယော ပဏ္ဍိတာ အပ္ပမာဒမေဝ ထောမန္တိ ဝဏ္ဏယန္တိ ကိံ ကရဏာ သဗ္ဗေသံ လောကိယ လောကုတ္တရာနံ ဝိသေသာနံ၊ ပဋိလာဘ ကရဏတာယ။ (ဓမ္မပဒ အဋ္ဌကထာ)
(မာဃဝတ္ထု)

---

ဆ။ ဂါရဝေါစ နိဝါတောစ၊ သန္တုဋ္ဌီစ ကတညုတာ
ကာလေန ဓမ္မဿဝနံ ဧတံမင်္ဂလ မုတ္တမံ။

**ဒေဝပုတ္တ နှတ်သား**

၁။ ဂါရဝေါစ၊ ရိုသေထိုက်သောသူတို့ကို ရိုသေလေးစားရခြင်း သည်လည်းကောင်း၊
၂။ နိဝါတောစ၊ မာန်မာနမသုံး၊ နှိမ့်ချသော စိတ်နှလုံးရှိရခြင်း သည်လည်းကောင်း။

၃။ သန္တုဋ္ဌိစ၊ လောဘ ပယ်ရှားရသမျှ ထိုက်သမျှဖြင့်သာ ရောင့်ရဲလွယ်ရခြင်းသည် လည်းကောင်း။

၄။ ကတညုတာစ၊ သူပြုဘူးသော ကျေးဇူးနှင့် ကိုယ်ပြုထားဘူးသော ပုညကမ္မ ဤနှစ်ဝကို နိစ္စကြည့်ရှင် အောက်မေ့ သိမြင်ရခြင်းသည်လည်းကောင်း။

၅။ ကာလေန၊ အားလပ်ခွင့်သာ သင့်လျော်လျောက်ပတ်သော အခါ၌၊ ဓမ္မဿဝနဥ္စ၊ ယုံကြည်ဝပ်စင်း တရားတော်တို့ကို မှတ်သား ကြားနာ ရခြင်းသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။

ဧတံ၊ ဤတရား ငါးပါးသည်၊ ဥတ္တမံမင်္ဂလံ၊ ကျင့်သူအာပေါင်း မြင့်မြတ်ကြီးပွားကြောင်း မင်္ဂလာမည်၏။

## ဂါရဝေါစအရ ပြဆိုခြင်း

**ဂါရဝေါ၀။** ရိုသေလေးစားထိုက် အလေးပြုထိုက်သော သူတို့ကို ရိုသေခြင်း၊ အလေးပြု ဦးစားပေးခြင်းကို ဆိုသည်။

ဤသို့ပြုရာ၌

၁။ ဂုဏဝုဒ္ဓိ၊ ဂုဏ်သိက္ခာ အားဖြင့် ကြီးသောသူ။

၂။ ဝယဝုဒ္ဓိ၊ အသက်အရွယ်အားဖြင့် ကြီးသောသူ။

၁။ သီလ·သမာဓိ· ပညာ·သိက္ခာ ကြီးသော သူများသည် မိမိထက် အသက်ပင်ငယ်သော်လဲ သီလဂုဏ်· သမာဓိဂုဏ်·ပညာ ဂုဏ် သိက္ခာဂုဏ်တို့က ကဲပိုကြီးမားလေသောကြောင့်။ ဂုဏဝုဒ္ဓိ ဂုဏ်အားဖြင့် ကြီးသူမည်၍ ရိုသေလေးစားရမည်။

၂။ နေ့ရက်-လနှစ်-နာရီ စသည်ကြီးသော သူတို့သည်။ မိမိထက် သူတို့က နေ့ရက်-လနှစ် စသည်တို့ ကြီးမား ကြလေသော ကြောင့် ဝယုဝုဍ္ဎိ၊ အရွယ်အားဖြင့်၊ကြီးမားသူမည်၍ ရိုသေ လေးစားရမည်။

ထိုကဲ့သို့ သီလ-သမာဓိ-ပညာ ဂုဏ်သိက္ခာ အသက် အရွယ် ကြီးမားသော သူတို့ကို ရိုသေလေးစားခြင်းသည် ဂါရဝ မင်္ဂလာ မည်၏။ ဆွေမျိုးဉာတိထဲ၌ မိဘ, ဘိုးဘွား, ဦးကြီး, ဦးလေး, ဘကြီး,ဘထွေး, အရီးကြီး,အရီးလေး၊ အကို,အမ စသော သူများ တို့သည်လည်း ရိုသေလေးစားထိုက် အလေးပြုထိုက်သူများ ဖြစ် ကြ၍၊ ထိုပုဂ္ဂိုလ်များကိုလည်း ရိုသေလေးစားကြ အလေးအမြတ် ပြုကြပါလေ။

## မင်္ဂလာ ကလာပ်စည်း

၁။ ပြဆိုခဲ့သော မိဘဘိုးဘွားစသော ပုဂ္ဂိုလ်ကြီးများကို ရိုရို သေသေ လေးလေးစားစား ပြုလုပ်ခြင်းသည် ဂါရဝ မင်္ဂလာ။

၂။ ပြုစုစောင့်ရှောက် ထောက်ပံ့ အားပေးမှု ကူညီမှုသည် ဉာတ ကာနုဂ္ဂ သင်္ဂဟ မင်္ဂလာ။

၃။ လဘက်ထုတ်-ကွမ်း-ငှက်ပျောစသော ပေးကမ်းဘွယ်များကို ပေးကမ်းကြသောအခါမှာ လက်နှစ်ဘက်ဖြင့် ချီမြှောက်ပြီး ရိုသေစွာပေးပါ၊ ပေးပြီးလျှင် ဦးချ ကန်တော့၍ ပေးကမ်း တာက ပူဇနေယျာ ပူဇာမင်္ဂလာ။

၄။ ထိုပုဂ္ဂိုလ်များက စီးပွားရေးသော်၎င်း၊ ပညာရေးသော်၎င်း နေထိုင်ရေးများက မိမိထက် အောက်တန်း ကျနေသော်လည်း သူတို့၏ တတ်သိသမျှ ဆုံးမစကားကို ကြီးသူအနေ့ဆွေမျိုးအနေနှင့် ဆုံးမပြောဆိုမှုကို လိုက်နာ နားထောင်ပါက သောဝစသာတာ မင်္ဂလာ။

၅။ ထိုပုဂ္ဂိုလ်ကြီးတို့က ငေါက်အော်ကာ ကြမ်းကြမ်း ဆုံးမမှုကို စိတ်မဆိုးဘဲ သည်းခံနေခြင်းသည် ခန္တီမင်္ဂလာ။

၆။ ငါသည် ထိုဘိုးဘွားစသော သူတို့ထက် ပညာရှိသည် ပညာကသာသည် စီးပွားဥစ္စာ ငွေးသည် ကြွယ်သည် တန်းမြင့်သည်ဟူ၍ စိတ်သဘောမထားဘဲ သူတို့၏သား, မောင်,တူ, မြေး ဖြစ်ပေသည်ဟု မမော်မကြွား မာနခေါ် စိတ်ဓာတ်သဘောကို နှိမ့်ချထားခြင်းသည် နိဝါတမင်္ဂလာ။

ဝါဝင် ဝါကျွတ် သင်္ကြန် အခါတော်တို့တွင် ဘိုးဘွား မိဘစသော သူတို့ကို ကန်တော့ ကြသောအခါ၌ တထိုင်တည်း၌ပင် မင်္ဂလာကလာပ်စည်း များများကြီး ရနိုင်ပါသည်။ရကြအောင်လဲ သတိမူကြပါလေ။

ဤဂါရဝ မင်္ဂလာကို အတွေ့အကြုံများရာကို အဓိက ထား၍ ခွဲခြားရမည်ဆိုသော်....

၁။ မေးမြန်းပြောဆိုမှု၌ ရိုသေကိုင်းညွှတ်ခြင်း။
၂။ ပေးမှု ယူမှု၌ ရိုသေကိုင်းညွှတ်ခြင်း။
၃။ စားသောက်မှု၌ ရိုသေလေးစားခြင်း။
၄။ နေထိုင်သွားလာမှု၌ ရိုသေလေးစားခြင်း။

၁။ ကိုယ့်ထက်ကြီးသောသူ အကျင့်သီလ သိက္ခာဂုဏ် ပညာကြီးသော သူတို့က မေးမြန်းကြသောအခါမှာ ဣန္ဒြေရှိရှိ ပိပိပြားပြားနှင့် မေးသောသူ ဘက်ကိုလှည့်ပြီး၊ ရိုသေလေးစားစွာ ပြောပါ။ ကိုယ်က ထိုသူတို့ကိုပြန်၍ မေးသောအခါ မှာလဲ ထိုသူတို့ဘက်လှည့်ပြီး ရိုသေလေးစားစွာ မေးပါ။ ခြေစုံရပ်၍ ကိုယ်အမူအရာ နှုတ်အမူအရာတို့နှင့် ယဉ်ကျေးညက်သောစွာပြောပါ။ ခြေစုံရပ်၍ ပြောဆိုမေးမြန်းခြင်း၊ လက်အုပ်ချီ၍ပြောဆိုမေးမြန်းခြင်း၊ ကိုယ်ကို ကိုင်းရှိုင်း၍ ပြောဆိုကြခြင်းစသော မေးမြန်း ပြောဆိုမှုများကို အတုယူကာ ပြောကြဆိုကြပါလေ၊ ဤသို့ ပြောဆိုခြင်းသည် မေးမြန်းပြောဆိုမှု၌ ရိုသေကိုင်းညွတ်သည် မည်၏။

အချို့သော သူများသည် ကြီးသောသူတို့က မေးမြန်းသောအခါမှာ မေးသော ကြီးသူတို့ဘက်ကို လှည့်မကြည့်ဘဲ ကိုယ်၏လုပ်ဆဲ လုပ်တုန်းကိစ္စလောက်သာ ဂရုစိုက်ပြီး။ မပြောချင်, ပြောချင် မထေမဲ့မြင်ပြုကာ မလေးမစား ပြောတတ်ကြသည်။ သတိပြုကြ၊ ဆင်ခြင်ကြ။

၂။ အသက်သိက္ခာ ဂုဏ်ပညာ ကြီးမြတ်သော သူတို့နှင့် ပေးမှု, ယူမှု ပြုလုပ်ကြသောအခါမှာ၊ တစုံတရာ ပစ္စည်း ပေးယူရာ၌ ထိုင်နေသူကို ထိုင်လျက်, ထနေသောသူကို ထလျက် လက်နှစ်ဘက်ဖြင့် ရိုရိုသေသေ ခြေစုံရပ်ပေးပါ၊ထိုင်နေသူ ဖြစ်ပါလျှင် ဒူးပဆစ်တုတ်လျက် ဦးခေါင်းကို ညွတ်ငုံ့၍ ပေးပါလေ။

အထက်အမြင့်ဇပါမှာ ယူစရာ ကိစ္စကြုံနေ၍ ကြီးသူများက အောက်ကနေပါလျှင်· ဦးတော်ရယ် အဘွားရယ် အဒေါ်ရယ် စသည်ဖြင့် မရိုမသေ ဘဆိတ်ကလေး ဖယ်စမ်းပါဗျာ.... ဖယ်စမ်းပါရှင်ဟု အခွင့်တောင်းကာ ကိုယ်ကို ညွတ်ကိုင်း၍ ယူပါလေ။ ဤသို့ ရိုသေစွာ ပြုလုပ်ခြင်းသည် ပေးယူမှု၌ ညွတ်ကိုင်းသည် မည်၏။

ကိစ္စတခု ကိရစကား တဆင့်ကြားဘူးသည်မှာ။ ဗိသုကာခေါ် လက်သမားတယောက် ကျောင်းတော်တွင်း၌ လက်သမား လုပ်ကိုင်နေရာ၊ ရဟန်းတော်တပါးက ဘိနပ်ကို သံရိုက်လို၍ ဒါယကာကြီး ပဲကွပ်ခဏငှားစမ်းပါဟု တောင်းလေရာ၊ လက် သ မား ဇာ သူ၏ ရေဘော်ထိုးနေသော လုပ်ငန်း ပျက်မည်စိုး၍ ရေဘော်စင် အောက်ရှိနေသော ပဲကွပ်ကို ချေမနှင့်ညွှပ်ယူပြီး ရဟန်းတော်ရှိရာသို့ ရော့ဘုရာ့ဟု ခြေထောက်နှင့် ပေးလိုက်သတဲ့။ ။သတိထားကြ ကြောက်ကြ၊ရှိုင်းစိုင်းလှ၏။ မဖြစ်လောက်တဲ့ ကိစ္စကလေးနှင့် အကုသိုလ်အပြစ်တွေ မကြီးပွားကြစေနှင့်။

မှတ်သားဘွယ် ကြောက်ဘွယ်များ

၁။ အဆိပ်ပြင်းထန်သော မြွေမျိုး

၂။ မီးခဲ မီးတောက်

၃။ ရေမြေပိုင်နင်း ပြည့်ရှင်မင်း။

၄။ အကျင့်သီလ ပြည့်စုံဖြူစင်သော ရဟန်း

ဤအချက်လေးပါးကို မရိုသေ မလေးစားလျှင်–

အနည်းငယ်သော ကိစ္စကလေးကစပြီး· အကြီးအကျယ် အပြစ်တွေ ရတတ်သည်။ ရိုသေကြ၊ကြောက်ကြ၊ လေးစားကြ။

၃။ စားသောက်မှု အဖြာဖြာကို၊ စားသောက်ကြရာ၌- စားရင်း သောက်ရင်း စကားများ ဆူညံစွာ အော်မေး အော်ခေါ် တောင်ကြည့် မြောက်ကြည့် ဣန္ဒြေမရှိ ပြုံးကလူး ပြာက လာ မရှိပါစေနှင့် ဣန္ဒြေရရ သိမ်မွေ့စွာ ညက်ညောစွာ စား သောက်ပါလေ။

စားသောက်ရာ၌ အကျန်အကြွင်း မများရလေအောင် ကျန် ပြန်လျှင်လည်း အသုံးချဖြစ်အောင် နောက်ပုဂ္ဂိုလ် နောက်လူ စား ချင်ဘွယ်ရှိအောင် သပ်သပ်ယပ်ယပ် သန့်သန့်ရှင်းရှင်း စားပါ။ အတိုင်းအရှည်ကိုလဲ ကြည့်၍စားပါ။

ဗုဒ္ဓရှင်တော်မြတ်ကလည်း သူ၏ သားတော်များကို....

သက္ကစ္စံ ပိဏ္ဍပါတံ၊ အစားအသောက်ကို ရိုသေစွာ စားပါတဲ့၊ နသကဗဠေန မုခေန ဗျာဟရိဿာမိ၊ အစား အစာ စားသောက် လျှင် စကားမများကြနဲ့ မဆူမညံကြပါနဲ့တဲ့။

နဟတ္ထနိဒ္ဓုနကံ၊ လက်ကိုခါ၍ မစားနဲ့။ နသိတ္ထာဝကာရကံ၊ ထမင်းဟင်းတွေကို ကြဲပက်၍ မစားကြနှင့်။ ဤသို့သောအားဖြင့် တပည့်သားတွေကို များစွာပင် ဆုံးမတော်မူပါသည်။ထို့ကြောင့် စားသောက်မှုများ၌ ယဉ်ကျေး သိမ်မွေ့စွာ စားသောက်တတ်မှု ဖြစ်ကြရအောင် ဆိုင်ရာ စပ်ရာ အာကာန္တပြား ကြရာများကို သွန် သင်ဆုံးမ ဩဝါဒပေးကြပါလေ။

၄။ ဘုရားပုထိုး စေတီတော် ကျောင်းတော် အာရာမ်တော်တို့၏ အတွင်းမှာဖြစ်စေ၊ ရဟန်းသံဃာ လူကြီး လူကောင်းတို့၏

ရှေ့တော်မှာဖြစ်စေ၊ နေထိုင်ကြသော အခါမှာ ပိပိရိရိ၊ ကြစ်ကြစ်လစ်လစ်၊ ယဉ်ယဉ်ကျေးကျေး၊ သိမ်မွေ့ညက်ညော စွာ ဣန္ဒြေရှိရှိနေထိုင်ပါ။ ထိုရှိသေထိုက်သော သူတို့၏ ရှေ့တော်မျက်မှောက် အနီးအနားမှာ မြင့်ရာ ကောင်းရာကို မနေဘဲ ထိုမြင့်ရာ ကောင်းရာကို ကြီးသော သူများကိုသာ ဦးစားပေးပါလေ။

အထူးအားဖြင့် ခရီးသွားကြရာမှာ မိမိကအလျင်ကျ၍ အဆင်ပြေနေ၍ ကောင်းရာ မြင့်ရာ ထိုင်ခုံများကို ရထားကြမူ နောက်ကျ၍ အဆင်မပြေကာ နေရာကောင်း မရကြသေးသော ကြီးမြတ်သူများကို ကြည်ဖြူစွာနေရာပေး၍ လေးစားရိုသေပါ၊ ထိုသို့ မိမိထိုင်ပိုင်ခွင့်ရတဲ့နေရာကို ရိုသေစွာပေးလှူက ဂါရဝမင်္ဂလာ၊ အာဝါသဒါန မင်္ဂလာ၊ သည်းခံ၍လဲလှယ်ပေးခြင်း ခန္တီမင်္ဂလာ သုံးမင်္ဂလာ တရှိန်တည်း တချိန်တည်း ရနိုင်ပါသည်။ စေတနာ ထားကြပါ ခရီးသွား ပြည်သူတို့။

ထိုပုဂ္ဂိုလ်သူမြတ် လူကြီးလူကောင်းတို့၏ ရှေ့၌ မနေထိုင်ကြသော အခါများမှာ ဒူးထောင်ပေါင်ကားစကားကျယ်စွာ၊မဖွယ်မရာ၊ပေါက်ပင်ဇရက် မရှက်မကြောက်၊ ရောက်တတ်ရာရာ၊စကားတွေကို မပြောကြားဘဲ၊ မကောင်းသောအမူအရာတွေကို ပယ်ပြီးကောင်းတော အမူအရာ အနေအထိုင်တို့ကို အတုယူ ဂရုစိုက်၍ သိုက်မြိုက်ယဉ်ကျေးစွာ နေထိုင်ပါလေ။ ဤသို့ သိမ်မွေ့ ယဉ်ကျေးစွာ ရိုသေလေးစားစွာ သွားလာတာကို သွားလာမှု၌ ရိုသေလေးစားသည်မည်၏။

သွားမှုလာမှုမတတ် မယဉ်ကျေးလို့ သွားလာရာမှာ ဒေါင်းသီ မောင်းသီနှင့် မြောက်ကြွားကြွား၊ဆောင့်ကြွားကြွား၊ သွားသော သူကို။ လူသားများကပင် မဆိုထားပါနှင့် ခွေးများကပင် သူ၏ သွားမှု လာမှုကို မျက်စိနောက်၍ လိုက်ပြီးကိုက်တတ်ပါသည်။ ဂရု စိုက်၍ ကောင်းတုကိုသာ ယူကြပါလေ။

ဗုဒ္ဓရှင်တော်မြတ်ကြီးသည် သာဝကများကို အရုဋ္ဌာနအား လျော်စွာ အလွန်မြန်လွန်းစွာ မသွားမလာဘို့၊အလွန်နှေးလွန်းစွာ လည်း မသွားမလာဘို့၊ကိုယ်- လက်- ဦးခေါင်း-ခြေတို့ လှုပ်၍၊ ခါ ရမ်း၍ ကွန့်မြူမဲ့စွာ မသွားမလာဘို့ စသည်ဖြင့် များစွာပင် ဟောကြား ဆုံးမတော် မူခဲ့ပါသည်။ (ဝိနည်းပါဠိတော်။)

> နိုင်ငံကျော် ဘိုးသူတော် ဦးနု၏စကားပုံများမှာလဲ-
> **ခရီးကို အပြင်းမသွားနဲ့၊ မီးကိုအကြွင်းမထားနဲ့၊**
> **ခရီးကိုအပြင်းသွားက မှားတတ်သည်။**
> **မီးကိုအကြွင်းက ပွားတတ်သည်။**

သွားဦး၊ **စားဦး၊ ကောဦး၊** ဦးသုံးပါးကို နားလည်ရ မတဲ့။

၁။ ရိုသေထိုက်သော သူများနှင့် ခရီးသွားကြ ရာမှာ မိမိက အလျင် မသွားမူ၍ ထိုပုဂ္ဂိုလ်တို့ကို ဦးစားပေးကာ ရှေ့က သွားစေပြီး မိမိကမူ **နောက်ကလိုက်ရမည်။** (**နွားရှေ့ ထွန် ကျူး မဖြစ်စေနဲ့လို့** ဆိုလိုပေသည်)။ တနည်းကား-ထိုပုဂ္ဂိုလ် လူကြီးများ **စကားပြောနေ** သော်ငြား၊ အိပ်နေသော်ငြား၊ အလုပ်အကိုင် ပြုလုပ်နေသော်ငြား၊ အဦးကမသွားဘဲ လျော်

ရာက ကွင်းရှောင်သွားပါ ဤသို့ သွားခြင်းကို သွားဦးဟု ခေါ်သည်။

၂။ စားပွဲ သောက်ပွဲများမှာ လူကြီးများအလျင်ဦးစွာမစားဘဲ စောင့်ဆိုင်း၍ စားခြင်း၊ သွားလာရေး အလုပ်ကိစ္စ အတွက်များကြောင့် မစောင့်သာ မဆိုင်းသာလျှ လျှင်လည်းဦးချ၍ စားပါလေ။

ဦးချဆိုသည်မှာ အသင့်ခူးခပ် ထားပြီးသော လူကြီးများ စားသောက်ကြမည့် ဇလုံပုဂံ၊ ပုဂံပျားထဲသို့ ထမင်းပေါ်မှာ သင့်လျော်တဲ့ မွန်မြတ်တဲ့ ဟင်းတုံး ဟင်းဖတ်များကို တဇွန်း၊တတုံးမျှ လောက် ကော်ခတ်ဦးချထားခြင်းကို ဆိုသည်။ ထိုကဲ့သို့ စားသောက်ကြရာ၌ ဦးစားပေးခြင်း၊ အဦးပေးခြင်းကို စားဦးဟု ခေါ်သည်။

ဆွမ်းတင်ရာမှာလဲ အဦးအဖျား အလျင်ခူးခပ်၍ တင်လှူခြင်း ဘိုးဘွားမိဘတို့ကို မိမိမစား မသောက်မှီ အလျင်အဖျား အဦးစွာ ခူးခပ်ပေးခြင်း၊ စေတနာရှိရှိနှင့် အဦးအဖျား ပေးလှူကြမှု နောင်သောအခါမှာ သစ္စာလေးပါးကိုပင် ဦးစွာသိရပါသည်။ အရှင်ကောဏ္ဍညမထေရ်ဝတ္ထုကို ထောက်ကြည့်ပါလေ။

၃။ အလ္လာပ-သလ္လာပ ပြောဆိုကြသောအခါ၌ရင်း၊ ရှေးစကားပုံပြင် ရာဇဝင်ဝတ္ထု ပြောကြသော အခါ၌ရင်း၊ တရားတော်တို့ကို ဆွေးနွေးမေးမြန်း ပြောဆိုကြသော အခါ၌ရင်း၊၊ ရွာရေးရပ်ရေး ဘာသာရေး သာသနာရေးတို့ကို စည်းဝေးပြောဆိုကြသောအခါ၌ရင်း၊ ပြောကြသော အခါမှာ ရှိသေထိုက်

သောသူများ လေးစားထိုက်သောသူများ ပြောဆိုဘို့အကွက် အခန့်များကို မိမိ ရှာလွှန် ရှက်တိုက် နွားရှေ့ထွန်ကျူးအနေ မပြောပါနှင့်၊ ငါ့စကားမှ နွားရသဘော မလုပ်ပါနှင့် ကြီးသောသူ ပြောသင့်သောသူများသာ ပြောကြပါစေ၊ ဦးစားပေးကြပါ အဦးပေးကြပါလေ။

ဤသို့ လိုက်နာ ပြောဆိုခြင်းသည် စကားဦးပေးသည်မည်၏။

## နိဝါတအရ ပြဆိုခြင်း

နိဝါတော၊ ပညာရေးဘက် ဥစ္စာရေးဘက် နေထိုင်စားသောက်ရေးဘက်မှစ၍ အစစ အဘက်ဘက်က မာနကြီးမှု၊ စိတ်ကြီးဝင်မှု၊ အထင်ကြီး၊ ဘဝင်မြင့်၊ သွေးကြီးမှု၊ ဟိတ်ဟန်ကြီးမှုတွေကို ပယ်ချကာ ကိုယ်စိတ်နှစ်ပါးတို့ကို နှိမ့်ချတိုးရှိုးပြီး ရိုးရိုးနေမှု၊ မာန်မာန မကြီးမှုတို့ကို နိဝါတော-နိဝါတ မင်္ဂလာဟု ခေါ်သည်။

စိတ်ကြီးဝင် အထင်ကြီးသည် သွေးကြီးသည် ဘဝင်မြင့်သည် ဟိတ်ဟန်ကြီးသည် ဟိတ်ထုတ် ဂုဏ်လုပ်သည် ဂုဏ်ယူသည်ဆိုသမျှ မာနဟု မှတ်လေ။ ထိုသို့ စိတ်ကြီးဝင် အထင်ကြီး သွေးကြီးပြီး တပါးသောသူထက် မော်မောက်ထောက်ကြွ မာနတွေ ကြီးနေကြကုန်သော လူတွေ, ဘုန်းတော်ကြီးတွေ ရဟန်းတွေသည် ဗုဒ္ဓရှင်တော်မြတ်ကြီး ဟောကြား ဆုံးမတော်မူခဲ့သော နိဝါတ မင်္ဂလာ တရားတော်ကြီးကို ဘဲ့တိုက်တော့်လှန် နေကြသည် မည်ကုန်၏။ လေးကီလို ဗိုလ်ဆန်ကာ ဗိုလ်မာန်တက်နေကြသော အချို့သော ရဟန်းတော်တွေဟာ သံဃလုံးနှင့် ဆွမ်းမစားနိုင်ကြ သပိတ်

နှင့် ဆွမ်းမစားနိုင်ကြတာတွေဟာ စောင်တော်ဘဲ ရှိနေကြသည် ဟု ကြားသိရပေ၏။

အဘိဓမ္မာဘက်ဂဲ သမ္မောဟဝိနောဒနီ အဋ္ဌကထာ
ခုဒ္ဒကဝတ္ထု ဝိဘင်္ဂဝဏ္ဏနာနှင့်
သုတ္တန်ဘက်က သုတ်ပါထေယျ အဋ္ဌကထာ။
သီဂိတ် သုတ္တဝဏ္ဏနာ စသောကျမ်းများကို ရှုတော်မူကြ
ပါ အရှင်ဘုရားတို့။

နိဝါတဝုတ္တိ အထဒ္ဓေါ။ သီဂိတိသုတ်ပါဠိတော်။

နိဝါတဝုတ္တိ၊နှိမ့်ချသော အသက်မွေးခြင်း ရှိရမတဲ့။အထဒ္ဓေါ၊ ကင်းသောခိုင်မာခြင်း ဝါ-မာနခက်ထန်ခြင်းမရှိ ကင်းသောမာန ရှိရမတဲ့။ ဤကဲ့သို့ အစစအရာရာ၌ မာနကိုပယ်ချကာ နှိမ့်ချစွာ နေထိုင်ခြင်းသည် နိဝါတမင်္ဂလာမည်၏။

**အတတ်ပညာကို အမှီပြု၍ မာနကြီးခြင်း။**
**အကျင့်သီလကို အမှီပြု၍ မာနကြီးခြင်း။**
**အမျိုးအဆွေကိုအမှီပြု၍ မာနကြီးခြင်း**
**စီးပွားဉစ္စာကို အမှီပြု၍ မာနကြီးခြင်း။**
**အကြားအမြင်ဗဟုသုတကိုမှီ၍ မာနကြီးခြင်း။**

ဤသို့ အစရှိသောအားဖြင့် သုတ္တန်အဘိဓမ္မာ ပါဠိတော် အဋ္ဌကထာတို့၌ မာနသည် အကျဉ်းအားဖြင့်ကိုးပါး၊ အကျယ် အားဖြင့်ကား မြားပြားလှစွာ၏၊ ထို့ကြောင့် ကိုယ်စိတ်နှစ်ဖြာကို နှိမ့်ချကာဖြင့် နိဝါတဆိုတဲ့ မင်္ဂလာတရားတော်ကြီးကို လက်ကိုင် ထားပြီး အရာရာ၌ နေထိုင်သွားလ္ကာ ဆက်ဆံကြပါလေ၊

## သန္တုဋ္ဌိအရ ပြဆိုခြင်း

သန္တုဋ္ဌိ၊ ယံ လဒ္ဓံ တေန တုဋ္ဌဗ္ဗံ။ ယံ၊ အကြင်ပစ္စည်းဝတ္ထုကို။ လဒ္ဓံ၊ ရအပ်၏။ တံ၊ မိမိနှင့်ထိုက်သမျှ ရအပ်သော ထိုပစ္စည်းဝတ္ထုကို။တုဋ္ဌဗ္ဗံ၊ရောင့်ရဲနှစ်သက်အပ်၏။ဝါ-တင်းတိမ် ကျေနပ်အပ်၏။ (စောနိပါတ် ဟံသဇာတ်) လောဘနိုင်ငံကို မလိုက်မူ၍ မိမိနှင့် ထိုက်တန်တော်သင့်ယုံသော ရအပ်သည့် ပစ္စည်းဝတ္ထုဖြင့် တင်းတိမ်ရောင်ရဲကာ နှစ်သက်ကျေနပ်ခြင်းသည် သန္တုဋ္ဌိမင်္ဂလာမည်၏

သန္တုဋ္ဌိ ပရမံ ဓနန္တိ၊ဂိဟိနော ဝါ ပဗ္ဗဇိတဿဝါ ယံ အတ္တနော လဒ္ဓံ အတ္တနော သန္တကံ၊တေနေဝ တုဿနဘာဝေါ၊ သန္တုဋ္ဌိနာမ (မင်္ဂလ အဋ္ဌကထာ) သုခဝဂ် ပဿေနဒီ ကောသလမင်းဝတ္ထု ၃၀၁-နံပါတ်မှာ ရှုပါလေ။

အဝတ်တန်းဆာ ဆင်မြန်းမှု၊ ပရိဘောဂ အသုံးအဆောင် များ ကိုင်တွယ်သုံးဆောင်မှု၊ အစားအစာ စားသောက်မှုမှစ၍ အရာရာ၌ စားသောက် နေထိုင် သုံးဆောင် ကိုင်တွယ် ဝတ်ဆင်မှု ကို ပြုလုပ်ကြသောအခါမှာ မိမိနှင့် ထိုက်-မထိုက်, တော်-မတော်, သင့်-မသင့်, တန်-မတန်ကို မိမိ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ် သုံးသပ် ဝေဘန်ဆင်ခြင်ပြီး ကြည့်ကြပါ။

၁။ မင်းမျိုး။

၂။ သူဌေးမျိုး။

၃။ ကုန်သည်မျိုး။

၄။ ဆင်းရဲသားမျိုး။

ဤသို့စသောအားဖြင့် မင်းစိုးရာဇာ မျိုးရိုးအလိုက် ထိုက်, မထိုက် တော်မတော်ကို ဆင်ခြင် သတိပြုကာ သင့်လျော်သော ပစ္စည်း ဝတ္ထု အထည်အလိပ်များကို ဆင်မြန်း ဂတ်ရုံထိုက် သုံးဆောင်ထိုက်ပေသည်။

(အမြင့်မတော်၊ ဆင်တော်နှင့်ခလောက်။
မမှိတ့်ပန်း တုံးခုံ၍လှမ်း) ဆိုသော ပေါရာဏပုံတိုလို—

မဟာရဟော ဘုန်းရှင်ကံရှင် တော်ဝင်မျိုးမှန် မြင့်မြတ်သော သူတို့နှင့်သာ ထိုက်တန်ပေသော။ သယနသိမ့်၊ ပိုးဖဲအစုံ မွေးထုံ အသင့် စက်ရာတော် သလွန်အမြင့်၌ ဟူ၍ရှင်း။ ဘုရား, တရား, သံဃာ မင်းစိုးရာဇာနှင့် ဇောတိက, ဇတိလ စသော ဘုန်းရှင် ကံရှင် ပါရမီတော်အရှင်နှင့် မင်းစိုးရာဇာ သူဌေး သူကြွယ်များ တို့၏ အတုကို မယူသင့် မယူထိုက် မယူကောင်းပေ။

ဆင်-ဆင်အလှမ်းနှင့် မြင်း-မြင်းအလှမ်းနှင့်
ကျားကြီး ခြေရာကြီး ကျားငယ် ခြေရာငယ်- ဆိုသကဲ့သို့

သူဌေး သူဌေးဂုဏ်သိရ် အတန်းအစားနှင့်၊ ဆင်းရဲသားတို့ မှာလဲ ဆင်းရဲသားတို့၏ အတန်းအစား အတိုင်းသာ ဝတ်စား နေထိုင်မှု ပြုကြလေ။

မတူသူကိုလဲ မတုကြနဲ့ မထိုက်တန်ရာကိုလဲ မလှမ်းကြနဲ့။

(သူဌေးသဘော်နစ်မြုတ်တာက ကိစ္စမရှိပါဘူး၊
သူတောင်းစား ခွက်ပျောက်တာကခက်တယ်)ဆိုတာလို-
(ပြောမယုံ ကြုံဘူးမှ သိကြလိမ့်မည်)

ဤသန္တုဋ္ဌိကို မေတ္တသုတ် ပါဠိတော်၌ ဝေဘန်ပိုင်းခြား ပြသ ချဲ့ထားသည်မှာ....

၁။ သကေန တုဿကော သန္တုဿကော။

၂။ သန္တေန တုဿကော သန္တုဿကော။

၃။ သမေန တုဿကော သန္တုဿကော။

၁။ သကေန၊ ပိုင်ဆိုင်မှု မိမိဥစ္စာဖြင့်။ တုဿကော၊ ရောင့်ရဲတင်းတိမ်ခြင်းသည်။ သန္တုဿကော၊ သန္တုဿက မည်၏။

၂။ သန္တေန၊ ပိုင်ဆိုင်၍ ထင်ထင်ရှားရှားရှိသော ဥစ္စာဖြင့်။တုဿကော၊ ရောင့်ရဲတင်းတိမ်နိုင်ခြင်းသည်။ သ န္တု ဿ ကော၊ သန္တုဿက မည်၏။

၃။ သမေန၊ လောကဓံနှစ်ပါးကိုအမျှထားသဖြင့်။ တုဿကော၊ ရောင့်ရဲခြင်းသည်။ သန္တုဿကော၊ သန္တုဿက မည်၏။

မိမိပိုင်ဆိုင်မှုရှိသော ဥစ္စာပစ္စည်းဖြင့်သာ ကျေနပ် တင်းတိမ်ခြင်းသည်။ သကသန္တုဿက၊ ကိုယ်ပိုင်ပစ္စည်းဖြင့်သာ ကျေနပ် တင်းတိမ်သူ။

ဇာမကျယ် ဂျီးမများ-ဂျီးမထူဘဲ ထင်ရှားရှိနေသော ပစ္စည်းဖြင့်သာ တင်းတိမ်ကျေနပ် နိုင်သူသည် သန္တ သန္တုဿက။ ပိုင်ဆိုင်သမျှ ထင်ရှားရှိသောပစ္စည်းဖြင့်သာ ကျေနပ်တင်းတိမ်မှု။

မျက်မြင် လက်တွင်းလက်ဝယ်မှာ ရှိပစ္စည်းဖြင့် ကျေနပ်နိုင်သူ၊ မရှိသောပစ္စည်းကို မမြှော်မမှန်း အာရုံမတန်းသူ။

ကောင်းသော ပစ္စည်းဝတ္ထုကို တွေ့သောအခါ ရသောအခါ၌ ဝမ်းမြောက် တက်ကြွခြင်းမရှိ။ ယုတ်ညံ့သော ပစ္စည်းဝတ္ထုတို့ကို

တွေ့ကြုံရရှိသောအခါမှာ စိတ်ဆိုး ဝမ်းနည်းခြင်းမရှိဘဲ လောကဓံ တရားနှစ်ပါးကို အမျှထား၍ သုံးစား ရှောင့်ရဲနိုင်ခြင်းသည် သမ တုဿက ပစ္စည်းဥစ္စာခပါ၌ အမျှထား၍ သုံးစားနိုင်သူဟု ဆိုရ ပေသည်။

ဓမ္မပဒ အဋ္ဌကထာမှာ လောကဓံတရားကို—
ရှစ်ပါး-လေးပါး-နှစ်ပါး ခွဲထားသည်။

သို့အတွက်ကြောင့် လောကဓံတရား နှစ်ပါးဟု ရေးသားလိုက် ပေသည်။

ထိုက်-မထိုက် တန်-မတန် ဝေဘန်ပါဆိုသော စကားရပ်၌— ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် သတ္တဝါတို့အား တရားရေ အေး တိုက်ကျွေး ဟောချတ်တော် မူသောအခါမှာ ဝေနေယျ သတ္တဝါ၏ ဉာဏ်ဣန္ဒြေနရင့် သင့်မသင့် တော်မတော်ကို ချင့်မျှော်၍၊ ထိုက်တန်သည့် တရားဒေသနာတော်ကိုသာ ဟောတော် မူပါ သည်။ ထိုထိုက်တန်သော တရားတော်ကိုပင် ထိုက်သော နေ့လ ထိုက်သောအခါကျမှသာလျှင် ဟောကြားတော် မူပါသည်။

၁။ ဥဂ္ဃဋိတညူ ပရော ပရိယတ္တိ ဉာဏ်တော်
၂။ အာသယာ နုသယ ဉာဏ်တော်
၃။ ဝေနေယျဗျာသယ ဉာဏ်တော်

ဤဉာဏ်တော်များကို ထောက်ထားကြည့်ကြပါ။
(သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ ဉာဏဝိဘင်္ဂဝဏ္ဏနာ)

## ကတညုတာအရ ပြဆိုခြင်း

ကတညုတာ ဝိဂ္ဂဟ။ ပရေန ကတံ ဥပကာရံ ဇာနာတီတိ ကတညူ။ အတ္တနာဝါ ကတပုညသ္သ ဥပကာရံ ဇာနာတီတိ ကတညူ။ ပရေန၊ တပါးသောသူသည်။ ကတံ၊ ပြုအပ်သော။ ဥပကာရံ၊ ကျေးဇူးကို။ ဇာနာတိ၊ သိတတ်၏။ ဣတိ၊ ဤသို့ သိတတ်သောကြောင့်။ ကတညူ၊ ကတညူမည်၏။

ဝါ- တနည်းကား။ အတ္တနာ၊ မိမိသည်။ ကတပုညဿ၊ ပြုစုထားဘူးသော ကောင်းမှု၏။ ဥပကာရံ၊ ကျေးဇူးကို။ ဇာနာတိ၊ သိတတ်၏။ ဣတိ၊ ဤသို့ သိတတ်သောကြောင့်။ ကတညူ၊ ကတညူမည်၏။ (ဋီကာ)

သူတပါးတို့က ပြုစုစောင့်ရှောက် ကူညီထောက်ပံ့ အားပေးထားဘူးသော ကျေးဇူးတရားနှင့် မိမိက ထိုနည်းတူစွာ ပြုဘူးထားသော ကျေးဇူးဥပကာရများကို နှေ့ညကြည့်ရှင် အောက်မေ့သိမြင်ခြင်း ကျေးဇူးသိတတ်ခြင်းကို ကတညုတာ မင်္ဂလာဟူခေါ်သည်။

သူ့ကျေးဇူး ကိုယ့်ကျေးဇူး အသွား အလာ အတုံ့အလှဲ့။ သူ့အတွက် ကိုယ့်အတွက် သူ့ဘို ကိုယ့်ဘို ဆိုသည့်—ကတညုတာတရားတော် ကတညုတာမင်္ဂလာနှင့် ကိုက်ညီစွာ နေထိုင် ကျင့်သုံးကြပါလျှင် ကြီးပွားချမ်းသာကြောင်းဟု မှတ်ကြပါလေ။

ကျေးဇူးသိတတ်သူကား အလွန်တရာ ရှားလှပေ၏။ ကျေးဇူးရှင်ကို ကျေးစွတ်ကြသော သူတွေကသာ များလှပေ၏။

ဗုဒ္ဓရှင်တော် မြတ်ကြီးကလည်း....

ဒွေမေ ဘိက္ခဝေ ဒုလ္လဘာ လောကသ္မိံ။
ကတမေ ဒွေ၊ ယောစ ပုဗ္ဗကာရီ။
ယောစ ကတညူ ကတဝေဒီ။
ဣမေခေါ ဘိက္ခဝေ ဒွေ ပုဂ္ဂလာ ဒုလ္လဘာ။
လောကသ္မိံ။ (ဒုကင်္ဂုတ္တရ ပါဠိတော် ပထမဝဂ်)

ဘိက္ခဝေ၊ ရဟန်းတို့၊ လောကသ္မိံ၊ လောကကြီးထဲ၌။ ဒွေ ပုဂ္ဂလာ၊ နှစ်ယောက်ကုန်သော ပုဂ္ဂိုလ်တို့သည်။ ဒုလ္လဘာ၊ ရခဲကုန်၏။ ဒွေ၊ ရခဲသော နှစ်ယောက်တို့သည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား။ ယောစ၊ အကြင်သူသည်ကား။ ပုဗ္ဗကာရီ၊ လက်ဦးစွာ ကျေးဇူးကိုပြု၏။ ယောစ၊ အကြင်သူသည်ကား။ ကတညူ၊ သူပြုဘူးသော ကျေးဇူးကိုသိ၍။ ကတဝေဒီ၊ နောက်၌ ကျေးဇူးတုန့်ပြန်၏။ ဝါ-သူ့၏ ကျေးဇူးကိုပြန်ကာဆပ်၍ သိတတ်ပေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ လောကသ္မိံ၊ လောကကြီးထဲ၌။ ဣမေ ဒွေ ပုဂ္ဂလာ၊ ဤနှစ်ယောက်ကုန်သော ပုဂ္ဂိုလ်တို့သည်။ ဒုလ္လလာ၊ ကြုံခဲ ရနိုင်ခဲကုန်၏။

၁။ ရှေးဦးစွာ ကျေးဇူးရှိအောင် ကျေးဇူး ပြုတတ်သူ တယောက်-
၂။ ကျေးဇူး ရှိသည့် ကျေးဇူးရှင်ကို ကျေးဇူးပြန်၍ သိ တတ်သူ တယောက်။

ထိုပုဂ္ဂိုလ်နှစ်ယောက်ကို လောကကြီးထဲ၌ ရခဲ-ကြုံခဲ လှသည် ဟူ၍ ဟောတော်မူ၏။

ကျေးဇူးသိတတ်သူ ပြည့်ရှင်မင်း၊ သရေခေတ္တရာ သက္ကရာဇ်= ၇၄-ခုနှစ်က၊ ပုဂံပြည် (ပေါက္က)ပြည်ကို အစဦးစွာ တည်ထောင်သော သမုဒ္ဒရာဇ်မင်း နတ်ရွာစံ၍ ကံတော်ကုန်သော အခါမှာ.... အထက်အညာ မလည်အရပ်သား၊သမက်တော် ပြူစောထီးသည်၊ ယောက္ခမ မိဘ၏ အမွေအနှစ် မိမိစိုးစံရမည့် ပုဂံ (ပေါက္က) ထီးနန်းတော်ကို မစိုးစံသေးမူ၍ မိမိအား ငယ်ရွယ်စဉ် ကာလက၊ ကျေးမွေးစောင့်ရှောက်ကာ ပညာစုံ သင်ကြားပြသခဲ့ ဘူးသော ငယ်ဆရာ မလည်သားရသေ့ကြီးကို လူဝတ်လဲစေပြီးလျှင် ပညာ သင်ပေးခဲ့ဘူးသော ကျေးဇူးတော်အရှင် ရသေ့ကြီးအား ကျေးဇူးဆပ်သည့် အနေဖြင့်နန်းတင်ပြီး နန်းအပ်ခါ၊ ကျေးဇူးဆပ်ဘူး၊ ကျေးဇူး တုံ့ပြန်ဘူးလေသည်။ ထိုရသေ့ကြီးသည် ၉၁-နှစ်မှာ လူဝတ်လဲကာ နန်းတက်၍ ၁၅-နှစ်တိတိ စိုးစံအုပ်ချုပ် မင်းလုပ်တော်မူပြီးလျှင် သက်တော် ၁၀၆-နှစ်မှာ နတ်ရွာစံ ကံတော်ကုန်လေသည်။

(ထို့ကြောင့်–ပလိပ်စား အေးချင်း၌)။ ။ထိုမင်းလူဖျား လေးဆယ်ငါးဝယ်၊ ပျော်ပါးမမွေ့၊ နတ်ထံရွှေ့လည်း၊ မမေ့ရှေးဦး၊ တင်ရှိဘူးဟု၊ ကျေးဇူးရွက်ဆောင်၊ရသေ့ကြောင်အား၊ ရွှေတောင်ကိုယ်စား၊ ဆက်စေထားသည်၊ ဆယ့်ငါးတိနက်လေး.... စံပြန့်မွေး။ ။(ဟူ၍ စပ်ဆိုလေသည်)။

သူတပါး ပြုစုစောင့်ရှောက် ကျွေးမွေးပေးကမ်း ထားသော ကျေးဇူးတရားကို ငါ့အပေါ်မှာ ကျေးဇူးရှိပေသည် ဟု သိတတ်ရမည်။ ကျေးဇူးမသိသူ ကျေးဇူးပြန်မဆပ်ဘို့ ကျေးဇူးအတုံ့ပြန်

မရသောသူသည် အလွန်ရိုင်းစိုင်းသူ အလိုက်မသိသူမည်၏။ (**မရှိတာထက် မသိတာက ခက်သည်**) ဆိုသော ပေါရာဏ ပုံတိုလို။ ထိုသို့ရိုင်းစိုင်းသူ အလိုက်မသိတတ်သောသူကို ပညာရှိ များစွာနှင့် သူသူ ငါငါတို့က စက်ဆုတ်ရွံမုန်း နှလုံးနာတတ်ကြသည်။

ဓိရတ္ထု **ဝတ** ရေ **အညာဏံ**။ **ရေ**-အိုအချင်းတို့။
**အညာဏံ** မသိတတ်ခြင်းသည်။ ဝါ **အလိုက်မသိခြင်းသည်**၊
**ဝတ**၊ **စင်စစ်**။ ဓိ၊ **စက်ဆုပ်စရာသည်**။ အတ္ထု၊ ဖြစ်၏။
(ဝိနည်း အဋ္ဌကထာ)

ထို့ကြောင့် ပေါင်းသင်းဆက်ဆံရေး ပေးယူကူညီရေးမှစ၍ အတို့အပြန် ကျေးဇူးဆပ် ကျေးဇူးကို သိတတ်သည်ဆိုသည့် ကတဝေဒီတရားကို လက်ကိုင်ထား၍ အလိုက်သိစွာ ယဉ်ကျေး သိမ်မွေ့စွာ နေထိုင်ဆက်ဆံကြလေကုန်။

## ကာလေန ဓမ္မဿဝနအရ ပြဆိုခြင်း

ကာလေန ဓမ္မဿဝနံဟူသည်။ ကာမဝိတက္ကာဒိ **အဘိဘူတ သမယေ**၊ **တေသံ ဝိနောဒနတ္ထံ** ဓမ္မဿဝနံ ပဉ္စမေ **ပဉ္စမေဒိဝသေ** ဓမ္မဿဝနံ ကာလေန ဓမ္မဿဝနံနာမ။ ဋီကာ။

ကာမဝိတက် အစရှိသော မကောင်းသောဝိတက် တရားဆိုးတို့ ဖိစီးနှောင့်ယှက်လာသောအခါ။ တနည်း စိတ်ပူ စိတ်ညစ်ကို ဖြစ်ပွား ပေါ်ပေါက်လာသောအခါမှာ ထိုတရားဆိုးတို့ကို ပယ်ဖျောက်စေရန်အလို့ငှာ တရားနာခြင်းသည် ကာလေန ဓမ္မဿဝန မင်္ဂလာမည်၏။ အေးသောကာလ ပူသော ကာလ ပွင့်သော ကာလ သီးသောကာလ ဤသို့စသောအားဖြင့် ခေါ်ဝေါ်သကဲ့သို့ ယခုလဲဘဲ စိတ်ပူသောကာလ စိတ်ညစ်သောကာလ ကာမဂုဏ်

အရေးစသည်တို့ကို ယှုတ်ယှုတ်ထွေးထွေး ကြံစည်သောကာလ၊ ဤကာလမျိုးတို့နှင့်ကြုံသောအခါတွေ့ဆုံဘိုက်ဆိုင်သောအခါမှာ ထိုတရားဆိုးတို့ကို ပယ်ချိုး ခွါချရန်အလို့ငှာ တရားနာပါတဲ့။

တေသံဝိနောဒနတ္ထံ ဓမ္မဿဝနံ၊ ဋီကာ။

တေသံ၊ ထိုတရားဆိုးတို့ကို။ ဝိနောဒနတ္ထံ၊ ကွယ်ပျောက်စေခြင်းအလို့ငှာ။ ဝါ- ပယ်ဖျက် ခွါချရန်အလို့ငှာ။ ဓမ္မဿဝနံ၊ တရားတော်ကို ရိုသေယုံကြည်စွာ နာခြင်းတည်း။

ဤကာလေန ဓမ္မဿဝနံ၌ အဋ္ဌကထာမှာ အမျိုးမျိုးပြသေး၏၊ နေကောင်းထိုင်သာ အားလတ်ကြသောအခါမှာ ကုသိုလ်ဖြစ်မှု ပညာဗဟုသုတဖြစ်မှု ငါးရက်တကြိမ် ငါးရက်တကြိမ်တရားတော်နာခြင်းသည် ကာလေန ဓမ္မဿဝနမင်္ဂလာမည်၏။

တိကင်္ဂုတ္တရ ဂိလာနသုတ် အဋ္ဌကထာမှာ မာသဿ အဋ္ဌဝါရေ ဓမ္မကထာ အနုညာတာ တလရှစ်ကြိမ် တရားဟောမှု နာမှုဟု ခွင့်ပြုတော်မူ၏။

၁။ မုဏ္ဍမင်းဝတ္ထု။မယားသေမှုကြောင့် ပဉ္စင်္ဂုတ္တရပါဠိတော်။
၂။ အသကမင်းဝတ္ထု။မယားသေမှုကြောင့် ငါးရာငါးဆယ်။
၃။ ကိသာဂေါတမီဝတ္ထု။ သားငယ်သေမှုကြောင့် ဓမ္မပဒ။

ပရိဒေဝအပူမီး တွေ့ကြုံနေကြသောသူများ တရားတော်ကို နာရသောကြောင့် အပူပျောက်ပြီး အအေးသို့ရောက်ကြလေသည် အပူဓာတ်ပျောက်ပြီး အအေးဓာတ်ရကြစေရန် ဓမ္မဿဝနမင်္ဂလာ ဖြစ်အောင် တရားတော်ကို နာယူကြကုန်လော့။

၈။ ခန္တီစ သောဝစဿတာ သမဏာနဉ္စဒဿနံ၊
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံမင်္ဂလမုတ္တမံ။

## ဒေဝပုတ္တနတ်သား

၁။ ခန္တီစ၊ ကိစ္စအာရုံ အဖုံဖုံတို့ တွေ့ကြုံသောခါ မတုန်မလှုပ် စိတ်ကိုချုပ်တီး အောင့်အည်း သည်းခံရခြင်း သည်၎င်း။

၂။ သောဝစဿတာစ၊ ရှေ့နောက်မြော်မြင် ပညာရှင်တို့ သွန်သင်နည်းပြ ဆိုဆုံးမသောစကားကို မှတ်သား နာယူလွယ်သော သူ၏ အဖြစ်သည်၎င်း။

၂။ သမဏာနံ၊ ကိလေသာမှု ငြိမ်းအောင်ပြုတတ် ရဟန်းတော်အရှင်မြတ်တို့ကို။ ဒဿနဉ္စ၊ ယုံကြည်ဦးတင် ဖူးမြင်ရခြင်းသည်၎င်း။

၄။ ကာလေန၊ အားလပ်ခွင့်သာ သင့်လျော် လျောက်ပတ်သောအခါ၌။ ဓမ္မသာကစ္ဆာစ၊ တရားတော်တို့ကို ဆွေးနွေး မေးမြန်းရခြင်းသည်၎င်း။ အတ္ထိ၊ ရှိ၏။

ဧတံ၊ ဤတရားလေးပါးသည်။ ဥတ္တမံမင်္ဂလံ၊ ကျင့်သူအပေါင်း မြင့်မြတ်ကြီးပွားကြောင်း မင်္ဂလာမည်၏။

## ခန္တီအရပြဆိုခြင်း

ခန္တီ၊ သည်းခံခြင်းဟူသည်။ အဝတ်အစား အနေအထိုင် အပြောအဆိုမှစ၍ အရာရာကိစ္စအာရုံ အဖုံဖုံတို့၌ မတုန်မလှုပ် အတုံ့အပြန်မရှိ ကြည်ဖြူစွာသည်းခံခြင်းကို ခန္တီ ဟုခေါ်သည်။

ထိုခန္တီတရားတော်နဲ့ ကိုက်ညီအောင် နေထိုင် ကျင့်သုံးခြင်းသည် ခန္တီမင်္ဂလာဟုခေါ်သည်။

ခန္တီမင်္ဂလာ တရားတော်ကြီးသည် ဘုရားဖြစ်ဘို့ရာမှာပင်အင်္ဂါ တပါး၊ ပါရမီတော်တပါးအဖြစ်ဖြင့် ပါဝင်လေသည်။ သာမန် ပုဂ္ဂိုလ်တို့၏ ကုသိုလ်ဖြစ်မှု ရမှု နိဗ္ဗာန်သို့ ပေါက်ရောက်နိုင်မှုများ မှာလဲ ဤခန္တီမင်္ဂလာတရားတော်ကြီးနှင့် ပေါင်းစပ် စရိုက်မိမှ သာလျှင် အောင်မြင်ပွားများနိုင်သည်၊ လိုရာခရီး လိုရာပန်းတိုင် ကို ပေါက်ရောက်နိုင်ပါသည်။

## သဗ္ဗေပိ ကုသလာ ဓမ္မာ ခန္တျာ ယတ္တာဝ ဝဍ္ဎရေ

သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော၊ ကုသလာဓမ္မာ၊ ကောင်းကျိုးကို မြော်လင့်၍ ကောင်းမွန်စွာ ကျင့်အပ် မြင့်မြတ် သော ကုသိုလ်တရားတို့သည်။ ခန္တျာယတ္တာဝ ခန္တီဆိုတဲ့ တရား ကောင်းကြီးနှင့် ပေါင်းမိစပ်မိကြမှသာလျှင်။ ဝဍ္ဎရေ ဝဍ္ဎန္တိ၊ တိုးပွားနိုင်ကြရလေကုန်၏။

## ကဏှဇာတ်တော်

ငါးရာငါးဆယ် ဒသနိပါတ်၊ ကဏှဇာတ်တော်၌ သိကြား မင်းကြီးက ကဏှရသေ့အား အရှင်ရသေ့မြတ် အကျွန်ုပ်သည် သိကြားမင်းဖြစ်ပါတယ် အသင်အလိုရှိသောဆုများကို ပေးခြင်း ငှာ၊ အကျွန်ုပ် တတ်စွမ်းနိုင်ပါသည်။လိုရာဆုများကိုသာ တောင်း ပါဟု ပြောကြားသောအခါမှာ ကဏှရသေ့က အရှင်သိကြား မင်း အကျွန်ုပ်သည် ကိစ္စအာရုံအဖုံဖုံတို့၌ မတုန်မလှုပ် သည်းခံနိုင် ပြီး ကောဓဆိုတဲ့ အမျက်မထွက်မှု စိတ်ဆိုး စိတ်ကောက်မရှိ၊

နည်းပါးသောဆုကို လိုချင်ပါသည် ထိုဆုကိုသာ ငါ့အားပေးပါတော့ဟု တောင်းယူလေသည်။

ထိုအခါ သိကြားမင်းက ကိန္နုကောခေ အာဒိနဝံတဲ့ စိတ်ဆိုးခြင်း သည်းမခံနိုင်ခြင်းဆိုတဲ့ ကောဓရဲ့ အပြစ်က အဘယ်ပါနည်း ဟုမေးလေလျှင် ကဏှရသေ့က ဖြေဆိုသည်မှာ။

အပ္ပေါဟုတွာ ဗဟုံ ဟောတိ၊
ဝဍ္ဎတေ သော အခန္တိဇော။
အာသင်္ဂီ ဗဟုပါယာသော၊
တသ္မာ ကောဓံ န ရောစယေ။ ။

ဝါသဝ၊ သိကြားမင်း။ အခန္တိဇော၊ သည်းမခံနိုင်ခြင်းကြောင့် ဖြစ်သော။ သောကောဓော၊ ထိုအမျက် သည် ကား။ အပ္ပေါဟုတွာ၊ ရှေးဦးစွာ အနည်းငယ်သာဖြစ်၍။ ဗဟုံဟောတိ၊ ဖြစ်ပြီးနောက်မှာ များပြားစွာ၏။ ဝဍ္ဎတေ၊ ဆင့်ကာဆင့်ကာ ပွားတတ်ပါ၏။ အာသင်္ဂီ၊ ကပ်ငြိခြင်းကိုပြုတတ်၏။ ဗဟုပါယာသော၊ များသော ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်းကို ဖြစ်စေတတ်၏။ တသ္မာ၊ ထိုသို့များစွာသော အပြစ်ရှိခြင်းကြောင့်။ ကောဓံ၊ အမျက်ထွက်ခြင်းကို။ အဟံ၊ ငါသည်။ နရောစယေ၊ မနှစ်သက်ပေတကား။

အသင်သိကြားမင်း အမှိုက်ကစ ပြဿာဒ်မီးလောင ဆိုဘိသကဲ့သို့ သည်းမခံနိုင်ခြင်းကြောင့်ဖြစ်သော၊ ထိုအမျက် ကောဓသည် ရှေးဦးစွာ အနည်းငယ်သော အပြစ်ကလေးကစပြီးလျှင် နောက်သောအခါမှာ အကြီးအကျယ် ဖြစ်တတ်ပါသည်၊ဖြစ်တတ်ပုံမှာ—

ကောဓအမျက် ချောင်းချောင်း ထွက်ခဲ့သည်ရှိသော်- ဖရုသ ဝါစာခေါ်တဲ့ ဆဲရေးတိုင်းထွာ အလွန်တရာ ကြမ်းတမ်းခက်မာ သော မကြားဝံ့မနာသာတဲ့ စကားတွေ ဖြစ်ပေါ် လာပါတယ်။ ထို့နောက်- တတောဒဏ္ဍော တတောပါဏိတဲ့၊ ဒုတ်ချင်းရိုက်ကြ၊ လက်ချင်းသတ်ကြပါတယ်။ ထို့နောက် ဒုတ်နှင့် လက်မျှသာမက သေးဘဲ၊ သတ္ထပရာမာသော-တဲ့၊ ဓါးသံလျက်တွေကို ကိုင်ဆွဲပြီး အမှားမှား အမှောက်မှောက်နဲ့ ကသောက်ကမျောက် သတ်ဖြတ် ကြပါတယ်။ ပြီးတော့လဲ ယခုပစ္စက္ခဘဝမှာပင် မင်းဘေး- မင်း ဒဏ်သင့်ကာ ငွေကြေးဥစ္စာတွေ ကုန်ခန်းပျက်စီးပြီး သေပြန်ပါ တော့လဲ အပါယ်ငရဲရောက်တာ များ စွာ လှ သော အပြစ်တွေ ရှိပါတယ်။

ထို့ကြောင့် သည်းခံခြင်းဆိုတဲ့ ခန္တီတရားတော်ကြီးကို လက် ကိုင်ထားပြီး။ သုန္ဒိက္ကောဓ သုနိဒ္ဒေါသံ၊ အမျက်မထွက်မှု၊ စိတ် မဆိုးမှု၊ဒေါသမကြီးမှု ဆိုတဲ့ ဆုကိုသာ ငါ့အလို ရှိပါသည်လို့ သိကြားမင်းအား ဟောပြောပြသလေသည်။ သိကြားမင်းကလဲ သူတောင်းဆိုသော ဆုအတိုင်းပေးလေသည်။ (ဤကား အကျဉ်း မျှသာတည်း၊ အကျယ်ကို သိလိုပါက ငါးရာငါးဆယ် ဒသနိပါတ် ကဏှဇာတ်တော်ကို ကြည့်ရှုကြပါလေ။ ထိုဇာတ်တော်၌ ဘုရား အလောင်း ကဏှရသေ့....

တောင်းဆိုသော ဆုများမှာ....

၁။ သုနိက္ကောဓ=အမျက်ကောဓ မရှိလိုသောဆု။

၂။ သုနိဒ္ဒေါသ=မပြစ်မှား မလွန်ကျူးလိုသောဆု။

၃။ နိလ္လောဘ=လောဘရမ္မက်မကြီးလိုသောဆု။

၄။ နိဿနေဟ=အချစ်မရှိလိုသောဆု။

၅။ အနာဗာဓ=အနာရောဂါ မရှိလိုသောဆု။

၆။ ကာယစိတ္တပဟာဒသုခ= တစုံတယောက်သော သူအား။ ငါ၏ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံသုံးပါးတို့ကြောင့် မပျက်စီးဆုံးခြင်သောဆု။

ဤဆုများကို တောင်းယူလေသည်။ ဝတ်စား နေထိုင်မှုစသည်တို့ကြောင့် ဖြစ်ပွားပေါ်ပေါက်လာရသည့် လောဘ,ဒေါသများကို ခန္တီမင်္ဂလာ တရားတော်ကြီးနှင့် ပယ်ရှားဖြေဖျောက်၍ ကင်းဝေးနိုင်သလောက် ကင်းကြရလေအောင် သတိပြု ဆင်ခြင်ကြလေ။

ခန္တီဆိုတဲ့ သည်းခံခြင်းခန္တီမင်္ဂလာ တရားတော်ကြီးကို လက်ကိုင်မထား မလေးစားမှုတွေကြောင့် အစိုးရရုံးတော်မှာ-အမှုတွေများတယ်။ ထောင်ကြတဲ့ထောင်သူ ထောင်သားတွေ များတယ်၊ ရိုက်နှက် သတ်ဖြတ်ကြတယ်။ လူတွင်မျှ မကသေးဘဲ၊ တိရစ္ဆာန်သတ္တဝါတွေနှင့် ပစ္စည်းပရိဘောဂတွေကို ပေါက်ခွဲ ဖျက်ဆီးကြတယ်၊ အနိုင်ကျဲကြတယ်၊ လုယက်တိုက်ခိုက်ကြတယ်၊ ဆိုသမျှတို့သည် သည်းခံခြင်းဆိုတဲ့ ခန္တီမင်္ဂလာ တရားတော်ကြီးမရှိလို့ ဟူ၍ မှတ်ကြလေ။

စင်စစ် ဤသို့ဖြစ်ကြရခြင်းသည် လောဘရှေ့သွား မှုကြောင့်ဖြစ်၏။ လောဘကြောင့် ဒေါသဆိုတဲ့ မိုးမမြင် လေမမြင် တရားဆိုးကြီး ဖြစ်ပေါ်လာရ၏။ ဤဒေါသ တရားဆိုးကြီး ဖြစ်ပေါ်မှုကြောင့် ခန္တီမင်္ဂလာ တရားတော်ကြီး ကွယ်ခဲ့ရလေသည်။

လောဘက စီးပွားဥစ္စာ ပေါများခြင်း၊ သူဋ္ဌေးသူကြွယ် ဖြစ်ခြင်း၊ အဖွဲ့အပင်းအသင်းများခြင်း၊ အခြွေအရံတွေ ပေါများခြင်း၊ သူများထက် တန်းမြင့်ခြင် သာခြင်ကြလို့ လောဘကို အားပေးကာ လောဘ၏နောက်သို့ လိုက်ကြကုန်၏။ လောဘ၏နောက်သို့လိုက်ကာ လောဘကြီးကို အားပေးအားမြှောက်မှုကြောင့် မစူးစမ်း မဆင်ခြင်တဲ့ အမေ့ခေါ် သော ဒေါသတရားဆိုးကြီး ဖြစ်ပွားပေါ်ပေါက်ကာ အမွှားမွှား အမှောက်မှောက်နှင့်၊ ကသောက်ကရောက်တွေဖြစ်ကြရ၊ တွေ့ကြုံကြကုန်၏။

ထိုအခါမှာ (ငါ့မွေးတဲ့မျောက်က ငါ့ကိုချောက်တယ်) ဆိုတဲ့ ပေါရာဏပုံတိုလို ကိုယ်မြေတောင် မြှောက်ကာ အားပေးခဲ့သော လောဘ ဒေါသတို့က ကိုယ့်ကိုပြန်ပြီး ကိုယ်ပမ်း၊ စိတ်ပမ်း၊ ဥစ္စာကုန်ခမ်းခြင်းဆိုတဲ့ ဆင်းရဲမှုအမျိုးမျိုးတွေကို ပေးကြပြန်၍၊ ထောင်ဒဏ်၊ ကြိမ်ဒဏ်၊ ငွေဒဏ်၊ လက်စားချေ အတုံ့ပြန် ဒဏ်ဆိုတဲ့ ကိုယ်ရောစိတ်ပါ ဆင်းရဲဒုက္ခတွေ ရောက်ကြရ တွေ့ကြုံ ကြရလေကုန်၏။ ထိုကဲ့သို့ သူတော်ကောင်းဘရား ကင်းလွတ်ပြီး လောဘ၊ ဒေါသတို့၏ နောက်သို့ လိုက်စားကြခြင်းသည် ဝါ- အလိုရမ္မက်ကြီးခြင်း စိတ်ဆိုးဖြစ်မွှားကြခြင်းသည် ဗုဒ္ဓရှင်တော်မြတ် ဟောကြား ဆုံးမတော်မူခဲ့သော ခန္တီမင်္ဂလာ တရားတော်ကြီးကို ဝါ- မင်္ဂလာရှိလှသော အတုံ့မပြန် သည်းခံမှု လမ်းစင်ကို ကျပ်ပြည့်တင်းပြည့်နှင့် လေးလေးပင်ပင်ကြီး တိုက်ဖျက်တော်လှန် နေသည်မည်၏။

ထို့ကြောင့် (သတိရှေ့ ဒေါသနောက်။
ဒေါသရှေ့ ထားက မှားတတ်သည်) ဆိုတဲ့....

ပေါရာဏပုံတိုလို ဒေါသ အမျက်တရားနှင့် ကောဓ အမျက်မှားကို ပယ်ရှားကြဉ်ရှောင်ကာ....

(ခန္တီခန္တီ ပါရမီ ခန္တီတလုံး အမြဲသုံး လူဖုန်းမခံရ) ဆိုသော ရှေးရှေးသော ပညာရှင်ကြီးများ၏ ဩဝါဒ မိန့်ခွန်းတော်စကားကို အမြဲတန်း လိုက်ကိုင်ထား၍ လိုက်စားနေထိုင်ကြရာ၏။

## သောဝစဿတာအရ ပြဆိုခြင်း

သောဝစဿတာဟူသည်။ ရှေးရှုမေတ္တာ၊ ကရုဏာဖြင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ဆုံးမတတ်သူ ဆရာဟူ၏ ဟုဆိုသော(မာဃဒေဝ) စကားအရ အကျိုးကျေးဇူးကို လိုလားကြသော ဆရာမိဘ ပညာရှိ သူတော်သူမြတ်တို့က လောကီရေးရာ နေထိုင် စားသောက်မှု၊ ပေါင်းသင်း ဆက်ဆံမှုမှစ၍ အစစအရာရာတို့၌ ကြီးပွားချမ်းသာဘို့ရာ၊ အောက်တန်းနောက်တန်း မကျ ဘို့ ရာ မေတ္တာ ကရုဏာ တရားရှေ့ထားပြီး၊ ညွှန်ကြားပြသ ဆိုပြောဆုံးမသော စကားကို တကြိမ်တခါမျှဖြင့် ပြောဆို ဆုံးမသည်ကို မဖယ်မငြင်း နာယူနားထောင်ခြင်းသည်။ သောဝစဿတာဟု ခေါ်ဆိုသည်။ထိုသောဝစဿတာကို ခုခေတ်နောင်ပါ နှစ်ဖြာသော လောက၏ တိုးတက်ကြီးပွားကြောင်းဖြစ်၍ သောဝစဿတာ မင်္ဂလာဟူ၍ ခေါ်ဆိုသမုတ်ရလေသည်။ ဤကဲ့သို့ သူတော် သူမြတ် ပညာတတ်တို့က ညွှန်ကြားပြသ ပြောပြဆုံးမတာကို မလိုက်နာသူ၊ မခံမယူသော သူကို လူမိုက်-လူကပ်-မပေါင်းသင်းအပ်သောသူ၊ လူကောက်ဟူ၍ မှတ်ကြပါလေ။

ရဟန်း သံဃာတော်ပိုင်းက ဆိုလျှင် မေတ္တာ ကရုဏာ ရှေ့ထား၍ ဝိနည်းကံ ဒေသနာတော်အတိုင်း သုံးကြိမ် တိုင်အောင် ညွှန်ကြားပြသ ဆိုဆုံးမရမည်။ သုံးကြိမ်တိုင်တိုင် ပြောဆိုဆုံးမ၍ မရသောထိုရဟန်းကို ဒုဗ္ဗစ ရဟန်းဟုခေါ်သည်၊ဆိုဆုံးမ၍ မရနိုင်သော ထိုဗာလ ဒုဗ္ဗစ ရဟန်းမိုက်ကြီးကို သံဃာ စည်းဝေးကာ ကမ္မဝါစာ ရွတ်ဘတ်ပြီးလျှင် ဘုရားသာသနာတော်၏ အပြင်ဘက်သို့ ကြဉ်ထုတ်ပစ်လိုက်ကြ၊ အပေါင်းအသင်း ဆေးဘော်ကြောဘက် မပြုလုပ် ကြလေနှင့်ဟု။ ဗုဒ္ဓရှင်ဘော်မြတ်ကြီးက ဝိနည်းတော် ပိဋကတ်မှာ အမိန့်တော်ဘရပ်ထုတ်မှတ်တော် မူခဲ့ပါသည်။ သို့ပါ၍ အဆိုပါပညာရှင်တို့က မေတ္တာ ကရုဏာတရား ရှေ့ထားပြီး ညွှန်ကြားပြသ ဆိုဆုံးမတာကို စိတ်ကောင်းစိတ်မြတ်ထားပြီး လေးစားစွာဖြင့် ငွေတွေ ရွှေတွေပြည့်နေသော မြေဋ္ဌိမြှုပ်ထားတဲ့ ငွေအိုး-ရွှေအိုးကြီးများကို တူးဖော်၍ ယူချေသော့ဟု ညွှန်ပြလိုက်ဘိသကဲ့သို့ ကောင်းမွန်စွာ နာယူပါလေတဲ့။

> ဩဝါဒ ဒါယကောပန၊ နိဓိအာစိက္ခကောဝိယ ဒဋ္ဌဗ္ဗော။
> ဓမ္မာဒ အဋ္ဌကထာ။ ရာခထေရ ဝတ္ထု။

ပန၊ စိတ်ကောင်းထား၍ မှတ်သား ဘွယ်ရာကား။ ဩဝါဒ ဒါယကော၊ ဆိုပြောညွှန်ပြ ဩဝါဒ ပေး သော သူကို။ နိဓိအာစိက္ခကောဝိယ၊ ငွေပြည့် ရွှေပြည့်သောအိုးကို တူးဖော်၍ ယူကြလော့ဟု ညွှန်ပြလိုက်သကဲ့သို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

(တတ္ထ နိဓိနန္တိ၊ တတ္ထ တတ္ထ နိဓဟိတွာ၊ ထပိတာနံ ဟိရည သုဝဏ္ဏာ ပူရာနံ၊ နိဓိကုမ္ဘာနံ။ ပ။ ကိစ္ဆံ ဂဟေတွာ သုခေန ဇီဝါ

တိ အာဝိကမ္မတာရုံဝိယ။ (ဤပါဠိကား- ဓမ္မပဒပါဠိတော် နိဓိနံဝ ပဝတ္တာရံ ဂါထာ၏အဖွင့် ပါဠိဖြစ်ပေသည်။ ထိုအဖွင့်နှင့် လျော်သော အနက်ကို ပေးလိုက်ရပေသည်။)

## သမဏာနဉ္စဒဿနအရ ပြဆိုခြင်း

သမဏာနဉ္စ ဒဿနံ။ ကိလေသေ သမေန္တီတိ သမဏာ။ ဋီကာ ကိလေသော၊ လောဘအစရှိကုန်သော များပြားလှစွာ ကိလေသာ တို့ကို။ သမေန္တိ၊ အေးငြိမ်းစေတတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ ကြောင့်။ သမဏာ၊ သမဏမည်ကုန်၏။

လောဘ,ဒေါသ အစရှိကုန်သော။ ကိလေသာ အပူဓာတ်တို့ ကို ကင်းပြတ်အေးငြိမ်း စေတတ်သောကြောင့်၊ သမဏမည်၏၊ ရဟန်း မည်ကုန်၏။ တေသံ ပေက္ခနံ ဒဿနံ ပသာဒ စိတ္တေန။ (ဋီကာ)။ တေသံ သမဏာနံ၊ ကိသေသာမှ ငြိမ်းအောင်ပြုတတ် ထိုရဟန်းတော် အရှင်မြတ်တို့အား။ ပသာဒစိတ္တေန၊ ဦးတိုက် ညွတ်တွား ကြည်ညိုသောစိတ်ထားဖြင့်။ ပေက္ခနံ ဒဿနံ၊ ကြည့်ရှု ဖူးမျှော်ခြင်းတည်း။

ထိုသို့လောဘအစရှိသော ကိလေသာတို့ကို ငြိမ်းအေးအောင် ဣန္ဒြေခြောက်ပါး၏ အလိုနိုင်ငံသို့ မလိုက်မပါဘဲ၊ ဣန္ဒြေတို့က မိမိ အလိုသို့သာ လိုက်ပါရလေအောင် ပြုကျင့်အားထုတ်၍ ဣန္ဒြေ စောင့်စည်းသော ဣန္ဒြေငြိမ်သက်သောသူကို (သန္တိန္ဒြိယ)။ ဣန္ဒြေ ကောင်းသူ၊ ဣန္ဒြေရသူ၊ ဣ န္ဒြေငြိမ်သက်သောသူဟူ၍ ခေါ်ဆိုလေ သည်။ ကိလေသာတို့ကို ငြိမ်းအေး စေတတ်သော ဣန္ဒြေရှိခြင်း ကြောင့်လဲ သမဏိန္ဒြေဟူ၍ ခေါ်ဆိုရလေသည်။

ထိုကဲ့သို့ နေထိုင်ဝတ်စားမှု၊ သွားလာပြောဆိုမှု စသည်တို့၌-ဝိနည်းတော်နှင့်ညီညီ ဘုရားရှင်သားတော်ပီပီ တည်တည် ကြည်ကြည်၊ ငြိမ်ငြိမ်သက်သက် ပီပီပြားပြား၊ ဝိနည်းစည်းကမ်းအတိုင်း သေချာပီပြားစွာ နေထိုင်တော်မူကြကုန်သော ရဟန်းတော်များကိုသာ သံယောဇဉ်စွဲ ပုဂ္ဂိုလ်စွဲ ပယ်ခွါပြီး တကယ် သဒ္ဓါဖြင့် ကြည်လင်ရိုသေစွာ ဖူးမျှော်ကန်တော့ခြင်း၊ ဦးတိုက် ဝတ်ချခြင်းသည် သမဏာနဉ္စ ဒဿန မင်္ဂလာမည်၏။ ထိုကဲ့သို့ ဣန္ဒြေရှိရှိ အနေအထိုင်ပီပီ ရဟန်းတော်များကို ဖူးမြင်ခြင်းသာ မကသေးဘဲ....

၁။ ဆည်းကပ်ခြင်း။
၂။ လုပ်ကျွေးပြုစုခြင်း။
၃။ အောက်မေ့မျှော်မှန်းခြင်း။
၄။ နာယူထောင်နာယူခြင်း။

၁။ သီလဝန္တ ပညာဝန္တ သိက္ခာကာမ ကာရုည တရားရှိတော်မူကြသော ရဟန်းတော် အရှင်မြတ်တို့ကို ဆည်းကပ်ရခြင်းကြောင့် ထိုပုဂ္ဂိုလ်များ အထံတော်မှ ပစ္စုပ္ပန် သံသရာ နှစ်ဖြာကြီးပွားကြောင်း အဆုံးအမ တရားကောင်းတို့ကို ရကြသဖြင့် မင်္ဂလာမည်၏။

၂။ ထိုရဟန်းတော်မြတ်တို့ကို ဆွမ်းကွမ်းဘောဇဉ်ဖြင့် လုပ်ကျွေးပြုစုခြင်း၊ ထိုရဟန်းတော်တို့၏ အလုပ် ကိစ္စဝတ္တရားတို့ကို ပြုလုပ်ပေးခြင်းတို့ကြောင့် ကုသိုလ်ပွား၍ မင်္ဂလာမည်၏။

၃။ မိမိတို့ ကြည်ညိုပြုစုနေကြသော ရဟန်းတော်တို့၏ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်စသော ဂုဏ်ကျေးဇူးများကို တွေး

တော စဉ်းစားမိသောအခါမှာ အလွန်တရာ သဒ္ဓါကြည်ညို စွာဖြင့် ဝမ်းမြောက်ဝမ်းသာ မိတတ်၏။ ဤကဲ့သို့ ဝမ်းသာ အောက်မေ့ခြင်းသည်လည်း မင်္ဂလာမည်၏။

၄။ ဘယ်ပုဂ္ဂိုလ်ဟာ ဘယ်လို ကျင့်ကြံနေထိုင်တော် မူသည်။ ဘယ်လို ဈာန်မဂ်ရှိသည်၊ သိက္ခာရှိသည်၊ အကျင့်ကောင်းသည် လို့ စသောအားဖြင့် ကြားရရုံ အကြားသုတဖြင့်ပင် ကြည်ညို မိတတ်၏။ ကြည်ညိုသိုသော စိတ်ဆန္ဒများ ဖြစ်ပွားတတ်၏။

ဤကဲ့သို့ ကြားရုံမျှဖြင့် ကြည်ညိုရခြင်း သည်လည်း ကုသိုလ် တရား တိုးပွား၍ မင်္ဂလာမည်၏။ (အဋ္ဌကထာအလို)

ပရိတ္တဂဏ္ဌိဆရာအလိုအားဖြင့် အနုတ္တရိယတရား ခြောက်ပါး တို့တွင် တပါးပါးသော်၎င်း၊ အလုံးစုံသော်၎င်း၊ ရရှိပါလျှင် တင့်တယ်ခြင်းနှင့် ယှဉ်သော ဒဿနာ အားဖြင့်။ ဒဿနကို အကြောင်းပြု၍ ရရှိခြင်းကြောင့် သမဏာနဉ္စ ဒဿန မင်္ဂလာတွင် ထည့်သွင်း ရေတွက်၍ ပြသည်။ (ပရိတ္တဂဏ္ဌိ။ ၅၉-နံပါတ်)။

## အနုတ္တရိယတရား ခြောက်ပါး

၁။ ဒဿနာနုတ္တရိယ=အမြင် မြတ်မှု။
၂။ သဝနာနုတ္တရိယ=အကြားမြတ်မှု။
၃။ လာဘာနုတ္တရိယ=အရမြတ်မှု။
၄။ သိက္ခာနုတ္တရိယ=အဘတ်မြတ်မှု။
၅။ ပါရိစရိယာနုတ္တရိယ=အလုပ်အကျွေးမြတ်မှု။
၆။ အနုဿာနုတ္တရိယ=သတိရမှု အမြတ်။

ပေါင်းခြောက်ပါးတည်း။

### ၁။ ဒဿနာ နုတ္တရိယ

မင်္ဂလာရှိသော ဆင်ရတနာ, မြင်းရတနာ ပတ္တမြားစသော ကျောက်မြက် ရတနာများကို မြင်ရာ၌ အမြင်ကောင်း,အမြင်မြတ် မဟုတ် မင်္ဂလာမဟုတ်ပေ။ ဘုရား ရဟန္တာ သံဃာတော်နှင့် စာသိုက်၊ အသုဘနိမိတ် စသည်တို့တွင် တပါးပါးကို အမြင်မှန် ဉာဏ်နှင့် မြင်ရပါမှ (ဒဿနာ နုတ္တရိယ) အမြင်ကောင်း အမြင် မြတ်ဟု ခေါ်သည်။ တန်ဘိုးရှိသည်။ မင်္ဂလာရှိသည်။

### ၂။ သဝနာ နုတ္တရိယ

မင်းစိုးရာဇာတို့၏ စကားများကို တနည်း နိုင်ငံရေး စကား များကို ကြားရာ၌ ကိုယ့်အတွက် ကိုယ့်အရေး မဟုတ် ကိုယ်နှင့် လည်း မဆိုင်မစပ်သောကြောင့် အကြားအမြတ်ဟု မဆိုရပေ။ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးများကို ကြားရပါမှကား(သဝနာ နုတ္တရိယ)ကိုယ့်အတွက် ကျေးဇူးတရား ကြီးမားလှပါ၍ အကြား မှန် အကြားမြတ် တန်ဘိုးရှိသည် မင်္ဂလာရှိသည်။

### ၃။ လာဘာနုတ္တရိယ

ပတ္တမြားစသော ရတနာတို့ကို ရခြင်းသည် ကောင်းသော ရခြင်းမဟုတ်၊ မနာခိ သောကဝဆုနိတဲ့ လက်စွပ်တကွင်း နား ဂတ်တရံ ဆွဲကြိုးဘကုန်းစသော တမယ်မယ်သော ပစ္စည်းဝတ္ထု များကိုရရှိပါမှု ရသောအခါမှစ၍ ပြောက်ရှမှာ ခိုးယူမှာ လုယက် မှာဆိုတဲ့ ကြောက်စိတ် လန့်စိတ် သောကတွေဟာ ဤပစ္စည်းတွေ ကိုယ့်ထံမှာ ပိုင်ဆိုင်ရှိနေသမျှကာလပတ်လုံး ပူပန်စိုးရိမ်နေရသော ကြောင့် အရကောင်းမဟုတ်ပေ။

၁။ သဒ္ဓါ=ကံနှင့် ကံ၏အကျိုးကို ယုံကြည်ခြင်း။
၂။ သီလ=ကောင်းမြတ်သော အလေ့အကျင့်။
၃။ ဟိရီ=အကုသိုလ်ပြုလုပ်မှုမှ ရှက်ခြင်း။
၄။ ဩတ္တပ္ပ=အကုသိုလ်ပြုလုပ်ခြင်းမှ ကြောက်ခြင်း။
၅။ သုတ=လောကနှစ်ပါးအတွက်အကြားအမြင်ရှိခြင်း
၆။ စာဂ=စွန့်ကြဲပေးကမ်း ဝေချမ်းမျှတခြင်း။
၇။ ပညာ=အရာဌာန အားလျော်စွာ အမြင်မှန်ဉာဏ်။

ဤသူတော်ကောင်းဥစ္စာ ခုနစ်ပါးရမှသာလျှင် မိမိ၏အတွက် (လာဘာနုတ္တရိယ)အရတော်,အရမှန်,အရမြတ်ဖြစ်ပါ၍ တန်ဘိုးရှိသည် မင်္ဂလာရှိသည်။

## ၄။ သိက္ခာနုတ္တရိယ

ဆင်စီး,မြင်းစီး လှံထိုး,ဒါးခုတ်,စသော အတတ်တို့ကို တတ်မြောက်ခြင်းသည် အတတ်ကောင်း အတတ်မြတ်ဟု မဆိုရပေ၊ မိမိ၏အတွက်လဲ အစစ်အမှန်မဟုတ်ပေ၊အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာ ဤသိက္ခာသုံးပါးအပေါင်းကို တတ်မှ ဖြည့်ကျင့်မှ ရမှသာလျှင် (သိက္ခာနုတ္တရိယ) အတတ်ကောင်း အတတ်မှန်ဖြစ်၍ တန်ဘိုးရှိသည်၊ မင်္ဂလာရှိသည်။

## ၅။ ပါရိစရိယာနုတ္တရိယ

မင်းစိုးရာဇာစသော အထက်တန်းစား ပုဂ္ဂိုလ်တို့၏ အထံမှာ လုပ်ကျွေးပြုစုရခြင်းသည် လုပ်ကျွေးပြုစုရသည်မမည်ပေ။ ရတနာသုံးပါးကို လုပ်ကျွေးပြုစုခြင်းသည်သာ (ပါရိစရိယာနုတ္တရိယ)

မိမိအတွက် အလုပ်အကြွေးကောင်း အလုပ်အကြွေးမြတ် ဖြစ်၍ တန်ဘိုးရှိသည် မင်္ဂလာရှိသည်။

## ၆။ အနုဿတာနုတ္တရိယ

မင်းစိုးရာဇာစသောသူတို့၏ ဂုဏ်ကျေးဇူးများကို အောက်မေ့သတိရမှုတို့ကို မဆိုပေ၊ သုံးပါးသော ရတနာတော်တို့၏ ဂုဏ်တော် ကျေးဇူးတော်များကို အောက်မေ့မှု သတိရမှုများသာ မိမိအတွက် အရဟတ္တဖိုလ်တိုင်အောင် ရောက်နိုင်ပါ၍ (အနုဿာတာ နုတ္တရိယ) အောက်မေ့မှုအတွက် မြတ်သည် တန်ဘိုးရှိသည် မင်္ဂလာရှိသည်။ ဤကား အကျဉ်းမျှသာတည်း။

(အနုတ္တရိယတရား ခြောက်ပါး အကြောင်း အကျယ်ကို ကြည့်ရှုလိုပါမူ သုတ်ပါထေယျအဋ္ဌကထာ သင်္ဂီတိ သုတ္တဝဏ္ဏနာ (၁၉၂) အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ကေပုဂ္ဂလဝဏ္ဏနာ (၈၄-၈၅) ဆက္ကင်္ဂုတ္တရ ပါဠိတော် (၂၈၆)မှာ ကြည့်ရှုပါလေ)။

ဤသမဏာနဥ္စ ဒဿန မင်္ဂလာအရ ကိလေသာတို့ကို လုံးဝမကင်းရှင်း မအေးငြိမ်းသေးသော်လဲ အေးငြိမ်း ကင်းရှင်းရလေအောင် တစိတ်တဒေသအားဖြင့် ကျင့်ကြံအားထုတ်နေတော်မူကြသော အားထုတ်ဆဲ ပုဂ္ဂိုလ်တို့သည်လည်း သမဏ အမည်ရကြပါ၍ ဒဿန၊ ဖူးမြော်ကြည့်ရှု ကြည်ညိုမှုကြောင့်။ မင်္ဂလံ- ပစ္စုပ္ပန် တမလွန် နှစ်တန်ကြီးပွားနိုင်ကြောင်း ဖြစ်ပါသည်။

ရဟန်းတော်မြတ်တို့ကို ကြည်ညိုကြည့်ရှု ဆည်းကပ်မှုကြောင့် များပြားလှစွာသော အကျိုးကျေးဇူးရှိပါသည်။ ထို့ကြောင့် ဗောဇ္ဈင်္ဂသံယုတ် အဋ္ဌကထာ ပဗ္ဗတဝဂ်-(၁၇၅)။

အရိယာနံ ဟိ ပဿနေ္နဟိ စက္ခုဟိ
သြဲ့လောကနမ္ပိ ဗဟူပကာရမေဝ။ ။

အဓိပ္ပါယ်မှာ ရဟန်းသံဃာ အရိယာ သမဏတို့အား ကြည်ညိုသောမျက်စိဖြင့် ဖူးမျှော်ကြည့်ရှုရခြင်းသည်လည်း၊ များပြားစွာသော အကျိုးကျေးဇူးရှိသည်ဟု လာရှိပါသည်။

သာဓုဟုဒဿနမရိယာနံ
သန္နိဝါသော သဒါသုခေါ } ဓမ္မပဒပါဠိတော်သုခဝဂ်-၃၀၄။

အရိယာနံ၊ ကိလေသာပယ်သတ် ရဟန်းတော်မြတ်တို့ကို။ ဒဿနံ၊ ကြည်ညိုဝပ်စင်း ဖူးမြင်ရခြင်းသည်။ သာဓု-သာဓု၊ ကောင်းလေစွတကား။ သန္နိဝါသော၊ ရဟန်းတော်တို့နှင့် အတူနေရခြင်းသည်။ သုခေါ၊ ပညာသုဘ ကုသိုလ်တွေရ၍ ချမ်းသာလှပါပေသည်တကား။

သန္နိဝါသောတိ နကေဝလံ၊ ဒဿနမေဝ၊ ဘေနသဒ္ဓိံ ဧကဌာနေ၊ နိသီဒနာဘာဝေ ပိ။ တေသံ ဝတ္တပဋိဝတ္တံကာတုံ လာဘနဘာဝေ ပိ သာဓုခယဝ။ (ဓမ္မာဒအဋ္ဌကထာ သက္ကပဥှာနဝတ္ထု သုခဝဂ်(၃၀၄)။

ရဟန်းကောင်း ရဟန်းမြတ်တို့ကို ဖူးမြင်ရုံမျှ မကသေးဘဲ ထိုရဟန်းကောင်း ရဟန်းမြတ်တို့နှင့် တလှေထဲစီး တခရီးထဲသွား တဌာန တနေရာထဲ၌ နေထိုင်မှု ရကြသဖြင့်လည်း၊ ထိုပုဂ္ဂိုလ်တို့၏ ဝတ်ကြီးဝတ်ငယ် ပြုစုစီမံဘွယ် ကိစ္စဘို့ကို ပြုလုပ်ပူဇော်မှု ရကြသဖြင့် ကောင်းမြတ်ကြီးပွားကြောင်း မင်္ဂလာပင်တည်း။

(ဤကား အကျဉ်းမျှသာတည်း။ အကျယ်ကိုမူ မင်္ဂလာပါရဂူကျမ်းသို့ရောက်မှဘဲ ရှင်းလင်းရေးသားပေတော့မည်။ ထိုမင်္ဂလာ

ပါရဂူကျမ်း၌ သမုတိသမဏနှင့် ပရမတ္ထသမဏတို့ကို တိကျစွာ ဝေဘန်ပြမည်။)

## ကာလေန ဓမ္မသာကစ္ဆာအရ ပြဆိုခြင်း

ကာလေန ဓမ္မသာကစ္ဆာ၊ အားလပ်ခွင့်သာ၍ သင့်လျော် လျောက်ပတ်သောအခါ၌ တရားတော်တို့ကို ဆွေးနွေးမေးမြန်း စုံစမ်းဝေဘန်ခြင်းသည် ကာလေန ဓမ္မသာကစ္ဆာမင်္ဂလာမည်၏။

တရားတော် ဆွေးနွေးဘို့ရာ အခါကို အဌကထာ၌ ညဉ့်ဦးနှင့် နံနက်စောစောအချိန်မှာဟု ပြဆိုပြီး၍ တဖန် စိတ်၏ဆုတ်နစ်ပြန့် လွင့်သော အခါ စိတ်ပူပန်သောအခါမှာ တရားတော်ဆွေးနွေးဘို့ ပြပြန်သည်။ ကိုယ်ရောသူပါ တရားတော်ကို ဝါသနာပါသူတိုင်း လိုက်စားသူခြင်း ပေါင်းသင်းတွေ့ဆုံကြသောအခါမှာ ပူပန်စိတ် များ ယုံမှားစိတ်များကို ပယ်ဖျောက်ရှင်းလင်းစေရန် တရားတော် ၏ အဆီအနှစ်ကို စားသုံးရှာမှီးလိုသူတို့ လာရောက် တွေ့ကာ တရားတော်တို့ကို ဆွေးနွေးမေးမြန်း စုံစမ်းဝေဘန်လျက် တရား တော်၌ မွေ့လျော်ပျော်ပိုက်ကာနေခြင်းသည် အမြတ်တန်းစား ဓမ္မသာကစ္ဆာ မင်္ဂလာမည်၏။

သို့သော် သူမှန်, ငါမှန်, သူတတ်, ငါတတ်၊ သူ့ဟာကဟုတ်, ငါ့ဟာကဟုတ်ဆိုသည့် သဘောမျိုးတွေနဲ့ ဖျာပုတ်-ကြမ်းပုတ် ကိုယ်လုပ်ခေါင်းခါ ဒေါသတွေမပါကြစေနှင့် မငြင်းကြလေနှင့်။

ထိုကဲ့သို့သော အငြင်းအပြောမျိုးကို ဘုရားကိုယ်တော်မြတ် ကြီးက ဝိဝါဒံ ဘယတောဒိသွာတဲ့. အရှုံးမပေး သည်းမခံ ငြင်းခုံ မှုကြောင့် ဘေးဥပါဒ်မြင်ရမယ်တဲ့။

## သုတ္တနိပါတ် အဋ္ဌကထာလာ ဓမ္မသာကစ္ဆာမင်္ဂလာ

ပဒေါသေဝါ ပစ္စူသေဝါ ဒွေသုတ္တန္တိကာ ဘိက္ခူ အညမညဿ သုတ္တန္တံ သာကစ္ဆန္တိ၊ ဝိနယဓရာ ဝိနယံ၊ အာဘိဓမ္မိကာ အဘိဓမ္မံ၊ ဇာတကာ ဇာတကံ၊ အဋ္ဌကထိကာ အဋ္ဌကထံ သာကစ္ဆန္တိ၊ အယံဓမ္မ သာကစ္ဆာနာမ။

ပဒေါသေဝါ၊ ညဉ့်ဦးယာမ်၌ဖြင်း။ ပစ္စူသေဝါ၊ မိုးသောက်ထနိုး လင်းအားကြီးအခါ၌ဖြင်း။ ဒွေ၊ နှစ်ပါးကုန်သော။ သုတ္တန္တိကာ၊ သုတ္တံကိုဆောင်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အညမညဿ၊ အချင်းချင်း၏။ သုတ္တန္တံ၊ သုတ္တန်ကို။ သာကစ္ဆန္တိ၊ ဆွေးနွေးမေးမြန်းကြကုန်၏၊ ဝိနယဓရာ၊ ဝိနည်းဆောင်ပုဂ္ဂိုလ်တို့သည်။ ဝိနယံ၊ ဝိနည်းတော်ကို။ သာကစ္ဆန္တိ၊ ဆွေးနွေးမေးမြန်းကြကုန်၏။ အာဘိဓမ္မိကာ၊ အဘိဓမ္မာဆောင်ပုဂ္ဂိုလ်တို့သည်။ အဘိဓမ္မံ၊ အဘိဓမ္မာကို။ သာကစ္ဆန္တိ၊ ဆွေးနွေး မေးမြန်းကြကုန်၏။ ဇာတကာ၊ ဇာတ်ကိုဆောင်သော ပုဂ္ဂိုလ်တို့သည်။ ဇာတကံ၊ ဇာတ်တော်ကို။ သာကစ္ဆန္တိ၊ ဆွေးနွေးမေးမြန်းကြကုန်၏။ အဋ္ဌကထိကာ၊ အဋ္ဌကထာကို ဆောင်သောပုဂ္ဂိုလ်တို့သည်။ အဋ္ဌကထံ၊ အဋ္ဌကထာကို။ သာကစ္ဆန္တိ၊ ဆွေးနွေးမေးမြန်းကြကုန်၏၊ အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ ကာလေနဓမ္မသာကစ္ဆာနာမ၊ ကာလေန ဓမ္မသာကစ္ဆာမည်၏။ ဝါ- လျောက်ပတ်သောအခါ၌ တရားတော်တို့ကို။ ဆွေးနွေးသည်မည်၏။

အဓိပ္ပါယ်မှာ

ဘုရားသားတော် တပည့်သာဝကတို့တွင်-

သုတ္တန်ဆောင်=သုတ္တန်ဆောင်အချင်းချင်း။

ဝိနည်းတော်ဆောင်=ဝိနည်းတော်ဆောင်အချင်းချင်း။
အဘိဓမ္မာဆောင်=အဘိဓမ္မာဆောင်အချင်းချင်း။
ဇာတ်တော်ဆောင်=ဇာတ်တော်ဆောင်အချင်းချင်း။
အဋ္ဌကထာဆောင်=အဋ္ဌကထာဆောင်အချင်းချင်း။

ဆွေးနွေးမေးမြန်းကြကုန်၏၊ ဤသို့ ကိုယ်မေး သူဖြေ၊ သူမေး ကိုယ်ဖြေ၊ အပြန်အလှန် အမေးအဖြေ ဝေဘန်စဉ်းစားမှုများ ပြုလုပ်မှုကို ဓမ္မသာကစ္ဆာ မင်္ဂလာဟုခေါ်သည်။

## ဝိသေသမှတ်သားဘွယ်

ငါတို့၏ ဘုရား အလောင်း တော်သည် ဘုရား မဖြစ်သေးမီ ပွင့်လူဆဲဆဲမှာ အာဠာရရသေ့၏အထံ၌ အဘိညာဉ်သမာပတ်တို့၏အကြောင်းကို ဆွေးနွေးမေးမြန်းပြီးခါ ထိုအဘိညာဉ် သမာပတ်တို့ကို ဖြစ်စေရစေပြီးသော်၊ နေဝသညာ နာသညာ သမာပတ်ကို ဆွေးနွေးမေးမြန်းလေရာ အာဠာရရသေ့က အကျွန်ုပ် မသိပါဟု ပြောလေ၏။ ထို့နောက် ဥဒကရသေ့၏အထံသို့သွား၍ မိမိရရှိခဲ့သော တရားထူးကို ဆွေးနွေးမေးမြန်းပြီးလျှင် အာဠာရ ရသေ့အား မေးခဲ့သော ပုစ္ဆာကိုပင် ဥဒကရသေ့ကို မေးမြန်းရာ ဥဒကရသေ့က အကျွန်ုပ်သိပါသည်ဟု ပြောပြလေရာ ထိုစကား၏ အခြားမဲ့၌ပင်လျှင် အလောင်းတော်သည် ထိုစျာန်တရားကို ပြီးစီးပြည့်စုံစေ၏။

**တဿ ဝစန သမနန္တရမေဝ မဟာသတ္တော။**
**တံဈာနံ သမ္ပာဒေတိ။**

တဿ၊ ထိုဥဒကရသေ့၏။ ဝစနသမနန္တရမေဝ၊ ပြောသော စကား၏ အခြားမဲ့၌ပင်လျှင်။ တံဈာနံ၊ ထိုစျာန်တရားကို။ သမ္ပာ

ဒေတိ၊ ပြီးစီးပြည့်စုံစေ၏။ (သုတ်ပါထေယျအဋ္ဌကထာ သမ္မသာဒနိယ သုတ္တဝဏ္ဏနာ (၇၂)နံပါတ်မှာ

ထို့ကြောင့် ပွင့်လူဆဲဆဲဖြစ်တော်မူသော အလောင်းတော်မြတ်ကြီးသည်။ ယထာဘူတ၊ သဘာဝဓမ္မများကို ဆွေးနွေးမေးမြန်း သာကစ္ဆာဆိုတဲ့ ဝေဘန်ခဏ်း ဖွင့်တော်မူပါသည်။ ယခုအခါမှာလဲ ရုပ်ဓမ္မ နာမ်ဓမ္မ ပရမတ္ထ သဘာဝများကို ဆွေးနွေးမေးမြန်း စုံစမ်းဝေဘန် နှီးနှောပြောဆိုကြခြင်းသည် လွန်မင်းစွာ တန်ဘိုးရှိပါသည်၊ မင်္ဂလာရှိပါသည် ဆွေးနွေးမေးမြန်းလိုက်စားကြပါလေ။

ယခုသာသနာတော်မှာ အကျွတ်တရား မရစေကာမူ နောက်နောင် ဘုရားရှင်တို့၏ လက်ထက်တော် သာသနာတော်မှာ ကျောက်ကောင်း မှို့ကောင်း, မီးဂတ်ကောင်းကဲ့သို့ တကြိမ်တခါ တဂါထာ တပါဒမျှ ကြားနာရရုံမျှဖြင့် စွဲနိုင်, ရနိုင်, လျှင်မြန်နိုင်ပါသည်။

ယခုတော်လှန်ရေးအစိုးရ၏လက်ထက်မှာ နှီးနှောဖလှယ်ပွဲတွေ ပြုလုပ်ခြင်းသည် ပြည်သူပြည်သားတို့အတွက် များစွာပွင့်လင်း၍ တန်ဘိုးရှိပါသည်။ အသိဉာဏ်တိုးတက်မှု ရပါသည်။

### တိုတိုကျဉ်းကျဉ်း လိုရင်းကတော့

လောကီရေးကိုဆွေးနွေးပွဲကျင်းပပြုလုပ်ပါမူလောကီအတွက် များများကြီးအကျိုးရှိမည်။

လောကုတ္တရာရေးကို ဆွေးနွေးပွဲကျင်းပပြုလုပ်ပါမူ လောကုတ္တရာအတွက် များများကြီး အကျိုးရှိမည်။

(အကျိုးနှစ်ဖြာ လိုလားပါမူ သင့်ရာကာလ ဆွေးနွေးကြလော့)

*လောကီအကျိုးနဲ့ လောကုတ္တရာအကျိုး။

၈၂။ တပေါစ ဗြဟ္မစရိယဉ္စ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာန သစ္ဆိကိရိယာစ ဧတံ မင်္ဂလမုတ္တမံ။

ဒေဝပုတ္တာ နတ်သား။

၁။ တပေါစ၊ယုတ်မာငြစ်လှ အစမွေကို တစမကျန် ပူပန်စေတတ် ဝိရိယတည်းဟူသော တပခေါ် အပ် အကျင့်မြတ် သည်၎င်း။

၂။ ဗြဟ္မစရိယဉ္စ၊ မေထုန်ပယ်လွှင့် ကောင်းမြတ်သော ဗြဟ္မစရိယ အကျင့်သည်၎င်း။

၃။ အရိယသစ္စာနံ၊ အရိယသစ္စာတို့ကို။ ဒဿနဉ္စ၊ သိမြင်ရခြင်း သည်၎င်း။

၄။ နိဗ္ဗာန သစ္ဆိကိရိယာစ၊ အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက် ပြုရခြင်းသည်၎င်း။ အတ္ထိ ရှိ၏။

ဧတံ၊ဤ၄ပါးတရားလေးပါးသည်။ ဥတ္တမံ မင်္ဂလံ၊ ကျင့်သူအပေါင်း မြင့်မြတ်ကြီးပွားကြောင်း မင်္ဂလာမည်၏။

## တပေါအရ ပြဆိုခြင်း

တပေါစ။ ပါပကေ ဓမ္မေ တာပေတီတိ တပေါ။ ပါပကေ ဓမ္မေ၊ ယုတ်မာငြစ်ကြူ မကောင်းသောတရားအစုတို့ကို။ တာပေတိ၊ လောင်ကြွမ်းပူပန်စေတတ်၏။ ဣတိ၊ ထို့ကြောင့်။ တပေါ၊ တပမည်၏။ (ဋီကာ)

လောက၌ ဖျာစုတ်,စက်ကူစုတ်,အဝတ်စုတ် စသော စုတ်ပြတ် ညစ်နွမ်းသော အမြင်မတော် ရှုတ်ထွေး ညစ်ပေလှသော အမှိုက် သရိုက်တွေကိုကားများ လှည်းများ တောင်းများဖြင့် တင်ဆောင်

သယ်ပိုးကာ မြို့ပြင့်ရွာပြင်သို့ ထုတ်ပြီး မီးရှို့ ဖျက်ဆီးကာ ပြစ်လိုက်သကဲ့သို့ ထို့အတူအရာရာ၌အမှိုက်ပမာအလွန်တရာရှုတ်ထွေးညစ်ညူးလှသော အကုသိုလ် ပါပဓမ္မတို့ကို သတိဝီရိယ တရားတို့ဖြင့် ကုန်ခန်းခြောက်သွေ့စေတတ်သော အကျင့်မြတ်ကို တပေါ မင်္ဂလာ တပေါတရားဟု ခေါ်သည်။

တပေါစကို တတ်ပေါစဟု ရွတ်ဘတ်တတ်၏။ တ,သတ်သံ ပ,သတ်သံ မပါစေနှင့် သတိပြု၍ရွတ်။

တပအရ အ ကျင့် အ မျိုးမျိုး ကိုပင် "တပ"ဟု ဆိုနိုင်သော်လည်း ဤ၌ ဒုက္ကရစရိယ အကျင့်မှတပါး ကိလေသာကို ငြိမ်းစေနိုင်သော အကျင့်ဟူသမျှကို တပ အရ ယူသင့်၏ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုသည်။

စက္ခုစသော ဒွါရခြောက်ပါး တံခါး ခြောက် ပေါက် မှ-အဘိဇ္ဈာဒေါမနဿ စသည် မဖြစ်ရအောင် သတိသမ္ပဇဉ် တရားဖြင့် ကာကွယ်တားဆီးကာ စောင့်စည်းချုပ်တည်းမှုကို (ဣန္ဒြိယသံဝရ) ဣန္ဒြေတို့ကိုစောင့်စည်းခြင်းဟု ခေါ်ဆိုရပေမည်။

စက္ခုစသား ခြောက်ပါးသော ဣန္ဒြေတို့ကို လုံခြုံအောင်စောင့်စည်း ထိန်းသိမ်းနိုင်သော ပုဂ္ဂိုလ်သည် တပ မင်္ဂလာနှင့် ပြည့်စုံသူမည်ပေ၏။ (၄)

ဝီရိယဆိုသည်မှာ အလွန်အကြူး အထူးအားဖြင့် ကြိုးစားအားထုတ်မှုမျိုးသည် "တပမင်္ဂလာ"အရ ခေါ်ဆို နိုင်ကြောင်း အဋ္ဌကထာဆရာ ဖွင့်ဆို၏။ (၄)

(သုတ္တနိပါတ် အဋ္ဌကထာ၌ ၂-မျိုး ဖွင့်ဆို၏)

## ကျက်မှတ်ရန်

ဒွါရခြောက်ပါး၊ ခြောက်တံခါး၌၊ ခြောက်ပါးအာရုံ၊ ထင်လာကုန်မူ၊ အဘိဇ္ဈာနှင့်၊ ဒေါမနဿ၊ စသည်ညစ်ကြုံ၊ မကောင်းမှုတို့၊ မဖြစ်စေရန်၊ ကြိမ်ဖန်များဘိ၊ သတိသမ္ပဇဉ်၊ မပြတ်ယှဉ်က၊ ဣန္ဒြိယသံဝရ၊ မည်ရထင်ရှား၊ အကျင့်များနှင့်၊ အားပါးတကုတ်၊ လွန်အားထုတ်လပ်၊ အကျင့်မြတ်မှာ၊ မင်္ဂလာတပ အမည်ရ၏။

ဒွါရခြောက်ပါး တံခါးခြောက်ပေါက်၌ ထင်လာတွေ့ကြုံ ခြောက်အာရုံတို့သည် အတွင်းစိတ်ကို အမျိုးမျိုး အဖုံဖုံဖြစ်အောင် အရိပ်အရောင် ပြရုံမျှသာ ဖြစ်ကြကုန်၏။ ဤ ဌ- အ နိ ဌ ခေါ် သော ကောင်းဆိုးနှစ်တန် အပြင်အာရုံ မှန်သမျှတို့နှင့် တွေ့ကြုံတိုက်ဆိုင်ရာဝယ် မိမိ၏ အတွင်းစိတ် ကောင်းမှန်အောင် သတိသမ္ပဇဉ် တရားဖြင့် ထိန်းချုပ်ပေးရမည်။ ယောနိသော မနသိကာရခေါ် သင့်တင့်အောင် နှလုံးသွင်းမှုရှိမှသာ အဘိဇ္ဈာဒေါမနဿ စသော အကုသိုလ်တရားများ မဖြစ်ပွားနိုင်မည် ဖြစ်၏။ သတိရှိရန် လွန်စွာပင် အရေးကြီးလှပေသည်။ ထို့ကြောင့် ဘုရားရှင်ကလည်း— "သတိဉ္စ ခွါဟံဘိက္ခဝေ သဗ္ဗတ္ထိကံ ဝ ဒါ မိ" ရဟန်းတို့ သတိကို အရာရာ၌ လေကီလောကုတ် မယုတ်တိုးပွား အကျိုးများ၏ဟူ၍ ဟောတော်မူ၏။

ဤကို ထောက်ဆ၍ သတိသည် အရာရာ၌ အရေးပါ အရာရောက်လှကြောင်း သိရပေသည်။ စက္ခုန္ဒြေ စသည်တို့ကို သတိသမ္ပဇဉ် အမြဲယှဉ်က ယောနိသော မနသိကာရဖြစ်အောင် နှလုံးသွင်းရာ၏။ သင့်တင့်အောင် နှလုံးသွင်းမှု မရှိခဲ့လျှင် အဘိဇ္ဈာဒေါမနဿစသော အကုသိုလ်တရားစုတို့ တိုးပွားနိုင်ပေသည်။

ဣမေ မဟာရာဇ ဘိက္ခု ဘိစက္ခုနာ ရူပံ ဒိသွာ နနိ မိတ္တဂ္ဂါဟီ ဟောတိ၊ နာနူဗျဉ္ဇနဂ္ဂါဟီ။ ယတွာဓိကရဏမေနံ စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝေယျုံ။ သောတိန္ဒြေ စသည်တို့နည်းတူမှတ် (သာမညဖလသုတ် ပါဠိတော်=၇၅) ရှု။

## ဒွါရခြောက်ပါး တံခါးခြောက်ပေါက်

လောက၌ လူတို့၏ ထွက်ဝင်သွားလာရာအရပ်ကို ဒွါရ၊တံခါး ဟုခေါ်သကဲ့သို့ စိတ်စေတသိက်တရားတို့၏ ထွက်ဝင်သွားလာရာ ဖြစ်သောကြောင့် စက္ခု,သောတ,ဃာန, ဇိဝှာ, ကာယ,မန တို့ကို ဒွါရခြောက်ပါး တံခါးခြောက်ပေါက် ဟု ခေါ်ဆိုရသည်။ (မျက်စိ,နား,နှာ,လျှာ, ကိုယ်,စိတ် ဤ ၆-ပါးတို့ ပင်တည်း)။

## ခြောက်ပါး အာရုံ

စိတ်၏ မွေ့လျော်ရာ ဖြစ်သောကြောင့် အာရမ္မဏ၊ အာရုံဟု ခေါ်ရသည်။ မည်သည့်စိတ်မဆို အာရုံနှင့်ကင်း၍ မဖြစ်နိုင်၊အာရုံ ရှိမှသာ စိတ်ဖြစ်နိုင်သည်။ထို့ကြောင့် အာရုံဟူသမျှသည် စိတ်၏ မွေ့လျော်ရာဖြစ်၏။

ရူပ-သဒ္ဒ ဂန္ဓ-ရသ-ဖောဋ္ဌဗ္ဗ- ဓမ္မဟု အာရုံ ၆-ပါး ရှိသည်။ အဆင်း-အသံ-အနံ့-အရသာ- အတွေ့ဟူသမျှနှင့် ရုပ်အချို့ စိတ်စေတသိက် နိဗ္ဗာန်ပညတ်တို့ ပင်တည်း။

ကောက်ပင် သစ်ခင်း၊ ဥယျာဉ်များကို ဝင်တိုး နင်းနယ်ကာ စားသောက်တတ်သော နွားဆိုး နွားကြမ်းများကို တံပျာ၊ ဒုတ်ချောင်းတို့ဖြင့် နှင်မောင်း ထိန်းကြောင်းရသကဲ့သို့၊ ထို့အတူ မိမိ

စိတ်ကိုလဲ အဘိဇ္ဈာဒေါမနဿ စသော တရားညစ်၊ တရားဆိုးတို့ ဝင်တိုး ဖျက်ဆီးခြင်း မပြုနိုင်အောင် သတိ ဝိရိယ ပညာတို့ဖြင့် လမ်းမှန် အယူမှန် ဖြစ်ဘို့ရာ နှိမ်ကွပ် ဆုံးမရာ၏။

စက္ခုသောတာဒိ ဘေဒေဟိ၊ ရူပသဒ္ဒါဒိ ဂေါစရေ။

အဘိဇ္ဈာ ဒေါမနဿာဒိ ပဝတ္တိမှိ နိဝါရယေ။ (ခုဒ္ဒသိက္ခာ)

စက္ခုသောတာဒိ ဘေဒေဟိ၊ စက္ခုသောတ စသည် အပြား ရှိကုန်သော ဒွါရတို့ဖြင့်။ ရူပသဒ္ဒါဒိဂေါစရေ၊ အဆင်းအသံ စသောအာရုံ၌။ အဘိဇ္ဈာဒေါမနဿာဒိ ပဝတ္တိံ၊ အဘိဇ္ဈာ ဒေါ မနဿအစရှိသော တရားဆိုးတို့၏ ဖြစ်ခြင်းကို။ နိဝါရယေ၊ ပိတ် ဆို့တားမြစ်ရာ၏။

စက္ခုသောတစသော ဒွါရခြောက်ပါး ခြောက်တံခါးတို့၌ ရူပသဒ္ဒစသော အာရုံတရား ထင်ရှားဖြစ်ကြရာဝယ် အဘိဇ္ဈာ ဒေါမနဿများတို့ မဝင်မတိုးရအောင် စောင့်ရှောက် ဆို့ပိတ် ပါတဲ့။

**(နိဗ္ဗာန်ကို လိုချင်ပါလျှင် ရုံခြောက်ကောင်နှင့် ဘကိုသတ်)** လို့ ရှေးရှေးသော ပညာရှင်ကြီးများတို့က ပဟေဠိသဘောဖြင့် ဟော ပြောတော်မူခဲ့ကြသည်။

## အဓိပ္ပါယ်မှာ

ရုံခြောက်ကောင်ဆိုတာက အာရုံခြောက်ပါးကို ဆိုလိုသည်။ ဘ-ဆိုတာက လောဘတဏှာကို ဆိုလိုသည်။

အသင်သည် နိဗ္ဗာန်ကိုလိုချင်ပါလျှင် အာရုံ ခြောက်ပါးနှင့် လောဘတဏှာကို ပါယ်ပါ့၊သတ်ပါလို့ ဆိုထားသော စာဖြစ်ပါ သည်။

အာရုံခြောက်ဖြာနှင့် တဏှာလောဘကို ကုန်ခန်း ခြောက်သွေ့စေနိုင်သော တရားကား ဣန္ဒြေစောင့်ထိန်းမှု ခေါ်သော တပအကျင့် တပေါမင်္ဂလာကြီးပေတည်း။ တပသဒ္ဒါသည် ပူပန်လောင်ကြွမ်းခြင်းကိုရင်း၊ အကျင့်တရားကိုရင်း ဟောသည်။

အချို့က စကားများတာ ဆော့တာ နောက်တာ ကစားပျော်မြူးတာလောက်ကိုသာ ဣန္ဒြေဟုမှတ်ထင်ကာ ဣန္ဒြေရှိတယ် ဣန္ဒြေရတယ် ဣန္ဒြေမရှိဘူး ဣန္ဒြေမရဘူးဟုပြောဆို သုံးမှတ်ကြသည်။ သတိပြုပါ။

ဣန္ဒြေသည် ၅-ပါး ၂၂-ပါးစသောအားဖြင့် များပြားစွာ၏။

၁။ ဝိဘင်းကျမ်း၌ ဣန္ဒြေတို့ကို အနက်အားဖြင့်ရင်း၊ လက္ခဏာစသည်အားဖြင့်ရင်း၊ အစဉ်အားဖြင့်ရင်း၊ ဝေဘန်၍ ပြသထားသော ဣန္ဒြိယဝိဘင်း။

၂။ ယမိုက်ကျမ်း၌ ဣန္ဒြေတို့ကို အစုံလိုက်အစုံလိုက်ပြု၍ ဟောတော်မူသော ဣန္ဒြိယ ယမိုက်။

၃။ ပဋ္ဌာန်းကျမ်း၌ ဣန္ဒြေတို့ကို ပစ္စည်းပစ္စယုပ္ပန်ဖြင့် ဝေဘန်၍ ဟောထားသော ဣန္ဒြိယ ပစ္စယ။

ဤသို့စသောအားဖြင့် များပြားလှစွာ၏။

ဓမ္မပဒပါဠိတော်၌ဣန္ဒြေတို့ကို မစောင့်စည်း မထိန်းသိမ်းနိုင်မှုကြောင့် သာသနာတော်မှ လျှောကျ၍ ဈာန်မဂ်ဖိုလ်တရားတို့မှ ဆုံးရှုံးရသော စူဠကာလဝတ္ထု ဣန္ဒြိယယေသု အသံဝုတံတွဲ။

တဖန် ဣန္ဒြေနိုင်ငံသို့ မလိုက်မပါမူ၍ ဣန္ဒြေတို့ကို ထိန်းသိမ်းစောင့်စည်းနိုင်မှုကြောင့် သာသနာတော်မှာ ဘုရားရှင်၏ ရှေ့

တော်မျက်မှောက်မှာပင် တရားထူး တရားမြတ်ဆိုတဲ့ ချမ်းသာထူး ချမ်းသာမြတ်ကို ခံစားစံစားရသော မဟာကာဠဌေရ်ဝတ္ထု။ ဤမြန်ဧယသု သုံသံဝုတံတဲ့။ (ဓမ္မပဒ ယမကဝဂ်) စူဠကာဠ မဟာကာဠဝတ္ထု (၈၈)မှာရှု။

## ဗြဟ္မစရိယအရ ပြဆိုခြင်း

ဗြဟ္မစရိယဥ္စ၊ မေထုန်အကျင့်မှ ရှောင်ကြဉ်၍ မြင့်မြတ်သော အကျင့်ကို ကျင့်ခြင်းသည် ဗြဟ္မစရိယမင်္ဂလာမည်၏။ ဤဋီကာ၌ ဗြဟ္မစရိယကို သီလံ ဗြဟ္မစရိယံ၊ ဗြဟ္မာနံ ဝါ စရိယံ ဗြဟ္မစရိယံ၊ သေဌစရိယံ ဟုဖွင့်၏။ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဆိုတဲ့ ဗြဟ္မဝိဟာရတရား လေးပါးကို အင်္ဂါနှင့်လျော်ညီစွာ ကျင့်ပါလျှင်လဲ ဗြဟ္မစရိယ မင်္ဂလာမည်၏။

ယုတ်မာညစ်လှ မေထုန ဓမ္မမှ ရှောင်ကြဉ်ခြင်းကို ဗြဟ္မစရိယ ဟုပြ၏။

ဗြဟ္မစရိယေနာတိ မေထုနဝိရတိ ဗြဟ္မစရိယေန။

(သုတ်ပါထေယျ အဋ္ဌကထာ သိင်္ဂါလ သုတ္တဝဏ္ဏနာ(၁၈၇) ဗြဟ္မစရိယန္တိ မေထုနဝိရတိ(သဂါထာဝဂ္ဂ သံယုတ်အဋ္ဌကထာ ဒေဝတာသံယုတ် (၁၀၆)မှာ)

၁။ မေထုန်ကို ရှောင်ကြဉ်မှု မေထုနဝိရတိ ဗြဟ္မစရိယ

၂။ ရဟန်းတော်များ ဝိနည်းတော်နှင့် လျော်ညီစွာ ကျင့်တော်မူကြသော သမဏ ဗြဟ္မစရိယ။

၃။ မြတ်စွာဘုရား ဟောကြား ဆုံးမတော်မူခဲ့သော သာသန ဗြဟ္မစရိယ။

၄။ မင်္ဂလာတရားကိုလဲ မဂ္ဂပြဟ္မစရိယဟူ၍ ဤမင်္ဂလသုတ် အဋ္ဌကထာ၌ပင် ဖွင့်ပြတော်မူသေး၏။

အဋ္ဌင်္ဂ ရှစ်ပါးသီလ၊ နဝင်္ဂ ကိုးပါးသီလ၊ ဒသင်္ဂ ဆယ်ပါးသီလ ဤသီလများကို ဆောက်တည်ကျင့်သုံးပါလျှင်လဲ ပြဟ္မစရိယ မြတ်သောအကျင့် မြင့်မြတ် ကြီး ပွား ရ မည့် ပြဟ္မစရိယ မင်္ဂလာမည်၏။

ပုရာဏ ဥပါသကာ နကုလပိတာ နကုလမာတာ
ဥဒယ ဘဒ္ဒရာဇာ ဥဒယဘဒ္ဒဒေဝီ ဒုကုလ ပါရိကာ

ဤပုဂ္ဂိုလ်တို့သည် ပြဟ္မစရိယအကျင့်ကို ကျင့်ကြကုန်၏ဟု ကျမ်းဂန်များ၌ လာရှိပါသည်။

ထို့ကြောင့် ပြဟ္မစရိယ မင်္ဂလာဖြစ်ပြီး ကြီးပွားချမ်းသာကြစေလိုသော် ပြဟ္မစရိယအကျင့်ကို ကျင့်ကြကုန်ရာ၏။

မေထုနဓမ္မမှ ရှောင်ကြဉ်ယုံသာမကသေး ပြဟ္မစရိယ မင်္ဂလာဖြစ်မှုအတွက် မေထုန်ငယ်(၇)ပါးမှ ရှောင်ကြဉ်ခြင်းလည်း ပါဝင်သေးသည်။ တနည်းဖြင့်ဆိုရသော် အပြဟ္မစရိယ သိက္ခာပုဒ်၏ ညှိုးနွမ်းခြင်းအကြောင်း (၇)ပါးဟူ၍လည်း ခေါ်ဆိုနိုင်သေး၏။

## မေထုန်ငယ်(၇)ပါး

၁။ မိန်းမယောကျ်ား နှစ်ဦးသားတို့ နှိပ်နင်း ဆုပ်နယ်ခြင်းကို ခံရ၍ သာယာနှစ်သက်ခြင်း။

၂။ မိန်းမ ယောကျ်ား နှစ်ဦးသားတို့ အချင်းချင်း ရယ်ရွှင် ဘွယ်ရာ စကားတို့ကို ပြောဆိုနေရ၍ သာယာနှစ်သိမ့်စေခြင်း။

၃။ မိန်းမ ယောကျ်ား နှစ်ဦးသားတို့ အချင်းချင်း တစိမ့်စိမ့် ကြည့်ရှု၍ နေရသည်ကို ကျေနပ်နှစ်သိမ့်သာယာခြင်း။
၄။ မိန်းမ ယောကျ်ား နှစ်ဦးသားတို့ တဦးနှင့်တဦး စကား အသံကို ကြားရ၍ ကျေနပ်နှစ်သိမ့်သာယာခြင်း။
၅။ ရှေးရှေးက အသက်ငယ်စဉ်ကာလ ကာမဂုဏ်ဘုရားတို့၌ မြူးတူး ပျော်ပါးခဲ့သည်ကို အဖန်ဖန်အောက်မေ့၍ နှစ်သိမ့်သာ ယာခြင်း။
၆။ သူတပါးတို့၏ ကာမဂုဏ်အရာ၌ မြူးထူး ပျော်ပါးနေ သည်ကို တွေ့မြင်ရ၍ နှစ်သိမ့်သာယာခြင်း။
၇။ ယခုဘဝ၌ စောင့်သုံး အားထုတ်ရသော ဒါန သီလ- ဘာဝနာ ကုသိုလ်ကံစေတနာသည် နောက်ဘဝ၌ လူ့နတ် ဗြဟ္မာတို့၏ စည်းစိမ်ကို ခံစားရမည်ဟု အနာဂတ်အကျိုး ကို မျှော်ကိုးတောင့်တ၍ သာယာခြင်း။

ဤပြဆိုခဲ့ပြီးသော မေထုန်ငယ်(၇)ပါးမှ ရှောင်ကြဉ်နိုင်ခဲ့ပါ လျှင် အဗြဟ္မစရိယသိက္ခာပုဒ်လည်း လုံခြုံ၍ ဗြဟ္မစရိယမင်္ဂလာ နှင့်လည်း ပြည့်စုံရပေသည်။

## အရိယသစ္စ ဒဿနအရ ပြဆိုခြင်း

အရိယသစ္စ ဒဿန။ အရိယာတို့ သိမြင်အပ်သော သစ္စာလေး တန် တရားမှန်တို့ကို သိမြင်ခြင်းကို ဆိုသည်။

၁။ ဒုက္ခသစ္စာ။
၂။ သမုဒယသစ္စာ။
၃။ နိရောဓသစ္စာ။
၄။ မဂ္ဂသစ္စာ။

ဤ သစ္စာလေးပါးကို အမှန်တရား လေးပါးဟုခေါ်သည်။

၁။ ဒုက္ခသစ္စာကို ပရိညာဘိသမယဖြင့် သိ၏။

၂။ သမုဒယသစ္စာကို ပဟာနာဘိသမယဖြင့်သိ၏။

၃။ နိရောဓသစ္စာကို သစ္ဆိကိရိယာဘိသမယဖြင့်သိ၏။

၄။ မဂ္ဂသစ္စာကို ဘာဝနာဘိ သမယဖြင့်သိ၏။

၁။ သိ=ပိုင်းခြား၍ သိခြင်း၊ ပရိညာကိစ္စ။

၂။ ပယ်=ပယ်စွန့်ခြင်း၊ ပဟာနကိစ္စ၊

၃။ ဆိုက်=မျက်မှောက်ပြုခြင်း၊ (ဆိုက်ရောက်ခြင်း) သစ္ဆိကရဏ ကိစ္စ။

၄။ ပွား=ပွားများခြင်း၊ ဘာဝနာကိစ္စ။

ဤသို့သိခြင်းသည် အရိယသစ္စာန ဒဿန မင်္ဂလာ မည်၏။ ဤမင်္ဂလာကို ကလေးသူငယ်များ၊ ရေတွက်တတ်ရုံ သစ္စာလို့ခေါ် တတ်ရုံမျှသာ ရေးသားလိုက်ပေသည်။ ကလေးများတို့ ဥာဏ်နှင့် လည်းမမှီသောကြောင့် ရေးသားဘွယ် မလိုတော့ပါ။

**မှတ်ချက်။** ။[ဘပမင်္ဂလာနှင့် ဗြဟ္မစရိယ မင်္ဂလာ ဤမင်္ဂလာ ၂-ပါးတို့သည် အရိယသစ္စ ဒဿန မင်္ဂလာကို ပြည့်စုံခြင်း၏ အကြောင်းဖြစ်သည်။]

## နိဗ္ဗာနသစ္ဆိကိရိယ အရ ပြဆိုခြင်း

နိဗ္ဗာန သစ္ဆိကိရိယာ။ နိဗ္ဗာန၊ နိဗ္ဗာန် တရားတော်မြတ်။ သစ္ဆိကိရိယာ၊ မျက်မှောက်ပြုခြင်း။

နိဗ္ဗာနန္တိ အရဟတ္တဖလံ (ဋီကာ)

အရဟတ္တဖိုလ်ကိုလည်း နိဗ္ဗာန်ဟု ယူရသေးသည်။

ဤနိဗ္ဗာန သစ္ဆိကိရိယာ မင်္ဂလာသည် ဝဋ်မှ လွတ်မြောက်ကြောင်း ဖြစ်သောကြောင့် ကောင်းမြတ်သော မင်္ဂလာဟု မှတ်လေ။

---

ည။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။

ဒေဝပုတ္တ နတ်သား။

လောကဓမ္မေဟိ၊ လောကဓံ တရားတို့နှင့်။ ဖုဋ္ဌဿ၊ တွေ့ကြုံ တိုက်ဆိုင်အပ်သော။

၁။ ယဿ၊ အကြင်ပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ နကမ္ပတိ၊ မတုန်မလှုပ်။

၂။ အသောကံ၊ စိုးရိမ်ကြောင့်ကြ ပူပန်ရခြင်းလည်းမရှိ။

၃။ ဝိရဇံ၊ ရာဂ-ဒေါသ-မောဟဟု ဆိုအပ်သော မြူလည်းမရှိ။

၄။ ခေမံ၊ ဆောဂလေးဖြာ ကင်းဝေးကွာ၍၊ ဘေးဘယာ ဥပဒ္ဒ လည်းမရှိ။

ဧတံ၊ ဤတရားလေးပါးသည်။ ဥတ္တမံ မင်္ဂလံ၊ ကျင့်သူအပေါင်း မြင့်မြတ်ကြီးပွားကြောင်း မင်္ဂလာမည်၏။

နကမ္ပတိမင်္ဂလာ။ လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့ကြုံ တိုက်ဆိုင်သော အခါမှာ....

ကိုယ်စိတ်နှစ်ပါး မတုံမလှုပ် တည်တန့်ခိုင်မြဲစွာ နေနိုင်ခြင်းကို ဆိုသည်။

အသောကမင်္ဂလာ။ စီးပွားရေး ဆွေမျိုးသားချင်း အရေး ပေါင်းသင်း ဆက်ဆံရေးစသော အရေးကိစ္စ အမှုကြီးငယ် အဝဝ တို့အတွက် ပူပန်ကြောင့်ကြမှု မရှိခြင်းကို ဆိုသည်။

ဝိရဇ မင်္ဂလာ။ မြူမှုံအညစ်အကြေးနှင့် အလားတူသော ရာဂ ဒေါသ မောဟတရားတို့ မရှိကင်းစင်ခြင်းကို ဆိုသည်။

ခေမမင်္ဂလာ။ ယောဂလေးဖြာ ကင်းဝေးကွာပြီး ဘေးဘယာ ဥပဒ် မရှိခြင်းကိုဆိုသည်။

စတူဟိ ယောဂေဟိ ခေမတ္တာ ခေမံ ခေမန္တိ အဘယံ
နိရုပဒ္ဒဝံ။ (သုတ္တနိပါတ် အဋ္ဌကထာ)

ဖုဋ္ဌဿဂါထာ၌ လောကဓမ္မေဟိ-ပုဒ်အရ လောကဓံ တရား ရှစ်ပါး....

၁။ လာဘော=လာဘ်လာဘ ရရှိပေါများခြင်း။
၂။ အလာဘော=လာဘ်လာဘ မရှိနည်းပါးခြင်း။
၃။ ယသော=အခြွေအရံပေါများခြင်း။
၄။ အယသော=အခြွေအရံ မရှိနည်းပါးခြင်း။
၅။ နိန္ဒာ=ကဲ့ရဲ့ခံရခြင်း။
၆။ ပသံသာ=ချီးမွမ်းခံရခြင်း။
၇။ သုခံ=ကိုယ်စိတ်ချမ်းသာခြင်း။
၈။ ဒုက္ခံ=ကိုယ်စိတ်ဆင်းရဲခြင်း။

ဤလောကဓံတရား ရှစ်ပါးတို့ကို မည်သူမဆို တွေ့ကြုံ ခံစား ရမြဲ ဓမ္မတာဖြစ်ပေသည်။

ဘုရားကိုယ်တော်မြတ်ကြီးသော်မှ ဝေသာလီပြည် ရတနသုတ်ပရိတ်ရွတ် ကြွတော်မူသော အခါမှာ အခြွေအရံ ထီးအဆင့်ဆင့် ပန်းအဆင့်ဆင့် တံခွန်ကုက္ကား အဆင့်ဆင့် ပတ္တမြားလှေတော်များကို စီးတော်မူခါ လာဘ်လာဘ ပေါများစွာနှင့် ကြွတော်မူဘူးပါသည်။ (လာဘောအရ)

ဝေရဥ္စာပြည်၌ ဝါဆိုတော်မူစဉ် အခါတုံးက မယဝကျုံဆွမ်းကို ရဟန်းတော်များ ငရုပ်ဆုံနှင့်ဖွတ်ခါ ချက်ပြုတ် စီမံ ကပ်ကြသောကြောင့် ဘုဉ်းပေးတော် မူဘူးပါသည်။ (အလာဘောအရ)

ဘုရားအဖြစ်တော်နှင့် ဇာတိချက်ကြွေ ဖွားရာနယ်မြေ ဖြစ်တော်မူသော ကပိလဝတ် ရွှေမြို့တော်သို့ ရှေးဦးစွာ သွားတော်မူသောအခါမှာ ရဟန်းတော်နှစ်သောင်း အခြွေအရံကောင်းတို့နှင့် ကြွတော်မူဘူးပါသည်။ (ယသောအရ)

ကိုးဝါလွန်မြောက် ဆယ်ဝါသို့ ရောက်ခါနီးမှာ ရဟန်းတော်အချင်းချင်း ငြင်းခုံကွဲပြားမှု အတွက်ကြောင့် ဘယ်သူ့ ကိုမှ ငဲ့ကွက်ခြင်းမပြုဘဲ အဖေါ်နောက်လိုက် မတွဲ ကိုယ်တော်မြတ်တပါးထဲမှာပင် ပလလဲတောသို့ ကြွဝင်တော်မူဘူးပါသည်။
[ကောသမ္ဗက ခန္ဓကမှာရှုပါ။] (အယသောအရ)

စိဉ္စမာန မာဂဏ္ဍီ ဒေဝဒတ်စသော သူတို့သည် ဘုရားကိုယ်တော်ကြီးကို ကဲ့ရဲ့စွပ်စွဲကြ၊ သေကြောင်းကြံကြ၊ အမျိုးမျိုးအဖုံဖုံပြုလုပ် တွန်းမှုတ်ကြဘူးပါသည်။ (နိန္ဒာအရ)

တဖုဿ ဘလ္လိက မဟာဂဏ္ဍိန္ဒ သေလပုဏ္ဏား။ နကုလပိတာ-နကုလမာတာ စသော သူများကတော့လဲ ဘုရားမြတ်၏ ဂုဏ်တော်ကျေးဇူးတော် အနန္တတွေကို များပြားလှစွာပင် ချီးမွမ်း ထောမနာပြုကြ၊ ဦးတိုက်ကိုင်းရှိုင်းကြပါသည်။ (ပသံသာအရ)

ဖလသမာပတ် စျာနသုခစသော အမျိုးမျိုးအဖုံဖုံ အစုံစုံသော ချမ်းသာထူး ချမ်းသာမြတ်တွေကို ခံစား စံစားတော်မူရပါသည်။
(သုခံအရ)

ဘုရားကိုယ်တော်မြတ်ကြီးသည် ရံခါရံခါမှာ ခါးတော်နာရ ရံခါရံခါမှာ ဦးခေါင်းခဲရ (နာရ) သမားတော်ကြီး ဇီဝကကို ခေါ်တော်မူ၍ ကုသရ မဟာပရိနိဗ္ဗာန် ဝင်စံခါနီးမှာပင် ဝမ်းတော်ပူလောင်ဘော်မူလှရှာ၍ ချစ်သားအာနန္ဒာ ရေပေးစမ်းပါ ရေကပ်စမ်းပါ၊ ငါ၏ သင်္ကန်းတော် ဒုကုဋ်ကို လေးထပ် လေးခေါက် ခေါက်၍ ခင်းပေးပါ လျောင်းတော်မူလိုပါတယ်ဟု စသောအားဖြင့် ငြီးတွားတော်မူရပါတယ်။ (ဒုက္ခံအရ)

(ကိလန္တောသ္မိ အာနန္ဒ) မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ။

လောကဓံတရား ရှစ်ပါးကို ကလာပ်စီး အနေနှင့် ကြုံ့လိုက် ချုံးလိုက်သည်ရှိသော်–သုခနှင့် ဒုက္ခ နှစ်ပါးသာတည်း။

ထို့ကြောင့် ဓမ္မပဒ အဋ္ဌကထာ၌ ဒွယေဝ လောကဓမ္မာ ဝုတ္တာဟု လာရှိပါသည်။ လောကဓမ္မာ လောကဓံတရား တို့ကို ဒွယေဝ၊ နှစ်ပါးတို့သာဟု။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

ထို့ကြောင့် လောကဓံတည်းဟူသော လေမုန်တိုင်းတို့ တိုက်ခိုက် တွေ့ထိသောအခါမှာ မတုံမလှုပ် ခံနိုင်ရည်ရှိခြင်းကို နကမ္ပတိ၊ မင်္ဂလာဟု ခေါ်သည်။

နသောစာမိ နပရောဒါမိ မစိုးရိမ်ဘူး မငိုကြွေးဘူး ဆိုတာကို အသောက မင်္ဂလာဟုခေါ်သည်။

ရာဂ, ဒေါသ, မောဟ မရှိကင်းစင်တာက ဝိရဇ မင်္ဂလာ။
ယောဂလေးဖြာ မရှိကင်းကွာတာတာ ခေမ မင်္ဂလာ။

## ယောဂလေးပါး

၁။ ကာမယောဂ = ကာမဂုဏ်၌ စွဲလမ်းယှဉ်စပ်မှု။
၂။ ဘဝယောဂ = ဘုံဘဝ တို့၌ စွဲလမ်း ယှဉ်စပ်မှု။
၃။ ဒိဋ္ဌိယောဂ = မှားသောအယူ၌ စွဲလမ်း ယှဉ်စပ်မှု။
၄။ အဝိဇ္ဇာယောဂ = အမှားမဟာ အဝိဇ္ဇာ၌စွဲလမ်းယှဉ်စပ်မှု။

ဤသို့သော ယောဂလေးဖြာတို့မှ ကင်းကွာ အေးမြခြင်းကို ခေမ မင်္ဂလာဟု ခေါ်သည်။

## အကြောင်းအကျိုးမင်္ဂလာ ခွဲခြားခြင်း

ဗာလ အသေဝန မင်္ဂလာမှစ၍ ဖြပ္ပဋိရူပ မင်္ဂလာတိုင်အောင် ၃၂-ပါးသော မင်္ဂလာတို့ကို လောကီ မင်္ဂလာဟု ခေါ်သည်။

နောက်ပိုင်း ကျန်ရှိသော မင်္ဂလာ ၆-ပါးကို လောကုတ္တရာ မင်္ဂလာဟု ခေါ်သည်။ လောကီမင်္ဂလာ ၃၂-ပါး၊ လောကုတ္တရာ မင်္ဂလာ ၆-ပါး၊ ပေါင်း ၃၈-ပါး အဋ္ဌတိံသ ဖြစ်၏။

တဖန် ဗာလအသေဝန မင်္ဂလာမှစ အရိယသစ္စာန ဒဿနံ တိုင် အောင် ၃၃-ပါးသော မင်္ဂလာတို့သည် အကြောင်း မင်္ဂလာ မည် ကုန်၏။ ကျန်မင်္ဂလာ ငါးပါးသည် အကျိုးမင်္ဂလာ မည်ကုန်၏။

အကြောင်း မင်္ဂလာ ၃၃-ပါး၊ အကျိုးမင်္ဂလာ ၅-ပါး၊
ပေါင်း အဋ္ဌတိံသ ၃၈-ပါး ဖြစ်၏။

အကြောင်း မင်္ဂလာတော် ၃၃-ပါးကို ဗုဒ္ဓ အလိုတော်ကျ အတိုင်း ကျပ်ပြည့်ဘင်းပြည့် အပဏ္ဏက ကျင့်ကြံကျိုးကုတ် အား ထုတ်လိုက်နာကြပါမူ အကျိုးမင်္ဂလာ ငါးပါးတို့သည် ကျင့်သည် အားလျော်စွာ အလိုလို ခံစားစံစားကြဘို့ရာမှာ အသင့်ပင်တည်း၊ ထိုအခါမှာ မစ္စုကြဉ်ထား ကျန်သော မာရ်လေးပါးတို့သည် မိမိ အား မအောင်မြင်နိုင်တော့ဘဲ၊ မိမိကသာ အောင်မြင်ပြီးမြောက် ၍ အထက်တန်းသို့ ရောက်ရမည်မှာ အမှန်သာတည်း။

သယမေဝ စတ္တာရောမာရေ ပရာဇေတွာတိ ဝုတ္တံဟောတိ။
(သုတ္တနိပါတ် အဋ္ဌကထာ)

သဗ္ဗတ္ထာတိ ပစ္စုမာရ ဝဇ္ဇိတေသု စတူသု မာရေသု ဧကေန မာရေန အပ္ပရာဇိတောဟုတွာ။ (ဋီကာ)

ဤမဟာမင်္ဂလသုတ်တော်ကို ဟောတော်မူသောအဆုံး၌(မင်္ဂ လာတရားပွဲတော်ကြီး အပြီး၌) ကုဋေတသိန်းသော နတ်တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ သောတာပန်, သကဒါဂမ်, အနာဂမ်တို့ကား မရေမတွက် နိုင်အောင် များပြားလှပါသည်။

ထို့ကြောင့် သုတ္တနိပါတ် အဋ္ဌကထာ၌...

ဝေဥ္စပန ဘဂဝတာ နိဋ္ဌာပိတာယ၊ဒေသနာ ပရိယောသာနေ။
ကောဋိသတသဟဿ ဒေဝတာ၊ အရဟတ္တံ ပါပုဏိံသု။
သောတာပတ္တိ, သကဒါမိ,အနာဂါမိ,ဖလဋ္ဌာနံ အသင်္ချေယျာ
အဟောသိ။

ဋီကာ၌- ဗ္ဗမဿ ဒေသနာ ဝသာနေ၊ ကောဋိသတ သဟဿ။ ဒေဝတာယော အရဟတ္တေ၊ အဟေသုံ သောတာ ပန္နာဒီနံ အသင်္ချာ အဟေသိ။

အမှာစကား။ ဤသခင်ပ မင်္ဂလာစဉ် ကျမ်း၌ ·ပါရှိသော ပါဠိ တို့၏ အနက်ကို မင်္ဂလာပါရဂူ ကျမ်းသို့ ရောက်မှသာ ရေးသားပြန်ဆိုပါတော့မည်။ (ကျမ်းပြုဆရာတော်)

၄။ ဧတာဒိသာနိ ကတ္ဘာန သဗ္ဗတ္ထမပ္ပရာဇိတာ။
သဗ္ဗတ္ထသောတ္ထိံ ဂစ္ဆန္တိ တံ တေသံမင်္ဂလ မုတ္တမံ။

ဒေဝပုတ္တ၊ ငါ့ထံရောက်လာ သန်းကောင်ခါ၌ မင်္ဂလာတရား မှတ်သားသိလို တောင်းပန်ဆိုသည့် ဒါယကာ နတ်သား မိုး သိကြား....။ သုဏောဟိ၊ အာရုံတပါး စိတ်မသွားဘဲ ထောင်နား စိုက်ခါ နာယူပါလော။ ဧတာဒိသာနိ၊ သုံးဆယ့်ရှစ်ဖြာ လိုက်နာ ကျင့်အပ် ဤသို့သော မင်္ဂလာ တရားတော်မြတ်တို့ကို။ ကတ္ဘာန၊ သင်အံလေ့ကျက် ဆောင်ရွက်ကျင့်ကြံကြကုန်သောကြောင့်။ ဝါ- သင်အံလေ့ကျက် ဆောင်ရွက်ပြုလုပ်ကြကုန်သည်ရှိသော်။ သဗ္ဗတ္ထ၊ မစွံကြဉ်ထား အလုံးစုံသော မာရ်လေးပါးတို့၌။ အပ္ပရာဇိတာ၊ မရှုံးအပ်ကုန်သည်ဖြစ်၍။ သဗ္ဗတ္ထ၊ အလုံးစုံသော ဘုံဘဝလေးပါး သော ဣရိယာပထတို့၌။ သောတ္ထိံ၊ ချမ်းသာခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တံ၊ ထိုသုံးဆယ့်ရှစ်ပါးသော မင်္ဂလာ တရားတော် မြတ်သည်။ တေသံ၊ မင်္ဂလာတရား လိုက်စားနာခံ ကျင့်ကြံပေ တတ် ထိုသူမြတ်တို့၏။ ဥတ္တမံ၊ ချီးမွမ်းအပ် မြတ်လှ စွာသော။

မင်္ဂလဒ္ဒီ၊လိုက်နာကျင့်ကြံသူအပေါင်း ကြီးပွားချမ်းသာကြောင်း မင်္ဂလာမည်၏ဟူ၍။ တွံ၊ ဒွါယကာ နတ်သား အသင်သိကြား သည်။ ဂဏှာဟိ၊ မှတ်သားသေချာ နာယူပါလေဘော။

သဗ္ဗတ္ထာဟိ ဣဓလောက ပရလောကေ စတူသု
ဌာနိယာ ပထေသုဝါ။ ဥတ္တမန္တိ ဝိသိဋ္ဌ(ဋ္ဌိကာ)

ဤစံပြ သခေ်ပ မင်္ဂလာစဉ် ကျမ်းကို သာသနာတော် သက္ကရာဇ် ၂၅၁၂-ခု၊ ကောဇာသက္ကရာဇ် ၁၃၃၀-ပြည့် နှစ် ဟေမန္တဥတု၊ နတ်တော်လဆန်း ၁၃-ရက်၊ ၂-လ်ာ နေ့ ညနေ ၃-နာရီ ၃-မိနစ်အချိန်တွင် ရေးသား စီစဉ်၍ ပြီးစီးအောင်မြင် ပေသည်။

ဤတွင် ပြီးပြီ။

ဦးသဇ္ဇန (စဉ့်ပါကြီး-ဆရာတော်)
စဉ့်ပါရွာ၊ ဝက်လက်မြို့နယ်
ရွှေဘိုခရိုင်။

## စံပြု သင်္ခေပ မင်္ဂလာစဉ်ကျမ်း ပုံနှိပ်ရန်
## လှူဒါန်းကြသော ကုသိုလ်ရှင်စာရင်း

| ဦးရေ | ကုသိုလ်ရှင်အမည် | | ငွေ ကျပ်-ပြား |
|---|---|---|---|
| ၁။ | စစ်ကိုင်းဆရာတော် ဦးကုသုမ (ဓမ္မကထိက) | .... | ၂၅ |
| ၂။ | တဲကြီးကျောင်းဆရာတော် | .... | ၅ဝ |
| ၃။ | သူကောင်းမင်းရွာဆရာတော် | .... | ၂၅ |
| ၄။ | ကျီးပင်ကံ-ကံသာကျောင်းဆရာတော် | .... | ၂၅ |
| ၅။ | ဦးသုမင်္ဂလ (အဘယာရာမရွှေဂူတိုက် မန္တလေး) | .... | ၅၀ |
| ၆။ | အရှင်ဓမ္မာနန္ဒ ။ ။ | .... | ၅၀ |
| ၇။ | ဦးအာစိဏ္ဏ စင့်ပါအောင်သာကျောင်း | .... | ၅၀ |
| ၈။ | ဖုတ်ကုန်းကျောင်း ဦးအရိယ | .... | ၁၀ |
| ၉။ | ထန်းကြီးကျောင်းဆရာတော်နှင့် ကျောင်းသား ကျောင်းသူများ | .... | ၃၄ |
| ၁၀။ | တနည်းကျောင်းဆရာတော် | .... | ၁၅ |
| ၁၁။ | ဒေါ်လှစံ-ဒေါ်လှရှိန် ရဟန်းအမကြီးများ (ကျောက်တာရွာ) | .... | ၁၀ |
| | | | ၃၄၄ |

# စဥ့်ပါကြီးရွာ ကုသိုလ်ရှင်များ

| ဦးရေ | ကုသိုလ်ရှင်အမည် | | ငွေ ကျပ်·ပြား |
|---|---|---|---|
| ၁။ | ဦးဘသင် ဒေါ်စိန်ချို | .... | ၅ |
| ၂။ | ကိုစောမောင် မပုသားသမီးတစု | .... | ၅ |
| ၃။ | ကိုချစ်ဖွေး-မသိန်းရင် | .... | ၁၀ |
| ၄။ | ကိုမွေး·မခဒေါင်း | .... | ၁၀ |
| ၅။ | ဦးစိုးဘ-ဒေါ်မြညွန့် | .... | ၁၀ |
| ၆။ | ကိုခ·မတင်ရှိ | .... | ၁၀ |
| ၇။ | ကိုခွေးအောင်-မရင် | .... | ၅ |
| ၈။ | ကိုဆွယ် မမှုန် | .... | ၅ |
| ၉။ | ကိုမြဝေ-ဒေါ်ပြားကြီး | .... | ၅ |
| ၁၀။ | ကိုညို-မကုလားမ | .... | ၅ |
| ၁၁။ | ဦးဇုံ | .... | ၅ |
| ၁၂။ | ကိုငြိမ်းမောင်–မသန်း | .... | ၆ |
| ၁၃။ | ကိုချပ်ပြား-မပုစိန် | .... | ၅ |
| ၁၄။ | ဒေါ်လေးမိ | .... | ၅ |
| ၁၅။ | ဒေါ်သန်းသားသမီးတစု | .... | ၅ |
| ၁၆။ | ကိုဖိုးလွယ်-ဒေါ်ရွှေခင် | .... | ၅ |
| ၁၇။ | ကိုးဖိုးရှောင်-မရှမ်း | .... | ၅ |
| ၁၈။ | ကိုအေးမောင်-မရွှေရင် | .... | ၅ |
| ၁၉။ | ကိုအုံးညွန့်-မအေးယူ | .... | ၆ |
| ၂၀။ | ကိုစိုးရ-မသန်းတင် | .... | ၅ |

## စဥ့်ပါကြီးရွာ ကုသိုလ်ရှင်များ

| ခိုးရေ | ကုသိုလ်ရှင်အမည် | | ငွေ ကျပ်-ပြား |
|---|---|---|---|
| ၂၁။ | ဒေါ်ပေါ်ကြိုင် | .... | ၅ |
| ၂၂။ | ကိုတင်အောင်-မသန်းထွေး | .... | ၅ |
| ၂၃။ | ကိုသန်းဆောင်-မနှင်း | .... | ၅ |
| ၂၄။ | ဒေါ်ကောင်းရင် | .... | ၃ |
| ၂၅။ | ဒေါ်ကောင်းတင် | .... | ၂ |
| ၂၆။ | ကိုပြေအေး-မတင်သန်း | .... | ၅ |
| ၂၇။ | ကိုစိန်ဆောင်-မတင်အေး | .... | ၅ |
| ၂၈။ | ကိုချို-မလုံးတင် | .... | ၅ |
| ၂၉။ | ဦးစံ-ဒေါ်သန်းခင် | .... | ၅ |
| ၃၀။ | ကိုစပ်သိုး-မတော | .... | ၅ |
| ၃၁။ | ကိုလှမောင်လေး မညွန့်သန်းသားသမီးတစု | | ၃ |
| ၃၂။ | ကိုကျော်သိန်း မှုကြီးမ | .... | ၅ |
| ၃၃။ | ကိုသောင်း မလှရီ | .... | ၅ |
| ၃၄။ | ကိုစိန်ဝင်း မသိန်းမွှင် | .... | ၅ |
| ၃၅။ | ကိုသန်းမောင် မသောင်း | .... | ၅ |
| ၃၆။ | ကိုဟို မသန်းမိ | .... | ၅ |
| ၃၇။ | ကိုချစ်စိန် မသိန်းခင် | .... | ၅ |
| ၃၈။ | ကိုသန်းမောင် မသန်းကြည် | .... | ၄ |
| ၃၉။ | ကိုလွင် မလှဆယ် | .... | ၅ |

## စဥ္စပါကြီးရွာ ကုသိုလ်ရှင်များ

| ဦးရေ | ကုသိုလ်ရှင်အမည် | | ငွေ ကျပ်-ပြား |
|---|---|---|---|
| ၄၀။ | ကိုနှင်းကြည် မညိုအိ | .... | ၅ |
| ၄၁။ | ကိုမြဦး မသန်းညွန့် | .... | ၅ |
| ၄၂။ | ကိုတင်ပို မသန်းငွေ | .... | ၃ |
| ၄၃။ | ကိုတင်ညို မဝမ်းကြည် | .... | ၅ |
| ၄၄။ | ကိုလေးမောင် မမုန်း | .... | ၅ |
| ၄၅။ | ကိုစိန်မောင် မမြကြည် | .... | ၅ |
| ၄၆။ | မောင်မန်းကြံ မမိငွေး | .... | ၅ |
| ၄၇။ | ကိုနီ မမိသိန်း | .... | ၅ |
| ၄၈။ | ကိုစပ်နီ မမိသန်း | .... | ၅ |
| ၄၉။ | ကိုလှမောင်ကြီး မခွေး | .... | ၂ |
| ၅၀။ | ကိုတွတ် မခင်ကြည် | .... | ၃ |
| ၅၁။ | ကိုလှဆောင် မအေးမှိ | .... | ၃ |
| ၅၂။ | မောင်ညွန့်ရင် မခင်အေး | .... | ၃ |
| ၅၃။ | ဒေါ်မြကြီး | .... | ၃ |
| ၅၄။ | ကိုဘိုးရှင် မနက်တုတ် | .... | ၂ |
| ၅၅။ | ဦးပြား ဒေါ်ဖွားချစ် | .... | ၃ |
| ၅၆။ | ဦးရ ဒေါ်ရှန် | .... | ၅ |
| ၅၇။ | ဦးချက်ကြီး မညိုမိ | .... | ၂ |
| ၅၈။ | ကိုထွေး မပိုက် | .... | ၂ |
| ၅၉။ | ဦးစံဖြိုး | .... | ၂ |
| ၆၀။ | ကိုစပ်ကြီး မပြောင်း | .... | ၁ |

# စဥ့်ပါကြီးရွာ ကုသိုလ်ရှင်များ

| ဦးရေ | ကုသိုလ်ရှင်အမည် | | ငွေ ကျပ်-ပြား |
|---|---|---|---|
| ၆၁။ | သီလရှင် ဒေါ်သုမာလာ | .... | ၁ |
| ၆၂။ | ကိုသိန်းအောင် မနှင်းစိန် သား သမီး တစု | | ၂ |
| ၆၃။ | ဒေါ်ဖွားရီ | .... | ၃ |
| ၆၄။ | ကိုချစ်ပွဲ မအေးရှင် | .... | ၂ |
| ၆၅။ | ကိုဘိုဂျမ်း မလှသန်း | .... | ၂ |
| ၆၆။ | ကိုမြင့် မထိုက် | .... | ၅ |
| ၆၇။ | ကိုလေးဆောင် မကြည် | .... | ၂ |
| ၆၈။ | ကိုမြင့် မဂွက်ထော် | .... | ၄ |
| ၆၉။ | ကိုညိုဝင်း မအမာ | .... | ၅ |
| ၇၀။ | ဒေါ်အေးရှို | .... | ၂ |
| ၇၁။ | ကိုအုံးရှိန် မထွေးမှင် | .... | ၂ |
| ၇၂။ | ကိုလှအေး မခွေး | .... | ၃ |
| ၇၃။ | ကိုမြဆောင် မကြောင် | .... | ၅ |
| ၇၄။ | ကိုထွန်းရေး မညို | .... | ၂ |
| ၇၅။ | ကိုစိုရကြီး မတော | .... | ၂ |
| ၇၆။ | ကိုမိုးငွေ မဂျမ်း | .... | ၂ |
| ၇၇။ | ကိုငြိမ်းမောင် မရင်မိ | .... | ၂ |
| ၇၈။ | ကိုကျော်သိန်းကြီး မဂွက်ထော် | .... | ၂ |
| ၇၉။ | ကိုမောင် မတင်လှိုင် | .... | ၂ |
| ၈၀။ | ကိုဖိုးသောင်း မသန်းတင် | .... | ၂ |
| ၈၁။ | ကိုထွန်းစိန် မခင်ရှို | .... | ၂ |

# စဥ့်ပါကြီးရွာ ကုသိုလ်ရှင်များ

| ဦးရေ | ကုသိုလ်ရှင်အမည် | | ငွေ ကျပ်-ပြား |
|---|---|---|---|
| ၈၂။ | ကိုရေဘူး မတင်ကြည် | .... | ၂ |
| ၈၃။ | ကိုလှဦး မတင်ငွေ | .... | ၂ |
| ၈၄။ | ကိုမိုးအေး မသိန်းကြည် | .... | ၅ |
| ၈၅။ | ကိုတွတ်ကြီး မသန်းတင် | .... | ၂ |
| ၈၆။ | ကိုအုံးဆောင် မကြည်သန်း | .... | ၂ |
| ၈၇။ | ကိုခတ်အို မလုံး | .... | ၂ |
| ၈၈။ | ကိုကေတူး မကြိုင် | .... | ၃ |
| ၈၉။ | ကိုကြည်မောင် မခင်သန်း | .... | ၅ |
| ၉၀။ | ကိုသန်းထွန်း မတင်သန်း | .... | ၁ |
| ၉၁။ | ကိုလှသန်း မရွှေ သားသမီးတစု | .... | ၂ |
| ၉၂။ | ကိုကြည်လွင် မထွေးကြည် | .... | ၁ |
| ၉၃။ | ကိုဖိုးရစ် မပုတို | .... | ၁ |
| ၉၄။ | ကိုသိုး မကြည်ခင် | .... | ၅ |
| ၉၅။ | ကိုရွှေ မမိကျင် | .... | ၅ |
| ၉၆။ | ကိုဖိုးဟန် မလှရီ | .... | ၅ |
| ၉၇။ | ကိုအောင်စီ မခင်စိန် | .... | ၂ |
| ၉၈။ | ကိုစိန်မြ မချစ်မိ | .... | ၅ |
| ၉၉။ | ကိုမှုန် မမြသန်း | .... | ၂ |
| ၁၀၀။ | ကိုမြင့်အောင် မညို | .... | ၃ |
| ၁၀၁။ | ကိုရှိန် မအုံး | .... | ၅ |

## စဥ့်ပါကြီးရွာ ကုသိုလ်ရှင်များ

| ဦးရေ | ကုသိုလ်ရှင်အမည် | | ငွေ ကျပ်-ပြား |
|---|---|---|---|
| ၁၀၂။ | ကိုကုလား မနှင်းခင် | .... | ၃ |
| ၁၀၃။ | ကိုထိုက် မညိန် | .... | ၂ |
| ၁၀၄။ | ကိုဓာတ်စိန် မသန်းနွဲ့ကြီး | .... | ၂ |
| ၁၀၅။ | မမှိုစု | .... | ၂ |
| ၁၀၆။ | ကိုတင် မလှအေး | .... | ၁၀ |
| ၁၀၇။ | ကိုဖိုးသင်း မရွှေယု | .... | ၅ |
| ၁၀၈။ | ကိုပန်ဒွေး မတာ | .... | ၃ |
| ၁၀၉။ | ကိုဘဟိန်း မဖွားရင် | .... | ၅ |
| ၁၁၀။ | ဦးဖိုးညွန့် (ခမည်းတော်ကြီး) | .... | ၁၀ |
| ၁၁၁။ | ကိုထွေး မသိန်း | — | ၂ |
| ၁၁၂။ | ကိုဖိုးမြန် မသန်းကြည် | .... | ၃ |
| ၁၁၃။ | ကိုပေါမောင် မသောင်း | .... | ၂ |
| ၁၁၄။ | ကိုချစ်လှ မသိန်းတင် | .... | ၂ |
| ၁၁၅။ | ကိုမြသွင် မနှင်းကြိုင် | .... | ၂ |
| ၁၁၆။ | ကိုမြချစ် မစပ် မခင်အေး | .... | ၅ |
| | စုစုပေါင်း.... | | ၄၅၅ |

# ဒွန်တဲကုန်းမြောက်ရွာ ကုသိုလ်ရှင်များ

| ဦးရေ | ကုသိုလ်ရှင်အမည် | | ငွေ ကျပ်-ပြား |
|---|---|---|---|
| ၁။ | ဦးစော်ဘွား ဒေါ်ငွေစိန် | .... | ၁၅ |
| ၂။ | ကိုပြေသိန်း မကြည်လှိုင် သားသမီးတစု | | ၂၅ |
| ၃။ | ကိုအောင်ကြည် မလှရှိန် | .... | ၂၅ |
| ၄ | ဒေါ်သုခ | .... | ၁၀ |
| ၅။ | ကိုအောင်ရှိ မမိကြည် | .... | ၁၀ |
| ၆။ | ကိုဌေးဝန် မမှတ်ကြီး | .... | ၁၀ |
| ၇။ | ကိုပေခွေး မမိကြည် | .... | ၁၀ |
| ၈။ | ဦးလုခင် ဒေါ်ဆုမြ | .... | ၁၅ |
| ၉။ | ကိုမြင့်ကြီး မကြည်သန်း | .... | ၅ |
| ၁၀။ | ကိုအောင်ခင် မဌေးကြည် | .... | ၁၀ |
| ၁၁။ | ကိုအောင်သိန်း မချစ်ပိုင် | .... | ၁၀ |
| ၁၂။ | မငွေးလှိုင် | .... | ၅ |
| ၁၃။ | ကိုစပ်ကြီး မအုံးတင် | .... | ၁၀ |
| ၁၄။ | ဦးလှခိုင် ဒေါ်နှင်းလှိုင် | .... | ၁၀ |
| ၁၅။ | ဆရာနီ မစောဘင် | .... | ၁၀ |
| ၁၆။ | ဦးဘလှိုင် မကြည်ငွေ | .... | ၅ |
| ၁၇။ | မောင်ကြည်သောင်း မဌေးကြိုင် | .... | ၂ |
| ၁၈။ | မောင်မြေး မလှဝိုင်း | .... | ၅ |
| ၁၉။ | ဆရာထွန်း မတင်ကြိုင် | .... | ၁၀ |
| ၂၀။ | ဦးဘကျွန် ဒေါ်ငြိမ်းရင် | .... | ၃ |

## ဒွန်ဂဲကုန်းမြောက်ရွာ ကုသိုလ်ရှင်များ

| ဦးရေ | ကုသိုလ်ရှင်အမည် | | ငွေ ကျပ်-ပြား |
|---|---|---|---|
| ၂၁။ | ကိုငြိမ်းမောင် မမြသိန်း | .... | ၃ |
| ၂၂။ | ကိုခင့်သိန်း မအုံးသင် | .... | ၅ |
| ၂၃။ | ကိုသောင်းမောင် မတင်ညွန့် | .... | ၅ |
| ၂၄။ | မောင်သိန်းဟန် | .... | ၅ |
| ၂၅။ | ကိုဘငြိမ်း မခင်မေ | .... | ၅ |
| ၂၆။ | ဦးမိုး ဒေါ်နီတာမ | .... | ၅ |
| ၂၇။ | မောင်ထွန်းအောင် မအမာတင် | .... | ၁၀ |
| ၂၈။ | မောင်ဌေးရွှင် မပြေ့ | .... | ၅ |
| ၂၉။ | ကိုဘရှုန် မစောခိုင် | .... | ၅ |
| ၃၀။ | ကိုသိန်းဆောင် မရွှေအပ် | .... | ၂ |
| ၃၁။ | ကိုတင်မောင် | .... | ၁၀ |
| ၃၂။ | ကိုထွန်းစိန် မလှတင် သားသမီးတစု | .... | ၅ |
| ၃၃။ | ကိုလှတုတ် မငွေအိ | .... | ၂ |
| ၃၄။ | ကိုဘရှင် မစန်းကြည် | .... | ၂ |
| ၃၅။ | ကိုဘိုဌေး မဝင်းကြိုင် | .... | ၂ |
| ၃၆။ | ကိုသိန်းအောင် မတင်ရှိ | .... | ၅ |
| ၃၇။ | ကိုဘဌေး မဌေးတင် | .... | ၂ |
| ၃၈။ | ကိုကျော်ရင် မမိပို | .... | ၂ |
| ၃၉။ | မမြရင် | .... | ၂ |
| | စုစုပေါင်း.... | | ၂၈၇ |

# ထနသ်ာရှာ ကုသိုလ်ရှင်များ

| ဦးရေ | ကုသိုလ်ရှင်အမည် | | ငွေ ကျပ်-ပြား |
|---|---|---|---|
| ၁။ | ကိုဗိုလ် မတင်စိန် သားသမီးတစု | ..... | ၂၀ |
| ၂။ | မောင်ချိတ် | .... | ၂၀ |
| ၃။ | ကိုသန်းမောင် မသိန်းတင် | .... | ၁၀ |
| ၄။ | ကိုဒွေးရှိန် မမာဘီ | .... | ၁၀ |
| ၅။ | ဦးမောင်ကြီး ဒေါ်သင်းလှိုင် | .... | ၁၀ |
| ၆။ | ကိုချစ် မသန်းကြည် | .... | ၁၀ |
| ၇။ | ကိုမှတ်ဘင် မအုံးရီ | .... | ၁၀ |
| ၈။ | မထယ်သမီး မဝင်းစိန် | .... | ၆ |
| ၉။ | မောင်ညိုရောင် မမိမို | .... | ၅ |
| ၁၀။ | ကိုချစ်ထွန်း မခင်အိ | .... | ၅ |
| ၁၁။ | ကိုဘသစ် မကိုးတင် | .... | ၅ |
| ၁၂။ | ကိုဘိုးဆွဲ မသန်းမြင့် | .... | ၅ |
| ၁၃။ | ကိုကြည်သောင်း မသောင်းခင် | .... | ၅ |
| ၁၄။ | ကိုမောင်ကြီးလေး မတင်လှိုင် | .... | ၅ |
| ၁၅။ | ကိုကျော်သန်း မအုံးတင် | .... | ၅ |
| ၁၆။ | ကိုပွေး မမိစံ | .... | ၅ |
| ၁၇။ | ကိုဘကျွဲ ဒေါ်စိန်ညွန့် | .... | ၅ |
| ၁၈။ | ကိုဒွေးဘ မသန်းကြည် | .... | ၅ |
| ၁၉။ | မောင်ကြည်မြင့် မဝင်းစိန် | .... | ၅ |
| ၂၀။ | ကိုအောင် မညွန့်ဘင် | .... | ၅ |
| ၂၁။ | ကိုဘရန် မဆယ်သမီး မဝင်းတင် | .... | ၅ |
| ၂၂။ | မောင်ပြေဒွေး မခင်ဝိုင်း | .... | ၅ |

# ဝေနဿာရွာ ကုသိုလ်ရှင်များ

| ဦးရေ | ကုသိုလ်ရှင်အမည် | | ငွေ ကျပ်-ပြား |
|---|---|---|---|
| ၂၃။ | ကိုပိုက်တင် မဇင်ညို | .... | ၄ |
| ၂၄။ | ကိုညွန့်လှိုင် မတင်ခို | .... | ၄ |
| ၂၅။ | ဒေါ်ရွှေမှို သား-မောင်ချစ်သန်း | .... | ၃ |
| ၂၆။ | ကိုရှောင် မတင်ကြွယ် | .... | ၂ |
| ၂၇။ | ကိုဗိုလ် မငွေမှိုင် | .... | ၅ |
| ၂၈။ | ကိုထွန်းကြည် မကြည်ရွှေ | .... | ၂ |
| ၂၉။ | ကိုဘိုသွင် မပု | .... | ၂ |
| ၃၀။ | ကိုချစ်သောင်း မရောင်းတင် | .... | ၂ |
| ၃၁။ | ကိုထွန်းခင် မခင်ကြီး သားသမီးတစု | .... | ၅ |
| ၃၂။ | ကိုဘဆန်း မခင်ဌွေး | .... | ၁ |
| ၃၃။ | ကိုစံလွန်း မတင်အေး | .... | ၅ |
| ၃၄။ | ကိုဘိုကေ မသောင်းခင် | .... | ၂ |
| ၃၅။ | ကိုကျော်ငွေး မမိဆုံ | .... | ၂ |
| ၃၆။ | ကိုခင်မောင် မငွေးညွန့် | .... | ၂ |
| ၃၇။ | ကိုလှဖေ | .... | ၅ |
| ၃၈။ | ကိုမိုးငွေး မလုံးတင် | .... | ၂ |
| ၃၉။ | မချစ်မြ | .... | ၂ |
| ၄၀။ | ကိုမြသောင်း မခင်နွဲ့ | .... | ၄ |
| ၄၁။ | ကိုဘသိန်း သားသမီးတစု | .... | ၅ |
| ၄၂။ | ဦးပေါ်မှိုင်း | .... | ၂ |
| ၄၃။ | ဒေါ်သန်းကြည် | .... | ၃ |
| | စုစုပေါင်း.... | | ၂၃၀ |

# တဲကြီးရွာ ကုသိုလ်ရှင်များ

| ဦးရေ | ကုသိုလ်ရှင်အမည် | | ငွေ ကျပ်-ပြား |
|---|---|---|---|
| ၁။ | ကိုလှအေး မအုံးတင် သားသမီးတစု | .... | ၂ |
| ၂။ | ကိုကျော်ရင် မမြကြည် | .... | ၂ |
| ၃။ | ကိုချစ်သိန်း မဆောင်းရှင် | .... | ၂ |
| ၄။ | ကိုသန်းဆောင် မဆောင်းတင် | .... | ၂ |
| ၅။ | ကိုသုံ မမြသောင် | .... | ၂ |
| ၆။ | ကိုရွှန် မသိန်းရွှေ | .... | ၅ |
| ၇။ | ဦးညိုဘ ဒေါ်ဂွမ်းဥ | .... | ၅ |
| ၈။ | ဦးရွှေမင်း ဒေါ်သွယ် | .... | ၅ |
| ၉။ | ကိုအောင်သိန်း မတင်မြ | .... | ၅ |
| ၁၀။ | ဦးဘချစ် ဒေါ်မြစ်(ကံကြီးတော) | .... | ၅ |
| ၁၁။ | ကိုဘနှစ် (ကံကြီးတော) | .... | ၂ |
| ၁၂။ | ကိုအေးသောင်း မလှအောင် | .... | ၁ |
| | စုစုပေါင်း.... | | ၃၈ |

## တောင်ကုန်းကျေးရွာ ကုသိုလ်ရှင်များ

| ဦးရေ | ကုသိုလ်ရှင်အမည် | | ငွေ ကျပ်-ပြား |
|---|---|---|---|
| ၁။ | ကိုဘိုးမောင် [illegible] သားသမီးတစု | .... | ၅ |
| ၂။ | ကိုဘငွေ မပိုက်မိ | .... | ၅ |
| ၃။ | ကိုဘိုးစံ မဝင်းစိန် | .... | ၅ |
| ၄။ | ကိုချစ်အောင် မဝင်းအိမ် | .... | ၅ |
| ၅။ | ဒေါ်ဝင်းရှိန် | .... | ၂ |
| ၆။ | ကိုကံရှိ | .... | ၅ |
| ၇။ | ကိုငွေ မပဲ | .... | ၅ |
| ၈။ | ကိုထွန်း မတင်ဦး | .... | ၅ |
| ၉။ | ကိုသိန်းထောင် မကြည်စိန် | .... | ၅ |
| | | စုစုပေါင်း.... | ၄၀ |

## ကူးကောင်းကျေးရွာ ကုသိုလ်ရှင်များ

| ဦးရေ | ကုသိုလ်ရှင်အမည် | | ငွေ ကျပ်-ပြား |
|---|---|---|---|
| ၁။ | ကိုချစ်တင် မအေးကြည်သားသမီးတစု | | ၁၀ |
| ၂။ | မတင်အိ | .... | ၅ |
| ၃။ | ကိုချစ်ကြည် မတင်မြိုင် | .... | ၃ |
| ၄။ | ကိုချစ်ရီ မငွေတင် | .... | ၃ |
| ၅။ | ကိုသိန်းထွန်း မအိမ်တင် | .... | ၂ |
| ၆။ | ကိုတာလှိုင် မနက်(စခမ်းသာရွာ) | .... | ၁၀ |
| | | စုစုပေါင်း.... | ၃၃ |

# နွှေဒပင်ရွှာ ကုသိုလ်ရှင်များ

| ဦးရေ | ကုသိုလ်ရှင်အမည် | | ငွေ ကျပ်-မူး |
|---|---|---|---|
| ၁။ | ကိုခကျော့မောင် မမန်းမိုးသားသမီးတစု | | |
| ၂။ | မလှကျွယ် | .... | ၁၈ |
| ၃။ | မငွေမြိုင် သားသမီးတစု | .... | ၅ |
| ၄။ | ကိုဘမို မဝင်းစီ | .... | ၅ |
| ၅။ | ကိုကြည်သန်း မရှပ်တေး | .... | ၅ |
| ၆။ | ကိုဘိုလေး မအုံးမြ | .... | ၂ |
| ၇။ | ဒေါ်ဖွားတုတ် | .... | ၁ |
| ၈။ | ကိုထွန်းမောင် မညွန့်စိန် | .... | ၂ |
| ၉။ | မထွန်းမီ | .... | ၂ |
| ၁၀။ | ကိုမြမောင် မမြကြည် | .... | ၃ |
| ၁၁။ | မမြညွန့် | .... | ၁ |
| ၁၂။ | ကိုစော မမြဖိ | .... | ၅ |
| ၁၃။ | ကိုသိန်းမောင် မမန်းရီ | .... | ၅ |
| ၁၄။ | ကိုညိုတင် မခင်တုတ် | .... | ၅ |
| ၁၅။ | ဒေါ်ညွန့် သား-မောင်မြင့်သိန်း | .... | ၅ |
| ၁၆။ | ကိုမင်းမောင် မမြမေ | .... | ၅ |
| ၁၇။ | ကိုစံလွယ် မမွေး | .... | ၃ |
| ၁၈။ | ကိုတင်ခွေး | .... | ၂ |
| ၁၉။ | ကိုကျော်သန်း မခို | .... | ၂ |
| ၂၀။ | ကိုနက်ခေါက် မချစ်စိန် | .... | ၃ |
| ၂၁။ | ကိုတောရင် မမန်းစီ | .... | ၃ |
| ၂၂။ | ကိုညွန့်မောင် မဆယ်တင် | .... | ၃ |
| ၂၃။ | ကိုတင်ချော မညွန့်စီ | .... | ၂ |

# နှောပင်ရွာ ကုသိုလ်ရှင်များ

| ဦးရေ | ကုသိုလ်ရှင်အမည် | ငွေ<br>ကျပ်-ပြား |
|---|---|---|
| ၂၄။ | ဒေါ်[illegible]အေးမေ .... | ၂ |
| ၂၅။ | ဦးချစ်ဖို ဒေါ်[illegible]သန့် .... | ၂ |
| ၂၆။ | ကိုစံချယ် မချစ်ပြိုင် .... | ၅ |
| ၂၇။ | ကိုဘို မလုံးတင် .... | ၁ |
| ၂၈။ | ကိုမွတ်ကြိုး မစောမေ့ .... | ၅ |
| ၂၉။ | ကိုတင်ညို မနှင်းပိုင် .... | ၅ |
| ၃၀။ | ကိုတင်လုံး မှအုံးဆိုင် .... | ၅ |
| ၃၁။ | ကိုတင်ပေါ မခင်နွယ် .... | ၁ |
| ၃၂။ | ကိုကျော်ရှင် မလှငွေး .... | ၃ |
| ၃၃။ | ကိုဝေး .... | ၅ |
| ၃၄။ | ကိုမြို့ မမြရီ .... | ၂ |
| ၃၅။ | ဦးစိုးမြင့် ဒေါ်မြရွှေ .... | ၅ |
| ၃၆။ | ကိုဘသိန်း သားသမီးတစု .... | ၅ |
| ၃၇။ | ကိုထွန်းလှိုင် မလေးဖြူ .... | ၁ |
| ၃၈။ | ကိုညိုကြီး .... | ၁ |
| ၃၉။ | ကိုကျွယ်ဦး မညိမ် .... | ၃ |
| ၄၀။ | ကိုသစ်ကြီး မဒေါ် .... | ၅ |
| ၄၁။ | ကိုသန့်ချောင်း မကျော့ .... | ၅ |
| ၄၂။ | ကိုတင်ထွန်း မခင်ရီ(ဆရာ-ဆဲရာမ) .... | ၅ |
| ၄၃။ | ဒေါ်ကောင်းရင် .... | ၃ |
| ၄၄။ | ကိုသန်းအောင် မခင်ပု .... | ၂ |
| ၄၅။ | ကိုသိန်း မမြစီ .... | ၂ |
| ၄၆။ | ကိုသိန်းအောင် မခင်တင့် .... | ၂ |

# နှောပင်ရွာ ကုသိုလ်ရှင်များ

| ဦးရေ | ကုသိုလ်ရှင်အမည် | | ငွေ ကျပ်-ပြား |
|---|---|---|---|
| ၄၇။ | ကိုဓဒါန မစောကြိုင် | .... | ၁ |
| ၄၈။ | ကိုအောင်သိန်း မလှည့်နွဲ့ | .... | ၂ |
| ၄၉။ | ဦးဖိုးတုပ် | .... | ၁ |
| ၅၀။ | ကိုဘိုးရီ မဉမ္မာ | .... | ၂ |
| ၅၁။ | ဒေါ်အုံးရင် | .... | ၁၀ |
| ၅၂။ | ကိုငွေမောင် မအေးညွန့် | .... | ၃ |
| ၅၃။ | ကိုဘိုးစပ် မရွှေကို | .... | ၂ |
| ၅၄။ | ကိုကိုးရ မတင်ရှိန် | .... | ၂ |
| ၅၅။ | ကိုခက် မသန်းမွှင် | .... | ၂ |
| ၅၆။ | ကိုခင်မောင်သန်း မသန်းအေး | .... | ၃ |
| ၅၇။ | ကိုကျော်ဒင် မငွေစိန် | .... | ၅ |
| ၅၈။ | ကိုသောင်း မအေးကြည် | .... | ၁ |
| ၅၉။ | ကိုသန်းမောင် မသိန်းကျွယ် | .... | ၂ |
| ၆၀။ | ကိုဘငွေ မသိန်းနွယ် | .... | ၂ |
| ၆၁။ | ကိုချစ်ကြည် မနက် | .... | ၁ |
| ၆၂။ | မသန်း | .... | ၂ |
| ၆၃။ | ကိုပေါ်ထင် မဖြူ | .... | ၂ |
| ၆၄။ | ကိုသန်းပို | .... | ၅ |
| ၆၅။ | ကိုလေးသောင် မခင်မေ | .... | ၁၀ |
| ၆၆။ | ဒေါ်ရွှန် | .... | ၁ |
| ၆၇။ | ကိုစီ မစောတင် | .... | ၂ |
| ၆၈။ | ဒေါ်အေး | .... | ၂ |
| ၆၉။ | ကိုကျော်မောင် မမန်းရီ | .... | ၁၀ |

# နွေဘပင်ရွာ ကုသိုလ်ရှင်များ

| ဦးရေ | ကုသိုလ်ရှင်အမည် | | ငွေ ကျပ် | ပြား |
|---|---|---|---|---|
| ၇[illegible] | [illegible] မဖြူစပ် | .... | ၂ | |
| ၇၁။ | မခင်စီ | .... | ၂ | |
| ၇၂။ | ကိုချစ်တီး မဦး | .... | ၅ | |
| ၇၃။ | ကိုသိန်းမောင် မသန်းရင် သားသမီးတစု | | ၅ | |
| ၇၄။ | ကိုချစ်လွင် မသိန်းတင် | .... | ၃ | |
| ၇၅။ | ကိုဘရှိန် မသိန်းမေ | .... | ၃ | |
| ၇၆။ | ကိုရွှေခင် မခင်ကြည် | .... | ၂ | |
| ၇၇။ | ကိုငွေအောင် မရင် | .... | ၅ | |
| ၇၈။ | ကိုငွေခင် မဘင်အေး | .... | ၅ | |
| ၇၉။ | ကိုပြူး မစောကြည် | .... | ၁၅ | |
| ၈၀။ | ကိုမုံး | .... | ၄ | |
| ၈၁။ | ဦးပြေသိန်း ဒေါ်တင်မိ | .... | ၁ | |
| ၈၂။ | ဦးထွန်းလှ ဒေါ်ရွှေလိှမ့် | .... | ၁ | |
| ၈၃။ | ကိုဘသက် မလှထွေး | .... | ၁ | |
| ၈၄။ | ကိုစံရှိန် မပေါ်ကြိုင် | .... | — | ၅၀ |
| ၈၅။ | နွေဘပင်ရွာမှ မသိကွဲလှူငွေ | .... | ၄၀ | |
| | စုစုပေါင်း လှူငွေ.... | | ၃၁၁ | ၅၀ |

မှတ်ချက်။ ။နွေဘပင်ရွာမှ ကုသိုလ်ရှင် အမည်မပါသောပုဂ္ဂိုလ်များသည် နောက်မှ လှူဒါန်းကြပါသောကြောင့် ကုသိုလ်ရှင် အမည်အားလုံးကို မသိရသည့်အတွက် ''မသိကွဲလှူငွေ''အဖြစ် စာရင်းတင်ပြပါသည်။

မဟာဝိဇ္ဇာစာပုံနှိပ်တိုက်၊
အမှတ် - ၂၁၄၊ လမ်း - ၃၀၊ ရန်ကုန်မြို့။